# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အကျိုးထူးတရားလေးပါး**

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၄ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၉ ရက် | ၂၀၂၂ ခုနှစ်၊ ဧပြီ ၂၄ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၁)၊ အမှတ် (၂၀၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။


၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း မြင့်တက်လာမှုနှင့်အတူ ကော့သောင်းမြို့၌ အပူဒဏ်သိသာစွာခံစားလာရဟုဆို



မြန်မာပြည်တောင်ဘက်စွန်းရှိ ကော့သောင်းမြို့ တစ်နေရာကို တွေ့ရစဉ်။

**ကော့သောင်း ဧပြီ ၂၃**

အီကွေတာနှင့် နီးကပ်စွာ တည်ရှိသည့် မြန်မာပြည်တောင်ဘက်စွန်း ကော့သောင်းမြို့တွင် ခရမ်းလွန်ရောင်ခြည်မြင့်တက် လာမှုများကြောင့် ဧပြီလ တတိယပတ်အတွင်းမှစ၍ ယခင်နှစ်များနှင့်မတူဘဲ လွန်ကဲသည့် အပူဒဏ်ကို ပိုမိုခံစားလာနေရကြောင်း မြို့ခံပြည်သူများထံမှ သိရသည်။

ခရမ်းလွန်ရောင်ခြည် အညွှန်းကိန်း 8 ၏ အထက်ကို ကျော်လွန်လာပါက လူသားများအတွက် ကျန်းမာရေးအန္တရာယ်များ ဖြစ်သည့် အသားနေလောင်ခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း၊ မျက်စိအမြင်အာရုံထိခိုက်ခြင်း၊ DNA များ ထိခိုက်မှုကြောင့် သားသမီးမရနိုင်ခြင်း


*စာမျက်နှာ ၃ ကော်လံ ၁*❖



**ယနေ့** ဖတ်စရာ

**ယခုလာမည့်စာသင်နှစ်တွင် Grade-5၊ Grade-8 နှင့် Grade-11 သင်ရိုးသစ်တန်းများ ဖွင့်လှစ်သွားမည်**

ပြည်တွင်းသတင်း

စာမျက်နှာ ၄

**(၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ ပုလဲအတွဲပေါင်း ၂၂၀ ရောင်းချရ**

ပြည်တွင်းသတင်း

စာမျက်နှာ ၅



**မြေဆီလွှာနှင့် အပင်အကျိုးပြု ဒိုချက်ကင်မြေသြဇာ ကိုယ်တိုင်ပြုလုပ်သုံးစွဲနည်း**

စိုက်၊ မွေး၊ စီးပွားအထူးကဏ္ဍ

စာမျက်နှာ ၂၀







မြန်မာ့အလင်း

# နွေနေ့လယ်ခင်းအန္တရာယ် နှစ်ရပ်

နွေလယ်ကာလဖြစ်သည့်အတွက် အချို့ဒေသများတွင် နေ့အပူချိန်များ မြင့်မားလျက်ရှိရာ သက်ကြီးရွယ်အိုများ၊ ကလေးငယ်များနှင့် သွေးတိုး၊ ဆီးချို၊ နှလုံး စသည့်ရောဂါအခံရှိသူများ အပူဒဏ်ကြောင့် အန္တရာယ်မကျရောက်စေရန် ဂရုပြုကြရမည်ဖြစ်သည်။ ရာသီဥတု ပူပြင်းမှုကြောင့် ချွေးထွက်လွန်ကာ ခန္ဓာကိုယ်ရေဓာတ်နှင့် ဓာတ်ဆားတို့ ဆုံးရှုံးမှုများပြားပြီး ပင်ပန်းနွမ်းနယ်မှုနှင့် မူးမော်ခြင်း၊ ပိုမိုပြင်းထန်လာသည့်အခါ အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke) တို့အထိ ခံစားရနိုင်သည့်အတွက် ဥတုသပ္ပါယ မျှတအောင် နေထိုင်ကြရန်လိုသည်။

နေ့လယ်နေ့ခင်း အပူရှိန်မြင့်မားနေချိန်တွင် အရိပ်ရအေးမြပြီး လေဝင်လေထွက်ကောင်းသည့် နေရာတွင် အနားယူခြင်း၊ ပွပွချောင်ချောင် ချည်ထည်အဝတ်အစားများကို ဝတ်ခြင်း၊ ရေကို လုံလောက်အောင်သောက်ခြင်းဖြင့် အပူဒဏ်မှ သက်သာစေမည်ဖြစ်ပြီး အပူချိန်မြင့်မားချိန်တွင် ပင်ပန်းစွာ အလုပ်လုပ်ကိုင်ခြင်း၊ ပြင်ပ၌သွားလာခြင်း၊ အရက်သေစာသောက်စားခြင်း၊ နေပူထဲတွင် သွားလာပြီး ချက်ချင်းရေချိုးခြင်း စသည့်အပူဒဏ်ကြောင့် အန္တရာယ်ကျနိုင်သည့် အပြုအမူများကို ရှောင်ရှားကြရမည်ဖြစ်သည်။

နွေရာသီတွင် ဂရုပြုရမည့် သဘာဝဘေးအန္တရာယ်တစ်ရပ်မှာ ခရမ်းလွန်ရောင်ခြည် ဖြစ်သည်။ ခရမ်းလွန်ရောင်ခြည်သည် လူ့ခန္ဓာကိုယ်အရေပြားပေါ်သို့ သင့်တင့်မျှတစွာ ကျရောက်ခြင်းက ဗီတာမင်ဒီကို ရရှိစေသည့်အတွက် သွေးတွင်းကယ်လ်စီယမ်ဓာတ်ကို ကြွယ်ဝစေပြီး အာရုံကြောနှင့် ကြွက်သားကလာပ်စည်းများကို အားကောင်းစေသည်။ ကလေးများတွင် အရိုးပျော့ရောဂါကို ကာကွယ်ပေးနိုင်သည့် ကောင်းကျိုးများကို ရရှိစေသည်။ သို့ရာတွင် ခရမ်းလွန်ရောင်ခြည် လွန်ကဲစွာကျရောက်ပါက ကျန်းမာရေးအတွက် ဆိုးကျိုးများကို ဖြစ်ပေါ်စေသည့်အတွက် ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်းများ တိုင်းတာထုတ်ပြန်ပြီး သတိပေးလေ့ရှိသည်။

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း(UV Index) များအလိုက် ဖြစ်ပေါ်နိုင်သည့် ဆိုးကျိုးသက်ရောက်မှုများမှာ–UV Index 3 နှင့်အောက်တွင် နေပူထဲ၌ အကာအကွယ်မဲ့သွားလာသော်လည်း အန္တရာယ်မရှိ။ UV Index 3 မှ 6 အတွင်း ထီး၊ ဦးထုပ် အကာအကွယ်ဖြင့် နေရောင်ခြည်ထဲတွင် သွားလာသင့်။ UV Index 6 မှ 9 အထိ အရေပြားနှင့် မျက်စိတို့ကို နေရောင်နှင့် တိုက်ရိုက်မထိတွေ့စေသင့်။ ထီး၊ ဦးထုပ်၊ နေကာမျက်မှန်တို့ တပ်ဆင်ပြီးမှ နေရောင်ထဲသို့ သွားလာသင့်ပြီး နေရောင်ဒဏ်ခံလိမ်းဆေးများကို လိမ်းသင့်သည်။ UV Index 10 မှ 11 (+)တွင်မူ နေရောင်နှင့် ထိတွေ့ချိန်ကြာမြင့်ပါက အရေပြားနှင့် မျက်စိကျန်းမာရေးဆိုင်ရာ ပြဿနာများ ဖြစ်ပေါ်နိုင်ခြင်းကြောင့် အရိပ်ထဲတွင်သာနေသင့်ပြီး မဖြစ်မနေ ပြင်ပထွက်သွားလာရမည်ဆိုပါက ခန္ဓာကိုယ်အရေပြားနှင့် မျက်စိတို့ကို နေရောင်ခြည် တိုက်ရိုက်မထိတွေ့စေရန် ကာကွယ်ဝတ်ဆင်ရန်နှင့် နေရောင်ခြည်ဒဏ်ခံလိမ်းဆေးများ လိမ်းရန်တို့ကို ပညာရှင်များက လမ်းညွှန်ထားသည်။ ခရမ်းလွန်ရောင်ခြည်ထိတွေ့မှု ကြာမြင့်လာပါက မျက်စိတိမ်စွဲခြင်း၊ အရေပြားများ အရွယ်မတိုင်မီ အိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းခြင်းနှင့် အရေပြားကင်ဆာဖြစ်ခြင်း စသည့်ဆိုးကျိုးများ ဖြစ်ပေါ်နိုင်သည်။

နွေနေ့ခင်းအပူရှိန်မြင့်မားချိန် အပူဒဏ်အန္တရာယ်နှင့် ခရမ်းလွန်ရောင်ခြည်အန္တရာယ်တို့ကို ကလေးများ၊ သက်ကြီးဘိုးဘွားများ၊ အရက်အလွန်အကျွံသောက်သူများ၊ သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါအခံရှိသူများက ပို၍ထိခိုက်ခံစားနိုင်ကြခြင်းကြောင့် ၎င်းတို့အား ပို၍ဂရုစိုက်ပေးရန်လိုအပ်သည်။ ကျန်းမာရေးအသိလူတိုင်းတွင်ရှိပြီး ဥဒဏ်အမြော်အမြင်ပြည့်ဝစွာဖြင့် ပြုမူနေထိုင်ခြင်း၊ မိမိတို့၏ မိသားစုကို စောင့်ရှောက်ခြင်းအားဖြင့် ကျန်းမာသော လူမှုဘဝကိုရရှိကာ ပျော်ရွှင်ချမ်းမြေ့နိုင်ကြပါစေကြောင်း။ ။

## မိဘပြည်သူများသို့ အသိပေးကြေညာခြင်း

အသက် (၁၆) နှစ်နှင့်အထက် အကျုံးဝင်သူများအား ဥပဒေအရ ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုး ထုတ်ပေးရေးအတွက် **"ပန်းခင်း"**စီမံချက်ဖြင့် ရုံးတွင် ဆောင်ရွက်ပေးခြင်း၊ ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့်နေရာများတွင် တစ်အိမ်တက်ဆင်းဆောင်ရွက်ပေးခြင်းများကို (၃-၅-၂၀၂၁)မှ(၃-၁၁-၂၀၂၂) နေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် နေ့စဉ်ရက်ဆက် ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ လိုအပ်ချက်အရ ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင်လည်းကောင်း၊ တည်းခိုနေထိုင်ရာ နေရာများတွင် လည်းကောင်း၊ နိုင်ငံသားကတ် (မှတ်ပုံတင်)ပြသဆောင်ရွက်ရသည့် လုပ်ငန်းများတွင်လည်းကောင်း တရားဝင်ထုတ်ပေးထားသော နိုင်ငံသားကတ် (မှတ်ပုံတင်)ကို (၁-၄-၂၀၂၂) နေ့ (၆:၀၀) နာရီမှစ၍ ပြသစစ်ဆေးခံရမည်ဖြစ်ပါသည်။

နေ့စဉ်ရက်ဆက်ဆောင်ရွက်ပေးနေမှုကြောင့် နိုင်ငံသားကတ် (မှတ်ပုံတင်) အစား ထောက်ခံစာများကို ပြသ၍ ခရီးသွားလာခြင်း၊ အစစ်ဆေးခံခြင်းများအား ခွင့်ပြုတော့မည်မဟုတ်ပါ။

နိုင်ငံသားကတ်(မှတ်ပုံတင်)အတု ကိုင်ဆောင်ခြင်းနှင့် ကတ်အပိုထားရှိကိုင်ဆောင်ခြင်းများသည် တည်ဆဲဥပဒေများအရ ပြစ်မှုမြောက်ပါကြောင်း အသိပေးအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

## မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် မင်္ဂလာစံပြရုပ်ရှင်ရုံ(မကွေး)တွင် ရုပ်ရှင်ပြသနေမှု ကြည့်ရှုအားပေး







**မကွေး ဧပြီ ၂၃**

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ရုပ်ရှင်ရုံများအား မြန်မာနှစ်ဆန်း ၁ ရက်မှစတင်၍ ရုပ်ရှင်များ ပြန်လည်ပြသလျက်ရှိရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယနေ့ မွန်းတည့် ၁၂ နာရီက မင်္ဂလာစံပြရုပ်ရှင်ရုံ(မကွေး) တွင် ရုပ်ရှင်ပြသနေမှုကို ကြည့်ရှုအားပေးသည်။

မင်္ဂလာစံပြရုပ်ရှင်ရုံ(မကွေး)သို့ ရောက်ရှိစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ မင်္ဂလာစံပြရုပ်ရှင်ရုံ (မကွေး) တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများနှင့်အညီ ရုပ်ရှင်ပြသနေမှု၊ ရုပ်ရှင် လာရောက်ကြည့်ရှုကြသည့် ပြည်သူများအား ရုံအဝင်တွင် ကိုယ်အပူချိန်တိုင်းစက်ဖြင့် တိုင်းတာခြင်း၊ လက်သန့်ဆေးရည်များ စီစဉ်ထားခြင်း၊ ပြည်သူများ ရုပ်ရှင်ကြည့်ရာတွင် စိတ်အေးချမ်းစွာ ကြည့်ရှုနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိရေးတို့ကို မှာကြားပြီး မင်္ဂလာစံပြရုပ်ရှင်ရုံ (မကွေး) တွင် ရုံတင်ပြသလျက်ရှိသည့် "ဝေးမနေချင်ဘူး" မြန်မာရုပ်ရှင်အား ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

မကွေးမြို့ မင်္ဂလာစံပြရုပ်ရှင်ရုံ (မကွေး) တွင် မြန်မာနှစ်ဆန်း ၁ ရက်မှစတင်၍ ရုပ်ရှင်များ ပြန်လည်ပြသလျက်ရှိကာ ဧပြီ ၂၂ ရက်မှ ၂၈ ရက်အထိ မွန်းတည့် ၁၂ နာရီတွင် "ဝေးမနေချင်ဘူး" မြန်မာရုပ်ရှင်၊ မွန်းလွဲ ၃ နာရီတွင် Pee Nak 3 ထိုင်းရုပ်ရှင်နှင့် ညနေ ၆ နာရီတွင် Beast အိန္ဒိယ ရုပ်ရှင်တို့ကို ရုံတင်ပြသသွားမည်ဖြစ်ပြီး ရုပ်ရှင်ချစ်သူပြည်သူများအနေဖြင့် အပန်းဖြေလာရောက်ကြည့်ရှုနိုင်ကြောင်းနှင့် ရုံဝင်ခနှုန်းထားများအနေဖြင့် တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၊ ၂၀၀၀၊ ၂၅၀၀၊ ၃၀၀၀ နှင့် ၃၅၀၀ အသီးသီး သတ်မှတ်ထားကြောင်း သိရသည်။

**မောင်ညီညာ**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဧပြီ ၂၃**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို ရေကြောင်း၊ ဆိပ်ကမ်းနှင့် နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ဧပြီ ၂၃ ရက်တွင် ရန်ကုန်ဆိပ်ကမ်းများမှ ဆေးဝါးမျိုးစုံ ၁၃ မျိုး စုစုပေါင်း ၂၂၄၄ ဒသမ ၀၀ Kg ၊ နယ်စပ်(ချင်းရွှေဟော်)တွင် ကုမ္ပဏီနှစ်ခုမှ Digital Blood Pressure Monitor ၆၅၀၊ Glucose Injection ၁၀၈၀၀၊ Paracetamol Tablet ၃၉၈၀၀၊ Scalp Vein Set ၆၅၂၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## သီပေါ သီတဂူစက္ခုဒါနဆေးရုံ ခွဲစိတ်ကုသမှု ပြန်လည်ဖွင့်လှစ်မည်

**သီပေါ ဧပြီ ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် သီတဂူစက္ခုဒါန အခမဲ့ကုသရေးဆေးရုံကြီးကို ကိုဗစ်-၁၉ ကာလအတွင်း လပေါင်းများစွာ ခွဲစိတ်ကုသမှုလုပ်ငန်းများ ရပ်ဆိုင်းထားရာမှ ပြန်လည်ကုသပေးနိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲပိုင်းက မဟာမြတ်မုနိဘုရားကြီး စက္ခုဒါနဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ သီတဂူစက္ခုဒါနဆေးရုံဝိုင်းတော်သားများ၊ ပရဟိတစေတနာရှင်လူငယ်များ၊ ရေကြည်တော်ဝတ်အသင်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ မဟာမြတ်မုနိဘုရားကြီးကျောင်းတိုက်နှင့် သီတဂူ(သီပေါ)စက္ခုဒါနဆေးရုံတော်ကြီး၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ပညာသီရိအရှင်သူမြတ်ထံမှ ငါးပါးသီလနှင့် ဩဝါဒခံယူကြသည်။

လာမည့် မေ ၂၄ ရက်တွင် မျက်စိရောဂါစတင်စစ်ဆေး ပြီး မေ ၂၅၊ ၂၆ နှင့် ၂၇ ရက်တို့တွင် ခွဲစိတ်ကုသပေးမည်ဖြစ်သဖြင့် ရပ်နီးရပ်ဝေးမှ မျက်စိဝေဒနာရှင်များ မေ ၂၄ ရက်တွင် သီတဂူစက္ခုဒါနဆေးရုံကြီးသို့ အရောက်လာကြရန်နှင့် စာရင်းများ ကြိုတင်ပေးသွင်းကြရန် သီတဂူဆေးရုံ တာဝန်ခံဆရာတော်က မိန့်ကြားသည်။

မျက်စိဝေဒနာရှင်များ အခမဲ့ကုသပေးနိုင်ရေးအတွက် စေတနာရှင်များအနေဖြင့် ကုသိုလ်ဒါနပါဝင်လှူဒါန်းလိုပါက သီတဂူစက္ခုဒါနဆေးရုံ တာဝန်ခံဆရာတော် အရှင်ပညာသီရိ ဖုန်း ၀၉-၅၂၇၈၁၇၃ ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် ဧပြီ ၂၃**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

**မိုး/ဇလ**

# နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၂၁-ခုနှစ် သားကောင်းတမန်မဂ္ဂဇင်း ထုတ်ဝေ



**ရန်ကုန် ဧပြီ ၂၃**

နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၂၁-ခုနှစ် နှစ်ပတ်လည်မဂ္ဂဇင်းဖြစ်သော သားကောင်းတမန် မဂ္ဂဇင်း ထုတ်ဝေခြင်းအခမ်းအနားကို ယနေ့နံက် ၁၁ နာရီက ရန်ကုန်မြို့ နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ၂၀၂၁-ခုနှစ်၏ သားကောင်းတမန် မဂ္ဂဇင်းထုတ်ဝေရေးကော်မတီဝင်များ၊ စာမူရှင်များ၊ ကြော်ငြာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က အမှာစကားပြောကြားပြီး (ဝဲပုံ) စာမူရှင်များကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်ဆွေ(အငြိမ်းစား)က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန၏ နှစ်ပတ်လည်မဂ္ဂဇင်းများကို ၁၉၉၇-ခုနှစ်မှ စတင်ထုတ်ဝေခဲ့ခြင်းဖြစ်ပြီး ယခုထုတ်ဝေသော ၂၀၂၁-ခုနှစ် သားကောင်းတမန် မဂ္ဂဇင်းသည် (၂၃) ကြိမ်မြောက် ထုတ်ဝေသော စာအုပ်ဖြစ်၍ ထိုမဂ္ဂဇင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဝါရင့်သံတမန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ လက်ရှိတာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် ပြင်ပစာမူရှင်များက ၎င်းတို့ကြုံတွေ့ဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံဗဟုသုတများ၊ သံတမန်ရေးရာနှင့် နိုင်ငံတကာရေးရာများကို မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာတို့ဖြင့် သုတ၊ ရသ စုံလင်စွာ ရေးသားထားကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော် ဒက္ခိဏခရိုင်အတွင်းရှိ လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဧပြီ ၂၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင်အတွင်း ဧပြီ ၂၀ ရက်က ဖြစ်ပွားခဲ့သည့် မိုးသက်လေပြင်းဘေးကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် နေအိမ်များနှင့် လေပြင်းသင့် ပြည်သူများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ရိက္ခာ၊ အိမ်ဆောက် ပစ္စည်းတန်ဖိုးနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် လယ်ဝေးမြို့ အားကစားလေ့ကျင့်ရေးစခန်းအမှတ်(၂)၌ ကျင်းပရာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်၊ နေပြည်တော် ကောင်စီဝင်များ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက နေပြည်တော်ကောင်စီနယ်မြေအတွင်း လေပြင်းဘေး၊ ရေဘေး၊ ငလျင်ဘေး၊ မီးဘေး၊ ကမ်းပြိုဘေးနှင့် မိုးကြိုးဘေး အန္တရာယ်တို့ကို နှစ်စဉ်ကြုံတွေ့ခံစားနေရကြောင်း၊ လေပြင်းဘေးသည် နေပြည်တော်အတွင်း အဖြစ်အများဆုံး ဘေးအန္တရာယ်တစ်ခုဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီအနေဖြင့် သဘာဝဘေး ရင်ဆိုင်တုံ့ပြန်နိုင်ရေး သဘာဝဘေးလုပ်ငန်း အစီအမံများ ရေးဆွဲဆောင်ရွက်ထားပြီးဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီနယ်မြေ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန တိုင်းဦးစီးမှူးက လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများ ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။



ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဒက္ခိဏခရိုင်အတွင်းရှိ လေဘေးသင့် ပြည်သူများအတွက် ထောက်ပံ့ငွေများ ပေးအပ်ရာ ဒက္ခိဏခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လက်ခံရယူသည်။ **(အပေါ်ပုံ)**

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်၊ ဦးမြင့်စိုးနှင့် နေပြည်တော် တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကျော်စိုးဦးတို့က လေဘေးသင့် ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌသည် မိုးသက်လေပြင်းဘေးကြောင့် ပျက်စီးခဲ့သည့် လယ်ဝေးမြို့နယ် သော်မှော်ကုန်းအုပ်စု အောင်စေတနာကျေးရွာသို့ ရောက်ရှိပြီး လေဘေးသင့်ပြည်သူများကို အားပေးစကားပြောကြားသည်။

ဧပြီ ၂၀ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ပြည်ထောင်စုနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်တို့တွင် ပြိုလဲနေအိမ် ၁၅၆ လုံး၊ အမိုးလန်နေအိမ် ၈၈၃လုံး စုစုပေါင်း လူနေအိမ် ၁၀၃၉ လုံးနှင့် ဘုန်းတော်ကြီးကျောင်း ရှစ်ကျောင်း ပျက်စီးခဲ့သည်။ ထို့ကြောင့် ပြိုလဲနေအိမ်တစ်လုံးလျှင် ငွေကျပ် ၄၉၀၃၉ တန်ဖိုးရှိပစ္စည်း ၁၇ မျိုးပါ ထောက်ပံ့ပစ္စည်းပုံး ၁၅၆ပုံး၊ လူဦးရေ ၄၃၉၅ ဦးအတွက် ဆန်ရိက္ခာ တန်ဖိုးငွေကျပ် ၉၂၃၃၇၀၀ ၊ အိမ်ထောင်စု ၁၀၃၉ စုအတွက် အိမ်ဆောက်ပစ္စည်း တန်ဖိုး ငွေကျပ် ၄၁၈၇၁၁၀၀နှင့် ထိခိုက်ဒဏ်ရာရရှိသူ နှစ်ဦးအတွက် ထောက်ပံ့ ငွေကျပ်တစ်သိန်း၊ ဘုန်းတော်ကြီးကျောင်း ရှစ်ကျောင်းအတွက် ဆောက်လုပ်ရေးပစ္စည်းတန်ဖိုး ထောက်ပံ့ငွေကျပ် ၄၉၀၀၀၀ စုစုပေါင်း ငွေကျပ် ၅၉၃၄၄၄၁၆ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

စသည့် အန္တရာယ်များကျရောက်နိုင်သဖြင့် ကြိုတင်ကာကွယ်မှုနှိုးဆော်ချက်များအဖြစ် နေပူအတွင်း နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ သွားလာခြင်းအား ရှောင်ကျဉ်ရေး၊ ပြည်သူများ စားဝတ်နေရေးအလို့ငှာ နေရောင်ခြည်အတွင်း သွားလာရမည်ဆိုပါက SPF 15+ နေရောင်ခြည်ကာကွယ်လိမ်းဆေးများ အသုံးပြုသွားလာကြရေး၊ ခန္ဓာကိုယ်အား လုံခြုံသည့် အဝတ်အစား၊ ဦးထုပ်၊ ထီး စသည်များဖြင့် ကာကွယ်သွားလာကြရေး၊ ခရမ်းလွန်ရောင်ခြည်အား ၉၉ ရာခိုင်နှုန်းအထိကာကွယ်ပေးနိုင်သည့် နေကာမျက်မှန်များ တပ်ဆင်သွားလာကြရေး၊ ကလေးငယ်များမှာ လူကြီးများထက် ခရမ်းလွန်ရောင်ခြည်ဆိုးကျိုးကို ပိုမိုထိခိုက်ခံစားရနိုင်သဖြင့် ကလေးငယ်များအား သတိပြုထိန်းကျောင်းကြရေး ဒေသတာဝန်ရှိအဖွဲ့အစည်းများနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဌာနမှ မြို့နေပြည်သူများသို့ ကျယ်ကျယ်ပြန့်ပြန့် အသိပေးနှိုးဆော်ထားကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ပြင်ဦးလွင်မြို့နယ်၌ ရှေးဦးသူနာပြုစုနည်းသင်တန်း ဖွင့်လှစ်ပို့ချ

**ပြင်ဦးလွင် ဧပြီ ၂၃**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ် ကြက်ခြေနီအသင်းတို့ ပူးပေါင်း၍ ရှေးဦးသူနာပြုစုနည်းသင်တန်းကို ဧပြီ ၂၀ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပရာ တာဝန်ရှိသူများ၊ သင်တန်းနည်းပြ ဆရာများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေး၏ အဖွဲ့ဝင် ဦးသောင်းမြင့်သိန်းက သင်တန်းဖွင့် အမှာစကားပြောကြားပြီး ပြင်ဦးလွင်ခရိုင်



ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ငုချိုချိုကျော်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး မြို့နယ် ကြက်ခြေနီအသင်းမှ မြို့နယ်တပ်ဖွဲ့မှူး ဒေါ်အေးအေးဖြိုးက ကြက်ခြေနီအသင်း၏ အခြေခံမူများ၊ စောင့်ထိန်းလိုက်နာသင့်သည့် စည်းမျဉ်းစည်းကမ်းများ၊ သင်တန်းတက်ရောက်ရခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ကြက်ခြေနီအသင်းမှ ဒုတိယမြို့နယ်တပ်ဖွဲ့မှူးက ရှေးဦးသူနာပြုစုနည်းဆိုင်ရာ လုပ်ငန်းအတွေ့အကြုံများနှင့် အရေးပေါ် ရှေးဦးသူနာပြုစုနည်းများကို စာတွေ့/လက်တွေ့ သင်ကြားပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# မြောက်ဦးဒေသ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ရောက်ရေး အကြိုလုပ်ရှားမှု အနဿရတနာမြေ - မြောက်ဦးဓာတ်ပုံပြပွဲ ဖွင့်လှစ်

**စစ်တွေ မေ ၂၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ရခိုင်ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် မြောက်ဦးမြို့ အောင်မင်္ဂလာ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပြီး နိုင်ငံတော် ဩဝါဒါစရိယ ဆရာတော် အဘိဇ မဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တ ပညာသာမိ အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သာသနာရေးဆိုင်ရာကိစ္စများ လျှောက်ထားသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အံတော်သိမ်ပုထိုးတော်ကြီး၊ ဓမ္မသာလဆောင်၌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ကြီးမှူးကျင်းပသည့် အနဿရတနာမြေ - မြောက်ဦး ဓာတ်ပုံပြပွဲ အခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်သည်။

ဓာတ်ပုံပြပွဲအခမ်းအနားဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေး အဆိုပြု စာတွဲ အပြည့်အစုံကို ကမ္ဘာ့အမွေအနှစ်ကော်မတီသို့ အချိန်မီပေးပို့ခဲ့ပြီးဖြစ်ကြောင်း၊ အနဿရတနာမြေ - မြောက်ဦး ဓာတ်ပုံပြပွဲကို ပထမအကြိမ် ကျင်းပခြင်းဖြစ်ပြီး စစ်တွေ၊ သံတွဲ၊ ရန်ကုန်၊ နေပြည်တော်၊ မန္တလေးနှင့် ပုဂံမြို့တို့တွင် ဆောင်ရွက်ရန်လျာထားသည်ဟု သိရကြောင်း၊ အနဿရတနာမြေ - မြောက်ဦး ဓာတ်ပုံပြပွဲတွင် မြောက်ဦးဒေသခံ ဓာတ်ပုံပညာရှင်များက ဓာတ်ပုံ ၁၂၀ ကို ခင်းကျင်းပြသသွားမည်ဟု သိရကြောင်း၊ မြောက်ဦး ယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံရခြင်းဖြင့် မြောက်ဦးမြို့သာမက ရခိုင်ပြည်နယ်ရှိ ဒေသခံများ၏ အလုပ်အကိုင် အခွင့်အလမ်းများ၊ ဝင်ငွေများ ပိုမိုရရှိလာနိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝများပါ တစ်ဆက်တည်း ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီးက အနဿရတနာမြေ - မြောက်ဦး ဓာတ်ပုံပြပွဲနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အနဿရတနာမြေ - မြောက်ဦး ဓာတ်ပုံပြပွဲတွင် ပြသထားသော ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုပြီး**(အပေါ်ဝဲပုံ)** အံတော်သိမ်ဘုရား၊ ချိန်ကိုက်ပိဋကတ်တိုက်နှင့် လောင်ပွန်းပြောက်စေတီများအား ဖူးမြော်ကြည်ညိုပြီး ရှားပါးအနုပညာလက်ရာများကို သဘာဝနှင့် လူတို့ပယောဂကြောင့် မပျောက်ပျက်မ ဆုံးရှုံးစေရေး စနစ်တကျ ကာကွယ်ထိန်းသိမ်းရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြောက်ဦးနန်းတော်၊ မြောက်ဦးရှေးဟောင်း သုတေသနပြတိုက်ခင်းကျင်းထားမှု၊ စစ်တွေမြို့ရှိ ယဉ်ကျေးမှုပြတိုက်၊ ဗုဒ္ဓပြတိုက်၊ လောကာနန္ဒာဘုရား ဘက်စုံပြုပြင် မွမ်းမံနေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကာ လောကာနန္ဒာဘုရား ဘက်စုံပြုပြင်နိုင်ရန်နှင့် ဗုဒ္ဓပြတိုက်ရှိ စကြာ်မုနိ ရုပ်ပွားတော်မြတ်အတွက် လှူဒါန်းငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဝေါမြို့နယ်နှင့် ဒိုက်ဦးမြို့နယ်များရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

ဝေါ မေ ၂၃

**ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ဝေါ-ကြာလဟာ-ဦးမိုးစုလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းနှင့် ဝေါမြို့နယ် ညောင်ခါးရှည် လုံခြုံရေးနှင့်စစ်ဆေးရေးစခန်းကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်တွေ့ဆုံရာ နွေစပါးတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ဆီထွက်သီးနှံ(နေကြာ) တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပြေီလကုန်အပြီး ရာနှုန်းပြည့် ထိုးနှံနိုင်ရေးနှင့် နိုင်(၄)စာရင်းများ Server ထဲသို့ မေလအကုန်အပြီး ထည့်သွင်းနိုင်ရေး၊ တစ်လလျှင် ကျေးရွာ ၁၀ ရွာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အသိပညာပေးဆောင်ရွက်မှုများ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များဖြည့်ဆည်း ဆောင်ရွက်ပေးပြီး နိုင်(၄)စာရင်းများ Server အတွင်းသို့ ထည့်သွင်းနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဒိုက်ဦးမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကာ ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံပြီး ကျန်းမာရေးဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒိုက်ဦးမြို့နယ် ဒိုးတန်းကျေးရွာ တောင်သူဦးစိုး၏ (မိုးစပါး၊ ပဲတီစိမ်း၊ နွေစပါး) သုံးသီး၊ သီးနှံပုံစံစိုက်ခင်းသို့ ကြည့်ရှုပြီး ဟတ်တာကွက်များ ဖော်ထုတ်ရန်၊ ဆည်လက်တံရေပေးမြောင်းများ ပြန်လည်တူးဖော်နိုင်ရေးနှင့် ပတ်ဝန်းကျင်တောင်သူများအား တစ်နှစ်လျှင် သုံးသီးစိုက်ပျိုးနိုင်ရေး အသိပညာပေးခြင်း လုပ်ငန်းများဆောင်ရွက်ကြရန် တာဝန်ရှိသူများကိုမှာကြားကာ တောင်သူများအား ဓာတ်မြေဩဇာ အိတ် ၂၀ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။



**သတင်းစဉ်**

# ယခုလာမည့်စာသင်နှစ်တွင် Grade-5၊ Grade-8 နှင့် Grade-11 သင်ရိုးသစ်တန်းများ ဖွင့်လှစ်သွားမည်

**နေပြည်တော် မေ ၂၃**

တိုင်းဒေသကြီး/ ပြည်နယ်ပညာရေးမှူးများနှင့် ခရိုင်ပညာရေးမှူးများအတွက် ဖွင့်လှစ်ပို့ချသည့် စီမံခန့်ခွဲမှုစွမ်းဆောင်ရည် မြင့်မားရေးအလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် အခြေခံပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(အောက်ပုံ)**

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးဇော်ဝင်းက မြန်မာနိုင်ငံ၌ ပညာရေးပြုပြင် ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိရာ KG+12 စနစ်သစ် သင်ရိုးတန်းများကို နှစ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုလာမည့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် Grade-5 ၊ Grade-8 နှင့် Grade-11 သင်ရိုးသစ်တန်းများကို ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် Grade-5 ၊ Grade-8 နှင့် Grade-11 သင်ရိုးသစ် TOT သင်တန်းများကိုလည်း မေ ၄ရက်မှစ၍ ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း၊ ထို့အတွက် ပညာရေးမှူးများအနေဖြင့် သက်ဆိုင်ရာဒေသအလိုက် ဆင့်ပွားသင်တန်းများကို စနစ်တကျ ဆက်လက်ဖွင့်လှစ်ပို့ချနိုင်ရေးအတွက် ပံ့ပိုးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စီမံခန့်ခွဲမှုပိုင်းနှင့်ပတ်သက်၍ စီမံအုပ်ချုပ်ရာတွင် အလွဲအမှားများ မရှိစေရေးအတွက် အထူးဂရုပြုဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ ၁/၂၀၁၇၊ ၃၅/၂၀၁၇ နှင့် ၁/၂၀၂၂ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်အောင် လေ့ကျင့်သင်ကြားပေးရမည် ဖြစ်သကဲ့သို့ စွမ်းဆောင်ရည်ရမှတ်များကို မှတ်တမ်းများပြုလုပ်၍ ရုံးချုပ်သို့ ပေးပို့ရမည်ဖြစ်ကြောင်း၊ အခြေခံပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် ဆရာ ဆရာမကြီးများအပေါ်တွင် များစွာမူတည်သည့်အတွက် လက်ရှိတာဝန်ယူ ဆောင်ရွက်နေသည့် တိုင်းဒေသကြီး/ ပြည်နယ်ပညာရေးမှူးများ၊ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများနှင့် ကျောင်းအုပ်ကြီးများအနေဖြင့် စီမံ/ဘဏ္ဍာ/ပညာ ကဏ္ဍများကို ညွှန်ကြားချက်နှင့်အညီ စနစ်တကျ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိကိုယ်တိုင်ကလည်း လေ့လာသင်ယူ၍ မိမိတာဝန်ယူရသော နယ်မြေများတွင်လည်း အနာဂတ်နိုင်ငံတော်အတွက် အားထားရသော နိုင်ငံ့သားကောင်းရတနာများ မွေးထုတ်ပေးနိုင်ရေးအတွက် ကြိုးစား ဆောင်ရွက်သွားကြရန် ဆွေးနွေးပို့ချသည်။



ဆက်လက်၍ တိုင်းဒေသကြီး/ ပြည်နယ်များမှ ပညာရေးမှူးများက တိုင်းဒေသကြီး/ ပြည်နယ်များ၏ အခြေခံပညာကဏ္ဍဆောင်ရွက်မှုများကို တင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်ဆေးတက္ကသိုလ်၏ (၉) ကြိမ်မြောက်နှင့် (၁၀) ကြိမ်မြောက် ဘွဲ့လွန်ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**နေပြည်တော် မေ ၂၃**

တပ်မတော် ဆေးတက္ကသိုလ်၏ (၉) ကြိမ်မြောက် ဘွဲ့လွန်ဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့ နံနက်ပိုင်းနှင့် (၁၀) ကြိမ်မြောက် ဘွဲ့လွန်ဘွဲ့နှင်းသဘင် အခမ်းအနားကို နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော် ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ တပ်မတော် ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် အောင်မင်းဦး၊ တပ်မတော်ဆေးတက္ကသိုလ်ပါမောက္ခချုပ် ဗိုလ်မှူးချုပ် ခင်အောင်ထွန်း၊ တပ်မတော် ဆေးတက္ကသိုလ်မှ ပညာရေးအဖွဲ့ဝင်များ၊ ဘွဲ့အပ်နှင်းခံရမည့် အရာရှိများနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အစီအစဉ်အရ တပ်မတော် ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမသို့ ဝင်ရောက်၍ သတ်မှတ်နေရာများတွင် နေရာယူကြပြီးနောက် မြန်မာ့ဆိုင်း တူရိယာအဖွဲ့က နိုင်ငံတော်သီချင်း တီးမှုတ်ကာ ဘွဲ့နှင်းသဘင် အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင် ကျင်းပကြောင်း ကြေညာပြီး ဘွဲ့ယူမည့်သူများအား ကတိသစ္စာခံယူစေခြင်း၊ မော်ကွန်းထိန်းက ဘွဲ့ယူမည့်သူများကို ပါမောက္ခချုပ်ထံသို့ ပို့ဆောင်ခြင်းတို့ကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။




ထို့နောက် အဆိုပါ ဘွဲ့နှင်းသဘင်နှစ်ရပ်တွင် ပါမောက္ခချုပ်က ဘွဲ့ရရှိမည့် ပါရဂူဘွဲ့ ၅၆ ဦး၊ ဆေးပညာမဟာသိပ္ပံဘွဲ့ ၇၅ ဦး၊ ဆေးပညာသင်ကြားရေးဘွဲ့လွန်ဒီပလိုမာဘွဲ့ ၃၂ ဦး၊ ဆေးပညာဘွဲ့လွန်ဒီပလိုမာဘွဲ့ ၄၅ ဦး စုစုပေါင်း ၂၀၈ ဦးတို့အား ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။ (အပေါ်ပုံ) ဆက်လက် ပါမောက္ခချုပ်က အွန်လိုင်းစနစ်ဖြင့် ဘွဲ့ယူမည့် ပါရဂူဘွဲ့ နှစ်ဦး၊ ဆေးပညာမဟာ သိပ္ပံဘွဲ့ ၂၅၁ ဦး၊ ဆေးပညာ သင်ကြားရေးဘွဲ့လွန်ဒီပလိုမာဘွဲ့ ၂၇ ဦး၊ ဆေးပညာဘွဲ့လွန်ဒီပလိုမာဘွဲ့ ၇၇ ဦး စုစုပေါင်း ၃၅၇ ဦးတို့အား ဘွဲ့ချီးမြှင့်အပ်နှင်းကာ ဘွဲ့ရသူများအား ဘွဲ့များနှင့်လျော်ညီသော အဆောင်အယောင်အမှတ်လက္ခဏာဖြစ်သည့် ဝတ်ရုံများကို ဝတ်ဆင်ခွင့်ပြုခဲ့ပြီး ဘွဲ့နှင်းသဘင်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ကျောင်းအုပ်ကြီးက ဘွဲ့နှင်းသဘင်မိန့်ခွန်း ပြောကြားပြီးနောက် အခမ်းအနားကို ရုပ်သိမ်းကြောင်း ကြေညာကာ တပ်မတော် ဆေးတက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေး အဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမမှ ပြန်လည်ထွက်ခွာသွားကြသည်။

တပ်မတော် ဆေးတက္ကသိုလ် အနေဖြင့် ယနေ့အချိန်အထိ ဆေးပညာမဟာသိပ္ပံဘွဲ့ ၂၄၉၀ ဆေးလက်တွေ့နှင့် ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့ ၂၀၇ ဦး၊ ဆေးပညာသင်ကြားရေးဘွဲ့လွန်ဒီပလိုမာ ၂၆၈ ဦး၊ ဆေးပညာဘွဲ့လွန်ဒီပလိုမာ ၂၆၉ ဦးတို့အား ဘွဲ့များ ပေးအပ်ချီးမြှင့်ခဲ့ပြီးဖြစ်သည်။ လက်ရှိဆေးပညာမဟာသိပ္ပံ ဘွဲ့လွန် အမှတ်စဉ်(၂၇)တွင် သင်တန်းသားအရာရှိ ၅၈ ဦး၊ အမှတ်စဉ်(၂၈) တွင် သင်တန်းသားအရာရှိ ၂၀၁ ဦး၊ အမှတ်စဉ်(၂၉)တွင် သင်တန်းသားအရာရှိ ၃၀၄ ဦး စုစုပေါင်းဘွဲ့လွန်သင်တန်းသားအရာရှိ ၅၆၃ ဦး သင်တန်းတက်ရောက်နေဆဲ ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# (၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ ပုလဲအတွဲပေါင်း ၂၂၀ရောင်းချရ

**နေပြည်တော် မေ ၂၃**

(၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲဒုတိယနေ့ကို ယနေ့တွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

**စိတ်ကြိုက်လေ့လာ**

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။

ထို့နောက် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် ပြပွဲတွင် ရောင်းချမည့် ပုလဲအတွဲအမှတ် ၁ မှ အတွဲအမှတ် ၂၂၀ အထိ ပုလဲအတွဲများကို ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ယနေ့ပြပွဲတွင် ပုလဲအတွဲပေါင်း ၃၃၀ အနက်မှ ပုလဲအတွဲအမှတ် ၁ မှ အတွဲအမှတ် ၂၂၀ အထိ တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက တင်ဒါအမှတ် (၁) ကို မွန်းတည့် ၁၂ နာရီနှင့် တင်ဒါအမှတ် (၂) ကို ညနေ ၄ နာရီခွဲတွင် ဖွင့်ဖောက်စစ်ဆေးကာ ပုလဲအတွဲပေါင်း ၂၂၀ရောင်းချရကြောင်းကြေညာသည်။

**ကြည့်ရှုအားပေး**

ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းမင်းဦးနှင့် ပြပွဲဗဟိုကော်မတီဝင်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်းရှိ ပုလဲအတွဲများ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးသည်။





ပြည်တွင်း၊ ပြည်ပရတနာ ကုန်သည်များ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို လေ့လာကြည့်ရှုကြစဉ်။

ပြပွဲတတိယနေ့တွင် ပုလဲအတွဲပေါင်း ၃၃၀ အနက်မှ ပုလဲအတွဲအမှတ် ၂၂၁ မှ အတွဲအမှတ် ၃၃၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကို ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လိုက်လံရှင်းလင်းပြသ**

ယနေ့တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ ရွှေကြာပင်ကျောက်မျက်နှင့် လက်ဝတ်ရတနာ သက်မွေးနည်းပညာသင်တန်းကျောင်းမှ သင်တန်းသားသင်တန်းသူများက မဏိရတနာကျောက်စိမ်းခန်းမအတွင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများ၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာအရောင်းဆိုင်များနှင့် ခန်းမအပြင်ဘက်ရှိ သတ်မှတ်နယ်မြေအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို လာရောက်လေ့လာကြည့်ရှုကြရာ ပြပွဲတာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့ပြင် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ကျောက်မျက်နှင့် လက်ဝတ်ရတနာအရောင်းဆိုင်များကို ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာဝယ်ယူသူများကိုလည်း တွေ့ရသည်။

ယခုကျင်းပပြုလုပ်သည့် (၅၇) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ မေ ၂၂ ရက်မှ ၂၈ ရက်အထိ ကျင်းပနေခြင်းဖြစ်ပြီး ပြပွဲတွင် ပုလဲအတွဲ ၃၃၀၊ ကျောက်မျက်အတွဲ ၁၂၀ နှင့် ကျောက်စိမ်းအတွဲ ၂၀၀၀ တို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကို ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း နှင့် ဦးအောင်နိုင်ဦးတို့ နိုင်ငံခြားသတင်းဌာနများမှ သတင်းထောက်များနှင့်တွေ့ဆုံ၍ မေးမြန်းမှုများဖြေကြား

နေပြည်တော် ဧပြီ ၂၃

**ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဦးအောင်နိုင်ဦးတို့သည် AP သတင်းဌာန၊ ရိုက်တာသတင်းဌာန၊ South China Morning Post သတင်းဌာနနှင့် Straits Times သတင်းဌာန၊ China Central Television(CCTV) သတင်းဌာန၊ People's Daily သတင်းဌာနနှင့် ဆင်ဟွာသတင်းဌာနတို့မှ သတင်းထောက်များကို ဧပြီ ၂၁ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမများ၌ ဗီဒီယိုကွန်ဖရင့်ဖြင့် တွေ့ဆုံ၍ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း သတင်းထောက်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး သတင်းထောက်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။

*(ယမန်နေ့မှအဆက်)*

**People's Daily သတင်းဌာန သတင်းထောက်၏ မြန်မာနိုင်ငံတွင် လတ်တလော လောင်စာဆီနှင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှု ရှိနေပြီး လောင်စာဆီအခက်အခဲကို အချိန်တိုအတွင်း ရေနံချက်စက်ရုံ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ရန် မဖြစ်နိုင်ပါကြောင်း၊ ပြီးခဲ့သည့် တရုတ်နှင့်မြန်မာနိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံဆွေးနွေးပွဲတွင် တရုတ်နိုင်ငံခြားရေးဝန်ကြီး Mr Wang Yi က တရုတ်နှင့်မြန်မာ နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော် ဓာတ်အားလိုင်း သွယ်တန်းထားရှိမည်ဆိုပါက လျှပ်စစ်ဓာတ်အားမျှဝေပေးရန် ဖြစ်နိုင်သည်ဟု ပြောကြားခဲ့ပါကြောင်း၊ သို့အတွက် မြန်မာနိုင်ငံအနေဖြင့် ဓာတ်အားပြတ်လပ်မှုကို လျော့ပါးစေရန် ယခုကဲ့သို့ အကြံပြုချက်အပေါ် မည်သို့ထင်မြင်ပါသနည်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက အိမ်နီးချင်းတရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံကို နယ်စပ်ဖြတ်ကျော်၍ လျှပ်စစ်ဓာတ်အား မျှဝေပေးလိုခြင်းသည် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုပြဿနာရပ်ကို ဖြေရှင်းနိုင်ရန် အလွန်ကောင်းမွန်သည့် အဖြေတစ်ခုဖြစ်ပါကြောင်း၊ တရုတ်နှင့်မြန်မာ နယ်စပ်ဖြတ်ကျော်ဓာတ်အားလိုင်းသွယ်တန်းမှု စီမံကိန်းသည် China–Myanmar Economic Corridor Cooperation ၏ အစိတ်အပိုင်းတစ်ခု ဖြစ်ပါကြောင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများဖြစ်ကြသည့် တရုတ်နိုင်ငံ၊ လာအိုနိုင်ငံတို့နှင့် နယ်စပ်ဖြတ်ကျော် လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းမှုစီမံကိန်းများရှိသည်ဟု သိရပါကြောင်း၊ မြန်မာ–အိန္ဒိယ နှစ်နိုင်ငံ လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းမှု စီမံကိန်းဆွေးနွေးပွဲများလည်း ပြုလုပ်လျက်ရှိပါကြောင်း၊ တရုတ်နိုင်ငံနှင့် စီမံကိန်းဆောင်ရွက်ရန် အဓိကဆောင်ရွက်လျက်ရှိပြီး နယ်စပ်ဖြတ်ကျော် လျှပ်စစ်ဓာတ်အားလိုင်းဖြန့်ဝေမှုမှ လျှပ်စစ်ဓာတ်အား လက်ခံရရှိမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ **မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ထုတ်ယူနိုင်ရန် အရင်းအမြစ် လုံလောက်သော်လည်း အဘယ်ကြောင့် စိတ်ဝင်စားမှု မရှိပါသလဲ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက မြန်မာနိုင်ငံတွင် အနောက်နိုင်ငံ NGOs များက အထူးသဖြင့် တရုတ်နိုင်ငံအကူအညီဖြင့် တည်ဆောက်မည့် ရေအားလျှပ်စစ်စီမံကိန်းများကို ဆန့်ကျင်ကန့်ကွက်လျက်ရှိပါကြောင်း၊ အနောက်အုပ်စုအနေဖြင့် မြန်မာနိုင်ငံတွင် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ပိုမိုဝင်ရောက်မည်ကို ဟန့်တားလိုခြင်းဖြစ်ပါကြောင်း၊ ပြည်တွင်းအင်အားစုများအနေဖြင့် ရေအားလျှပ်စစ်ထုတ်ယူရာတွင် မြစ်ရေကိုတားဆီး၍ ဆည်များ တည်ဆောက်ခြင်းသည် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုရှိသည်ဟု ထင်မြင်နေပါကြောင်း၊ ရေအားလျှပ်စစ်ဓာတ်ထုတ်ယူမှုမှ အကျိုးကျေးဇူး များစွာရှိသည်ကို သိမြင်နားလည်နိုင်မှု အားနည်းနေကြသဖြင့် ဆန့်ကျင်ကန့်ကွက်မှုများ ရှိနေပါကြောင်း၊ ရေအားလျှပ်စစ်မှ စွမ်းအင်အလုံအလောက်ရရှိနိုင်ပြီး မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်ထုတ်ယူနိုင်မှု အခြေအနေကောင်းများစွာရှိသည်ကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရှိရပါကြောင်း၊ အစိုးရအနေဖြင့် ကြားကာလတစ်ခုတွင် တာဝန်ထမ်းဆောင်ရခြင်းဖြစ်သော်လည်း နိုင်ငံအတွက် လျှပ်စစ်ဓာတ်အားပိုမိုရရှိစေရန် အလတ်စား ရေတိုရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မိမိတို့တွေ့ရသလောက် နိုင်ငံတော်တော်များများတွင် ရေအားလျှပ်စစ်စီမံကိန်းများကို အသုံးပြုကြပါကြောင်း၊ သို့သော်မိမိတို့နိုင်ငံတွင် ပြည်သူများ၏ အနေအထားနှင့် နိုင်ငံရေးနှင့်ဆက်စပ်၍ ရေအားလျှပ်စစ်သည် ယခုကဲ့သို့ ကန့်ကွက်မှုများနှင့် ကြုံတွေ့နေရပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်တွင် ယခုထက်ထိ ကန့်ကွက်မှုများ မရှိသေးဟု ပြောကြားလိုပါကြောင်း၊ မိမိတို့သည် နိုင်ငံတော်တာဝန်ခေတ္တထိန်းသိမ်းသည့် အစိုးရဖြစ်သည့်အတွက် ရေရှည်စီမံကိန်းများထက် ရေတိုစီမံကိန်းများကို ဦးစားပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် လျှပ်စစ်ကဏ္ဍနှင့် ပတ်သက်၍လည်း ရေရှည်လုပ်ရမည့် ရေအားလျှပ်စစ်စီမံကိန်းများထက် ရေတိုဆောင်ရွက်နိုင်သည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံးများနှင့် ဆက်စပ်၍ မြန်မာနိုင်ငံ၏ လျှပ်စစ်စွမ်းအားကို အတတ်နိုင်ဆုံးပြည့်မီအောင် စီမံဆောင်ရွက်လျက်ရှိကြောင်း ဖြည့်စွက်ဖြေကြားသည်။

**ကျေးလက်ဒေသများတွင် လျှပ်စစ်မီးပေးနိုင်ရေးအတွက် တရုတ်နိုင်ငံတွင် ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းသည် ရေပန်းစားပါကြောင်း၊ ကျေးလက်ဒေသရှိ စွမ်းအင်လိုအပ်ချက်ကို ဖြေရှင်းပေးနိုင်ပြီး ဆင်းရဲမှုပပျောက်ရေးအတွက် အကျိုးရှိနိုင်သောကြောင့် မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် အဆိုပါလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု အလားအလာကို သိရှိလိုပါကြောင်း** မေးခွန်းကို ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက အစိုးရအနေဖြင့် ကျေးလက်ဒေသလျှပ်စစ်မီးရရှိရေးနှင့် ဆင်းရဲမှုပပျောက်ရေးတို့အတွက် စီမံချက်များထားရှိပါကြောင်း၊ ရေအားလျှပ်စစ်အပြင် ဇီဝဓာတ်ငွေ့၊ နေရောင်ခြည်စွမ်းအင်အစရှိသည်တို့မှ လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအနေဖြင့် ၃၀ မဂ္ဂါဝပ်ထက်မပိုသည့် စီမံကိန်းများကို ဗဟိုအစိုးရထံ ခွင့်ပြုချက်တောင်းခံစရာမလိုဘဲ ခွင့်ပြုပေးနိုင်ပါကြောင်း၊ ဝန်ကြီးဌာနအသစ်တစ်ခုဖြစ်သည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကို ဖွဲ့စည်းထားရှိပြီး ကျေးလက်ဒေသအတွင်း ဆောင်ရွက်သည့်စီမံကိန်းများကို ခွင့်ပြုပေးကာ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် အငယ်စားလျှပ်စစ်စွမ်းအင်ထုတ်လုပ်ခြင်းတွင် နည်းပညာနှင့် လက်တွေ့လုပ်ငန်းပိုင်းဆိုင်ရာအရ ပြည့်စုံကြွယ်ဝသည့် နိုင်ငံဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံလိုသူလုပ်ငန်းရှင်များကို အဆိုပါ စီမံကိန်းများတွင် လာရောက်ရင်းနှီးမြှုပ်နှံကြရန် ကြိုဆိုပါကြောင်း၊ ၎င်းတို့၏ရင်းနှီးမြှုပ်နှံမှု စီမံကိန်းလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် မိမိတို့အနေဖြင့် လိုအပ်သည့် ကူညီဆောင်ရွက်မှုများ လုပ်ဆောင်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**မကြာသေးမီက ဖြစ်ပွားခဲ့သည့် အဖြစ်အပျက်များအရ တရုတ်ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများ၏ လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့်**မေးခွန်းကို ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက မြန်မာရင်းနှီးမြှုပ်နှံမှုဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တရုတ်ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများကို ဥပဒေဘောင်အတွင်းမှ အကာအကွယ်ပေးခြင်း၊ လုံခြုံမှုပေးခြင်းတို့ လုပ်ဆောင်လျက်ရှိသည်ဟု ဦးစွာပြောကြားလိုပါကြောင်း၊ ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် အထူးသဖြင့် ရန်ကုန်မြို့၌ ဆိုးရွားသည့် အဖြစ်အပျက်များ တွေ့ကြုံခဲ့ရပါကြောင်း၊ လှိုင်သာယာစက်မှုဇုန်ရှိ တရုတ်ကုမ္ပဏီတချို့၏ စက်ရုံများ မီးရှို့ဖျက်ဆီးသည့်လုပ်ရပ်များ ကြုံတွေ့ခဲ့ရပါကြောင်း၊ လှိုင်သာယာမြို့နယ်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက မာရှယ်လ်လော ကြေညာထားသည့်နေရာဖြစ်ပြီး အဆိုပါနယ်မြေကို လုံခြုံရေးတပ်ဖွဲ့ဝင်များက တာဝန်ယူစောင့်ရှောက်ပေးနေသည့်အတွက် အလားတူဖြစ်ရပ်မျိုး မဖြစ်ပေါ်တော့ပါကြောင်း၊ ထိုကဲ့သို့ ထပ်မံမဖြစ်ပွားစေရန်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက တရုတ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ ကာကွယ်စောင့်ရှောက်ရန် လမ်းညွှန်မှာကြားထားပါကြောင်း၊ မြန်မာအသိုက်အဝန်းများမှ တရုတ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအပေါ် အကောင်းမမြင်စေရန်၊ မှားယွင်းအပြစ်တင်စေရန် နောက်ကွယ်မှ အနောက်နိုင်ငံတို့က သွေးထိုးပေးနေခြင်းဖြစ်ပါကြောင်း၊ တရုတ်အပါအဝင် ရင်းနှီးမြှုပ်နှံသူများနှင့် ဒေသခံများအကြား နှစ်ဦးနှစ်ဖက် အထင်အမြင်မမှားစေရန် ကော်မရှင်က အသိပညာပေးလုပ်ငန်းများလည်း လုပ်ဆောင်ပေးနေပါကြောင်း၊ အလားတူဖြစ်ရပ်ဆိုးများ မဖြစ်ပွားတော့ဘဲ လုံခြုံရေးပိုမိုကောင်းမွန်နေပြီဖြစ်ပါကြောင်း ဖြေကြားသည်။

**စွမ်းအင်ကဏ္ဍတွင် နိုင်ငံခြားငွေလဲနှုန်းများ အဆင်ပြေချောမွေ့စေရန် တရုတ်ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများကို မည်သို့အာမခံနိုင်မည်၊ အမေရိကန်ဒေါ်လာစီးဆင်းမှု တင်းကျပ်ခြင်းနှင့်အတူ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍကို အမေရိကန်နှင့် အနောက်နိုင်ငံများက ပိတ်ဆို့ထားသည့်အချိန်၌ အရောင်းအဝယ်ပြုလုပ်ရာတွင် အဘယ်ကြောင့် RMB ကို အစားထိုးမသုံးစွဲရပါသလဲ** မေးခွန်းကို ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက အလားတူစီးပွားရေးပိတ်ဆို့မှုကို လွန်ခဲ့သည့် ၂၀၀၀ ပြည့်နှစ်နှင့် ၂၀၁၁ခုနှစ်အတွင်း အမေရိကန်နှင့် အနောက်နိုင်ငံများက လုပ်ဆောင်ခဲ့ကြပါကြောင်း၊ မိမိတို့အနေဖြင့် ၎င်းတို့လုပ်ရပ်အပေါ် အရေးယူဂရုစိုက်မှုမရှိပါကြောင်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် အမေရိကန်နှင့် အနောက်နိုင်ငံများမှ Chevron and Total တို့၏ ရင်းနှီးမှု ပမာဏသည် ၁၀ ရာခိုင်နှုန်းသာရှိပါကြောင်း၊ မြန်မာပြည်မှ ထွက်ခွာသွားကြသည့် ကုမ္ပဏီသုံးခု၏ ရှယ်ယာများကို ကျန်ရှယ်ယာရှင်များက ရယူကြမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လုပ်ငန်းများ ရပ်ဆိုင်းခြင်း၊ ပိတ်သိမ်းခြင်းများရှိမည် မဟုတ်ကြောင်း၊ တရုတ်ငွေကြေး RMB ကို နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးတွင် အသုံးပြုပေးချေနိုင်ရန် ပထမအဆင့် လုပ်ဆောင်လျက်ရှိပါကြောင်း၊ တရုတ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း၊ သွင်းကုန်ပို့ကုန်လုပ်ငန်းများတွင် အသုံးပြုရန် လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

**ဆင်ဟွာသတင်းဌာန၏မကြာသေးမီက မြန်မာပြည်က ထွက်သွားသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီများက မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ၏ ရာခိုင်နှုန်းမည်မျှရှိကြောင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအပေါ် မည်သို့ သက်ရောက်မှုရှိသည်ကို သိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍** ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက မြန်မာပြည်က ထွက်သွားသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ **ကုမ္ပဏီ သုံးခုပေါင်း၏ ရင်းနှီးမြှုပ်နှံမှုပမာဏစုစုပေါင်းသည် ၁၀ ရာခိုင်နှုန်းခန့်သာရှိကြောင်း၊** Total Energies ၏ ရင်းနှီးမြှုပ်နှံမှုပမာဏသည် ရေနံနှင့် သဘာဝဓာတ်ငွေ့တွင်ရှိသည့် မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၃ ရာခိုင်နှုန်းသာရှိကြောင်း၊ ထို့အတူ Chevron ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုမှာ ၁ ဒသမ ၆ ရာခိုင်နှုန်း၊ Woodside ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုမှာ ၅ ဒသမ ၂၅ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ထို့ကြောင့် ယင်းကုမ္ပဏီများ ထွက်ခွာသွားခြင်းသည် မိမိတို့နိုင်ငံအတွက် ကြီးမားသည့် ပြဿနာ မရှိကြောင်း။

အရေးကြီးသည်မှာ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၌ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် ၂၇ ရာခိုင်နှုန်းရှိကြောင်း၊ ယင်းကုမ္ပဏီ သုံးခုပေါင်း ရင်းနှီးမြှုပ်နှံမှုထက်ပိုများပါကြောင်း၊ ယင်းကုမ္ပဏီများ ထွက်သွားသော်လည်း စာချုပ်များအရ ယင်းထွက်သွားသည့် နေရာများတွင် အခြားသူများ ပြန်လည်နေရာယူကြမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှု ပမာဏလျော့သွားရန်မရှိကြောင်း ဖြေကြားသည်။

**လိုအပ်သည့် လျှပ်စစ်ဓာတ်အားဖြည့်ဆည်းနိုင်မည်**

**ဆက်လက်၍ မီးလင်းချိုင်စီမံကိန်းလက်ရှိအခြေအနေနှင့် ယင်းစီမံကိန်းက မြန်မာလူမှုစီးပွားဘဝအတွက် မည်သို့အကျိုးစီးပွားများ ဖော်ဆောင်ပေးနိုင်မည်ကိုသိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍** မီးလင်းချိုင်စီမံကိန်းသည် မိမိတို့တိုင်းပြည်အတွက် လိုအပ်သည့် စီမံကိန်းတစ်ခုဖြစ်ပါကြောင်း၊ ယင်းစီမံကိန်းသည် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအပြင် မီးလင်းချိုင်မှ ဧရာဝတီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအထိ ဓာတ်အားဖြန့်ဖြူးပေးမည့် မဂ္ဂါဝပ် ၅၀၀ Transmission လိုင်းဆွဲပေးရန်ရှိကြောင်း၊ မဂ္ဂါဝပ် ၁၉၀၀ ခန့် ထုတ်ပေးနိုင်မည်ဖြစ်သည့်အတွက် ကြီးမားသည့်စီမံကိန်းဖြစ်ပြီး တိုင်းပြည်အတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းနိုင်မည်ဖြစ်ကြောင်း၊ ထို့အတူ လျှပ်စစ်ကဏ္ဍတွင်ရှိသည့် အခြေခံအဆောက်အအုံလိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**ဆင်ဟွာသတင်းဌာန သတင်းထောက်၏ လက်ရှိတွင် အာရှနိုင်ငံများ၏ စီးပွားရေးအကျပ်အတည်းနှင့် စပ်လျဉ်းသည့် မေးခွန်းကို** ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက အာရှနိုင်ငံများ အထူးသဖြင့် အာဆီယံနိုင်ငံများသည် ကိုဗစ်-၁၉ ကပ်ရောဂါ ဘေးတွေ့ကြုံနေကြရသည့်အတွက် စီးပွားရေးအပေါ် ဆိုးကျိုးရိုက်ခတ်မှုများ ရှိပါကြောင်း၊ ဒုတိယအချက်အနေဖြင့် ရုရှား-ယူကရိန်း အရေးကိစ္စသည်လည်း ရိုက်ခတ်မှုဖြစ်ပြီး တတိယအနေဖြင့် geopolitical issues ဖြစ်သည့် တောင်တရုတ်ပင်လယ်တွင်း အရေးကိစ္စများဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါဘေးမှ ကင်းလွတ်စပြုလာပြီဖြစ်သော်လည်း အကြမ်းဖက်သမားများ၏ အဖျက်အမှောင့် လုပ်ရပ်များကို အပိုဆောင်းရင်ဆိုင်ကြုံတွေ့နေရပါကြောင်း၊ ရုရှား-ယူကရိန်း ဖြစ်ရပ်မှ တိုက်ရိုက် ရိုက်ခတ်မှုမရှိသော်လည်း ရေနံနှင့်သဘာဝဓာတ်ငွေ့ဈေးနှုန်းများ မြင့်တက်လာမှုသည် သွယ်ဝိုက်ရိုက်ခတ်မှုဖြစ်ပါကြောင်း၊ ကမ္ဘာ့အဝန်းအစားအသောက်ဈေးနှုန်းများ မြင့်တက်မှုတွင် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအတွက် အားသာချက်ရှိပါကြောင်း၊ မြန်မာအပါအဝင် အာဆီယံနိုင်ငံများအားလုံးသည် အဆိုပါတွေ့ကြုံနေရမှုများမှ ကျော်လွှားအောင်မြင်နိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြန်လည်ဖြေကြားသည်။

**ကိုဗစ်အလွန် မြန်မာနိုင်ငံ၏ စီးပွားရေးပြန်လည်ဦးမော့လာစေရန်နှင့် စပ်လျဉ်းသည့်မေးခွန်းကို** ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက မြန်မာ့စီးပွားရေးပြန်လည်ဦးမော့လာစေရန် ကုစားမှုအစီအမံထားရှိပြီး စီးပွားရေးလုပ်ငန်းများအတွက် ချေးငွေများ ထုတ်ပေးလျက်ရှိပါကြောင်း၊ တစ်ချိန်တည်းမှာပင် တရုတ်နိုင်ငံနှင့် Economic Corridor Cooperation နှင့် ဆက်စပ်သည့် တည်ဆောက်ရေးလုပ်ငန်းများ ပြန်လည်စတင်မည်ဖြစ်သည့်အတွက် ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိလာမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် တရုတ်-မြန်မာနှစ်နိုင်ငံအကြား အကျိုးတူပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ ရှိပါကြောင်း၊ ဥပမာအားဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် အရည်အချင်း ပြည့်ဝသည့် တရုတ်နိုင်ငံမှ အကူအညီများစွာရရှိမည်ဖြစ်ပါကြောင်း၊ မကြာမီ နယ်စပ်ဖြတ်ကျော် ဓာတ်အားလိုင်းသွယ်တန်းမှုလုပ်ငန်းများ လုပ်ဆောင်တော့မည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးထွက်ကုန်များကို မြန်မာနိုင်ငံက တင်ပို့ပြီး တရုတ်နိုင်ငံက ဝယ်ယူတင်သွင်းနေပါကြောင်း၊ မြန်မာက လုပ်သားအင်အားရှိပြီး တရုတ်နိုင်ငံက နည်းပညာနှင့်ငွေကြေးအရင်းအနှီးရှိပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုများကြောင့် နှစ်နိုင်ငံအကျိုးကျေးဇူးများ ခံစားကြရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တရုတ်-မြန်မာနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုသည် အလွန်အရေးကြီးပါကြောင်း၊ မြန်မာနှင့် အာဆီယံနိုင်ငံများ အပါအဝင် အနာဂတ်အာရှစီးပွားရေး တောင့်တင်းခိုင်မာရေးအတွက် တရုတ်နိုင်ငံသည် အရေးပါသည့် အခန်းကဏ္ဍမှပါဝင်ပါကြောင်း၊ အာဆီယံကုန်ကြမ်းပစ္စည်းနှင့် ကုန်ချောတစ်ဖြစ်လဲ ပို့ကုန်အများစုကို တရုတ်နိုင်ငံက ဝယ်ယူနေခြင်း ဖြစ်ပါကြောင်း ဖြေကြားသည်။

**ထို့ပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် မည်သည့်အတွက်ကြောင့် ရင်းနှီးမြှုပ်နှံသင့်ကြောင်းနှင့် စပ်လျဉ်းသည့် မေးခွန်းကို** နိုင်ငံတိုင်းတွင် ရေနံသဘာဝဓာတ်ငွေ့မရှိကြောင်း၊ နေရာနည်းနည်းတွင်သာ ရေနံသဘာဝဓာတ်ငွေ့ရှိကြောင်း၊ ယင်းအထဲတွင် မြန်မာနိုင်ငံပါဝင်ကြောင်း၊ မြန်မာနိုင်ငံသည် ရေနံနှင့် သဘာဝဓာတ်ငွေ့အရင်းအမြစ်ရှိသည့် ရှားရှားပါးပါးနိုင်ငံများထဲက တစ်ခုဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံတချို့သည် အမြဲတမ်း ရေနံနှင့်သဘာဝဓာတ်ငွေ့ လိုအပ်နေသည့် နိုင်ငံများဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် လာရောက် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြန်မာနိုင်ငံ၏ အိမ်နီးချင်း ပတ်ဝန်းကျင်နိုင်ငံများကို အေးဆေးလွယ်ကူစွာ သဘာဝဓာတ်ငွေ့ ရောင်းချနိုင်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံမှု လုပ်ကိုင်နိုင်ရန်အတွက် လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများ အမြဲတမ်းပြင်ဆင်ပြောင်းလဲလုပ်ကိုင်ပေးနေကြောင်း၊ လာရောက်ရင်းနှီးမြှုပ်နှံမည့်သူများအတွက် အကျိုးအမြတ်ရှိအောင် နှစ်ဦးနှစ်ဖက် အကျိုးရှိအောင် အမြဲတမ်းပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ပေးနေကြောင်း၊ အထူးသဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ယခုကိစ္စကို အလေးထား ဆောင်ရွက်ပေးနေကြောင်း၊ ထို့ကြောင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် မြန်မာနိုင်ငံသည် ဒေသတွင်းနိုင်ငံများထဲ၌ ရင်းနှီးမြှုပ်နှံရန် အကောင်းဆုံးနိုင်ငံဖြစ်သည်ဟု ပြောကြားလိုကြောင်း ဖြေကြားသည်။

**အလားတူ အနောက်အုပ်စုနိုင်ငံများ၏ အရေးယူပိတ်ဆို့မှုများကြောင့် မြန်မာ့စီးပွားရေးကဏ္ဍအပေါ် အကျိုးသက်ရောက်မှုကို သိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍** ယင်းအရေးယူ ပိတ်ဆို့မှုများသည် အစိုးရအပေါ် သက်ရောက်မှုမရှိကြောင်း၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များအပေါ်သာ သက်ရောက်မှုရှိကြောင်း၊ အမေရိကန်ဒေါ်လာကို အလွယ်တကူသုံးစွဲမရခြင်း၊ ငွေလွှဲလုပ်မရခြင်း၊ မြန်မာနိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်များ အခက်အခဲပေါ်ခြင်း၊ ယင်းအရေးယူပိတ်ဆို့မှုကြောင့် အချို့စက်ရုံများ ပိတ်သိမ်းသွားခြင်း၊ ထိုသို့ ပိတ်သိမ်းခြင်းကြောင့် မြန်မာနိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးရခြင်းများရှိကြောင်း၊ အစိုးရအတွက် ဘာမျှမဖြစ်ကြောင်း၊ အစိုးရအနေဖြင့် လိုအပ်သည့်ပြင်ဆင်မှုများ ကြိုတင်စဉ်းစားဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ယင်းသို့ပိတ်ဆို့သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ပိုမိုကောင်းမွန်လာကြောင်း ဖြေကြားသည်။

**ဆက်လက်၍မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံသူများအတွက် အာမခံချက်ပေးရန် စီစဉ်ဆောင်ရွက်နေခြင်း ရှိ၊ မရှိ သိလိုကြောင်းမေးခွန်းကို** မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် တင်ပြလာသည့် အဆိုပြုချက်များကို အမြန်ဆုံး ခွင့်ပြုဆောင်ရွက်ပေးနေကြောင်း၊ တိုင်းပြည်အတွင်း လက်ရှိလုပ်ကိုင်နေသည့် ရင်းနှီးမြှုပ်နှံမှုများကိုလည်း လုပ်ကိုင်ဆောင်ရွက်ရာတွင် အဆင်ပြေစေရန်နှင့် ယခင်ထက် ပိုမိုလွယ်ကူစေရန် ကြိုးစားဆောင်ရွက်နေကြောင်း၊ အသစ်လာမည့် ရင်းနှီးမြှုပ်နှံမှုများအတွက်လည်း တိုင်းဒေသကြီး/ပြည်နယ်များ၊ ဝန်ကြီးဌာနများနှင့် သွားရောက်ဆက်သွယ်လုပ်ကိုင်သည့်အခါ ပိုမိုမြန်ဆန်သွက်လက်အောင် (SoP) စံပြုလုပ်ထုံးလုပ်နည်းများ ရေးဆွဲထားပြီးဖြစ်ကြောင်း၊ ယင်းလုပ်ထုံးလုပ်နည်းများ အတိုင်း ဆောင်ရွက်ပါက မြန်ဆန်ချောမွေ့သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို သိရှိလိုသည်များ မေးမြန်းလိုသည့်အခါ ယခင်ကကဲ့သို့ မြန်မာနိုင်ငံသို့ လာရောက်စရာမလိုဘဲ အွန်လိုင်းကတစ်ဆင့် မေးမြန်းနိုင်အောင် စီစဉ်ဆောင်ရွက်ပေးထားကြောင်း ဖြေကြားသည်။

**ထို့ပြင် မြန်မာနိုင်ငံ၏ နိုင်ငံရေးမတည်ငြိမ်မှုက တရုတ်-မြန်မာ စီးပွားရေးစင်္ကြံနှင့် ဆက်စပ်စီမံကိန်းများအပေါ် မည်သို့သက်ရောက်မှု ရှိနိုင်သည်ကို သိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍** တရုတ်-မြန်မာ နယ်စပ်တွင် တချို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အနေဖြင့် မငြိမ်မသက်မှုများ၊ ဖျက်လိုဖျက်ဆီးမှုများလုပ်သည့် ကိစ္စရပ်များရှိကြောင်း၊ ဥပမာအနေဖြင့် တရုတ်-မြန်မာ နှစ်နိုင်ငံအကြားတွင် ရထားလမ်းစီမံကိန်းလုပ်ဆောင်မည်ဆိုပါက နယ်စပ်ဒေသတွင် ရှိသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ဖျက်လိုဖျက်ဆီးမလုပ်မှ စီမံကိန်းလုပ်ဆောင်မှု မြန်ဆန်သွက်လက်မှု ရှိမည်ဖြစ်ကြောင်း၊ ဝင်ရောက်ဖျက်လို ဖျက်ဆီးလုပ်နေပါက စီမံကိန်းလုပ်ရသည့်အပိုင်းတွင် နှောင့်နှေးမှုများရှိနေမည်ဖြစ်ကြောင်း၊ တည်ငြိမ်သည့် ဒေသတွင် လုပ်ဆောင်ရသည့် စီမံကိန်းမှာ မည်သည့်အခက်အခဲမှ မရှိကြောင်း၊ ထို့ကြောင့် ပြည်တွင်းငြိမ်းချမ်းရေးသည် တိုင်းပြည်အတွက်အရေးကြီးကြောင်း၊ အစိုးရအနေဖြင့်လည်း ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေကြောင်း ဖြေကြားသည်။

**အလားတူ မြန်မာနိုင်ငံ၏ နိုင်ငံရေးမတည်ငြိမ်မှုများအပေါ် အနောက်နိုင်ငံများက မည်သို့လုပ်ဆောင်ခဲ့ပြီး ယင်းလုပ်ဆောင်ချက်များကြောင့် မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများအပေါ် မည်သည့် ဆိုးကျိုးများဖြစ်စေသည်ကို သိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍** မိမိအမြင်ကိုပြောရလျှင် မိမိတို့တိုင်းပြည်ကို အနောက်နိုင်ငံများ ဝင်ရောက်စွက်ဖက်ခြင်းသည် တရုတ်နိုင်ငံ၏ အင်အားကြီးထွားမှုနှင့် လွှမ်းမိုးမှုကို ၎င်းတို့က စိုးရိမ်မှုကြောင့်ဖြစ်ပြီး မိမိတို့တိုင်းပြည်ကို မငြိမ်မသက်ဖြစ်အောင် ဖန်တီးလာခြင်းဖြစ်သည်ဟုမြင်ကြောင်း၊ မိမိတို့တိုင်းပြည်တွင် ၎င်းတို့ကြိုးကိုင်နိုင်သည့် အစိုးရ၊ လိုအပ်သလို ခြယ်လှယ်နိုင်သည့် အစိုးရတစ်ရပ်ပေါ်ထွက်လာအောင် နည်းမျိုးစုံဖြင့် ကြိုးစားနေခြင်းဖြစ်ကြောင်း၊ ယင်းအစိုးရမျိုး မြန်မာနိုင်ငံတွင် ဖြစ်လာလျှင် ပထဝီနိုင်ငံရေးအရ ဒေသတွင်းဟန်ချက်ကို ကစားနိုင်သည်ဟု ယူဆပြီး မြန်မာနိုင်ငံအား မငြိမ်မသက်ဖြစ်အောင် လုပ်ဆောင်သည်ဟု မြင်ကြောင်း၊ လတ်တလောတွင် မြန်မာနိုင်ငံ၌ နိုင်ငံရေးမတည်မငြိမ်ဖြစ်သည့်အတွက်ကြောင့် ဆိုးကျိုးအနေဖြင့် ပတ်ဝန်းကျင်နိုင်ငံများတွင် စစ်ဘေးရှောင်များ ရောက်ရှိသွားခြင်းများရှိကြောင်း၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စများတွင် အခက်အခဲဖြစ်ပေါ်ခြင်းများ ရှိကြောင်း၊ ဥပမာ ထိုင်း- မြန်မာနယ်စပ်တွင် နယ်မြေမငြိမ်မသက်မှုများဖြစ်နေကြောင်း၊ ယင်းကြောင့် အာရှလမ်းမကြီးကို အပြည့်အဝ လုံခြုံစွာအသုံးမပြုနိုင်သည့်အတွက် ထိုင်း-မြန်မာ ပို့ကုန်/ သွင်းကုန်များ ကုန်စည်စီးဆင်းမှု အခက်အခဲရှိလာပြီး အိမ်နီးချင်း ထိုင်းနိုင်ငံကိုပါ သက်ရောက်မှုရှိကြောင်း ဖြေကြားသည်။

**အနောက်နိုင်ငံများ၏ဖိအားများကြောင့် ကန့်သတ်မှုများရှိနေ**

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဖြည့်စွက်ပြောကြားရာတွင် မိမိတို့အနေဖြင့် ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းသည့်အခါ နိုင်ငံအားလုံး၏အားကို လိုအပ်ပါကြောင်း၊ အထူးသဖြင့် အိမ်နီးနားချင်းနိုင်ငံများ၏ အားကို ပို၍လိုအပ်ပါကြောင်း၊ အနောက်နိုင်ငံများကိုလည်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအနေဖြင့် အပြန်အလှန်ယုံကြည်မှုများနှင့် သွားလိုပါကြောင်း၊ ပတ်ဝန်းကျင်နိုင်ငံများအနေဖြင့်လည်း မိမိတို့နှင့်ပူးပေါင်းလိုကြပါကြောင်း၊ သို့သော်လည်း အနောက်နိုင်ငံများ၏ဖိအားများကြောင့် ကန့်သတ်မှုများ ရှိနေပါကြောင်း။

ထို့ကြောင့် ပြည်သူများ နစ်နာပါကြောင်း၊ အမေရိကန်ကဲ့သို့ အင်အားကြီးသည့် နိုင်ငံအနေဖြင့် နိုင်ငံငယ်အပေါ် စစ်မှန်သောစေတနာဖြင့် ဒီမိုကရေစီနိုင်ငံတစ်ခုကို ရောက်စေလိုပါက အခြားနည်းလမ်းများဖြင့် လက်တွဲဆောင်ရွက်ရန်မျှော်လင့်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံအားလုံးနှင့် ချစ်ကြည်စွာသွားလိုပါကြောင်း၊ နိုင်ငံတကာကိုလည်း လေးစားပါကြောင်း၊ အထူးသဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နှင့် အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံဖြစ်သည့် အတွက် အားလုံးအပေါ်တွင် လေးစားမှုဖြင့် ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# စက်ရုံမှထုတ်လုပ်လျက်ရှိသော သံမဏိ၊ သံချောင်းလုံးများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်ကြရမည်ဖြစ်

နေပြည်တော် ဧပြီ ၂၃

**စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြောင်းတကာစက်မှုဇုန်ရှိ Yangon Crown သံမဏိ စက်ရုံသို့ရောက်ရှိရာ စက်ရုံမှူးက လုပ်ငန်းလည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။**

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက စက်ရုံမှ ထုတ်လုပ်လျက်ရှိသော သံမဏိ၊ သံချောင်းလုံးများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်ကြရမည်ဖြစ်ကြောင်း၊ ပြည်ပမှတင်သွင်းလာသည့် သံနှင့် သံချောင်းလုံးများ၏ အရည်အသွေးများကို စစ်ဆေးနိုင်ရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်း သံနှင့်သံမဏိ လိုအပ်ချက်များကိုလည်း ဈေးကွက်သုတေသနပြုလုပ်ရမည်ဖြစ်ကြောင်း၊ သံနှင့် သံချောင်းလုံးများ၏ အရည်အသွေးကောင်းမွန်မှသာ သုံးစွဲသူများ ဘေးအန္တရာယ်ဖြစ်ပွားမှု ကင်းဝေးမည်ဖြစ်ကြောင်း၊ ပြည်ပသွင်းကုန်အစားထိုးလုပ်ငန်းဖြစ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် အင်းစိန်မြို့နယ်ရှိ ဆေးဝါးစက်ရုံ(အင်းစိန်)သို့ ရောက်ရှိရာ စက်ရုံမှူးက ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးစီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စက်ရုံရှိ ဝန်ထမ်းအရေအတွက်၊ စက်တစ်ခုချင်းစီ၏ ထုတ်လုပ်နိုင်မှုစွမ်းအားတို့ကို အခြေခံတွက်ချက်ရန်၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်နှင့် စက်စွမ်းအားများကို အကျိုးရှိအောင် အသုံးပြုနိုင်ရေးစီမံဆောင်ရွက်ရန်၊ ထုတ်လုပ်မှု



တာဝန်ခံမန်နေဂျာများသည် စက်တစ်ခုချင်းစီ၏ ထုတ်လုပ်နိုင်မှု၊ ဝန်ထမ်းများ၏ စွမ်းဆောင်နိုင်မှုတို့ကို သိရှိအောင် ဆောင်ရွက်ထားရန်၊ BPI ထုတ်ဆေးဝါးများသည် အရည်အသွေးကောင်းမွန်သည့်အတွက် အစဉ်အလာများကို ဆက်လက်ထိန်းသိမ်းထားရန်၊ ထုတ်ကုန်တစ်ခုချင်းစီအလိုက် လိုအပ်သည့် လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုများကို သတ်မှတ်ရေးဆွဲရန်၊ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ရန်နှင့် အဂတိတရားကင်းရှင်းစွာ ဆောင်ရွက်ကြရန် မှာကြားကြောင်း သိရသည်။

သတင်းစဉ်

# အိန္ဒိယအစိုးရမှ မြန်မာနိုင်ငံသို့ လှူဒါန်းသော ဆန်နှင့်ဂျုံများအား သိုလှောင်ရုံများအတွင်း စနစ်တကျထားရှိမှုနှင့် ပြည်သူများ လက်ဝယ်အရောက် ထောက်ပံ့ပေးနေမှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၃



အိန္ဒိယအစိုးရမှ မြန်မာနိုင်ငံသို့ လှူဒါန်းသော ဆန်နှင့်ဂျုံများအား သိုလှောင်ရုံများအတွင်း စနစ်တကျထားရှိမှုနှင့် ပြည်သူများ၏ လက်ဝယ်အရောက် ထောက်ပံ့ပေးနေမှုများကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွှန့်ဝင်းဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သာကေတမြို့နယ် (၁၀) တောင်ရပ်ကွက်ရှိ အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်း၌လည်းကောင်း၊ (၁၀) မြောက်ရပ်ကွက်ရှိ သာသနာ့သောပိတဓမ္မာရုံ၌ လည်းကောင်း၊(၄)မြောက်ရပ်ကွက်ရှိ သပ္ပမဂ်လာဓမ္မာရုံ၌ လည်းကောင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၁၃) ရပ်ကွက်ရှိ ဓမ္မာရုံ၌လည်းကောင်း အိန္ဒိယအစိုးရမှ မြန်မာနိုင်ငံသို့ လှူဒါန်းသော ဆန်နှင့်ဂျုံများကို အဆိုပါမြို့နယ်များရှိ ပြည်သူများ လက်ဝယ်အရောက် ထောက်ပံ့ပေးနေမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် အိန္ဒိယအစိုးရမှ မြန်မာနိုင်ငံသို့ လှူဒါန်းသော ဆန်နှင့်ဂျုံများကို မြန်မာ့စက်မှုဆိပ်ကမ်းနှင့် အေးရှားဝေါလ်ဆိပ်ကမ်းများမှ ကွန်တိန်နာများဖြင့် သယ်ယူ၍ လှိုင်သာယာမြို့နယ်ရှိ စက်မှုဇုန် (၆)သိုလှောင်ရုံ၌ စနစ်တကျထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်း

နေပြည်တော် ဧပြီ ၂၃

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ သာသနာ့ပါလ(မြိတ်) ကျောင်းတိုက်သို့ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်ရှိ ပျော်ဘွယ်ကျောင်းတိုက်သို့ လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်ရှိ ရွှေတောင်ဓမ္မဝိဟာရကျောင်းတိုက်သို့ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ အောင်ဝတီစာသင်တိုက်သို့ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်ရှိ မဟာစေတျာရာမဘုရားကြီးကျောင်းတိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် မိုင်းဆတ်မြို့နယ်ရှိ ခတ်စွမ်းဟုန်ကျောင်းတိုက်သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

သတင်းစဉ်

သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး

# အုတ်တွင်းမြို့နယ်၌ ရှေးဦးသူနာပြုစုနည်း အခြေခံသင်တန်းဆင်း

အုတ်တွင်း ဧပြီ ၂၃

အုတ်တွင်းမြို့နယ် ပြန်ကြားနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲတို့ ပူးပေါင်း၍ ရှေးဦးသူနာပြုစုနည်း အခြေခံသင်တန်းဆင်းပွဲကို ယမန်နေ့က လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မူမူဝင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း ပဲခူးတိုင်းဒေသကြီး ဦးစီးမှူး (တတိယတန်း) ဦးတေဇာအောင်တို့က သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းသားသင်တန်းသူ ၂၅ ဦးအားမြို့နယ်ကြက်ခြေနီအသင်းခွဲဥက္ကဋ္ဌ ဦးခင်မောင်ချိုက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

ခင်ခင်မာ(ပြန်/ဆက်)

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ လူမျိုးဘာသာမရွေး ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေး

**နေပြည်တော် ဧပြီ ၂၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များအပါအဝင် လူမျိုးမရွေး ဘာသာမရွေး အသက် ၄၀ အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင်စခန်းများအတွင်းရှိ ပြည်သူများ၊ အသက်(၁၂)နှစ်အထက် အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများသတ်မှတ်၍ တပ်မတော်မှဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

**ကာကွယ်ဆေးထိုးနှံပေး**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်မိသားစုဝင် ၅၆၉ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၅ မြို့နယ်၌ ဒေသခံပြည်သူ ၈၄၄၉ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိမြို့နယ် ၂၆ မြို့နယ်၌ ဒေသခံပြည်သူ ၃၃၀၅၇ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၃ မြို့နယ်၌ ဒေသခံပြည်သူ ၁၅၆၄၈ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုမှ ဒေသခံပြည်သူ ၁၇၅၅၃ ဦးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိမြို့နယ်လေးမြို့နယ်၌ ဒေသခံပြည်သူ ၅၆၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

**ကြည့်ရှုအားပေး**

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြကြောင်း သိရသည်။

သတင်းစဉ်

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ တရားစွဲဆိုခံရသည့် ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာခက်အောင်၊ ပြည်နယ်ဝန်ကြီးဟောင်းများဖြစ်ကြသော ဦးဝေလင်း၊ ဦးဝင်းညွန့်၊ ဦးလဆိုင်း(ခ)ဦးဒါရှီလဆိုင်း၊ ဦးနော်လီ(ခ)ဇခေါင်ခမ်းရယ်၊ ဦးဇော်ဝင်းနှင့် ဦးနေဝင်း၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးနိုင် တို့အပေါ် စီရင်ချက်အမိန့်ချမှတ်

**နေပြည်တော် မေ ၂၃**

ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဟောင်း ဒေါက်တာခက်အောင်၊ ဝန်ကြီးဟောင်းများဖြစ်ကြသော ဦးနေဝင်း၊ ဦးဇော်ဝင်း၊ ဦးဝေလင်း၊ ဦးဝင်းညွန့် တို့နှင့် ဆက်စပ်တာဝန်ရှိပုဂ္ဂိုလ်များအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ စုံစမ်းစစ်ဆေး အရေးယူပေးပါရန် တိုင်ကြားခြင်းနှင့် စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။

စစ်ဆေးတွေ့ရှိချက်အရ ကချင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဒေါက်တာခက်အောင်၊ ပြည်နယ်ဝန်ကြီးဟောင်း ဦးဝေလင်းနှင့် ဦးဝင်းညွန့်တို့သည် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ်က ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မူလလျာထားချက်တွင် ပါရှိခြင်းမရှိသည့် မြစ်ကြီးနား-ဗန်းမော်လမ်း AC ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း ၂၃ မိုင်လုပ်ငန်းကို နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့်အညီ တင်ဒါခေါ်ယူဆောင်ရွက်ခြင်းမရှိဘဲ နိုင်ငံတော်သို့ အပ်နှံရမည့် ငွေကျပ်သန်း ၁၁၀၀၇ ဒသမ ၀၀၉ ဖြင့် ပုဂ္ဂလိကကုမ္ပဏီတစ်ခုအား လုပ်ငန်းဆောင်ရွက်ခွင့်ပြုခဲ့ခြင်း၊ QC အဖွဲ့၏ စစ်ဆေးချက်အရ လမ်းအရည်အသွေးမပြည့်မီသဖြင့် ပြန်လည်ပြုပြင်ရခြင်း၊ စာချုပ်စည်းကမ်းနှင့်အညီ ဆောင်ရွက်မှုမရှိခြင်းတို့ကြောင့် နိုင်ငံတော်၏ ငွေကြေးကို နစ်နာဆုံးရှုံးစေခဲ့ခြင်း။

ကချင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဒေါက်တာခက်အောင်၊ ပြည်နယ်ဝန်ကြီးဟောင်း ဦးဝေလင်းနှင့် ဦးလဆိုင်း(ခ) ဦးဒါရှီလဆိုင်းတို့သည် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ်က ၂၀၂၀ ပြည့်နှစ်အတွင်း ဖမ်းဆီးရမိသည့် သလင်းကျောက်တန်ချိန် ၁၀၀၀၀ အား ရောင်းချခဲ့ရာတွင် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ တင်ဒါလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်မှုမရှိဘဲ တစ်တန်လျှင် ကျပ် ၃၆၀၀၀ဖြင့် ဈေးနှုန်းလျှော့၍ ကုမ္ပဏီနှစ်ခုအား တန် ၅၀၀၀ စီ ခွဲဝေရောင်းချခဲ့ရာ နိုင်ငံတော်ဘဏ္ဍာငွေ ကျပ်သန်း ၂၄၀ နစ်နာဆုံးရှုံးစေခဲ့ခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၇၀/၂၀၂၀) အရ သလင်းကျောက် ရောင်းချရရှိငွေ၏ ၂၀ ရာခိုင်နှုန်း ငွေကျပ် ၇၂ သန်းကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းမှုမရှိခြင်းတို့ကြောင့် နိုင်ငံတော်ဘဏ္ဍာငွေများ ဆုံးရှုံးစေခဲ့ခြင်း။

ပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဒေါက်တာခက်အောင်နှင့် ပြည်နယ်ဝန်ကြီးဟောင်း ဦးဝေလင်းတို့သည် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ်က ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ညှို့ဂေဟာ နှစ်ထပ်ဆောင် ဆောက်လုပ်ရာတွင် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်နယ်အထွေထွေပိုလျှံရန်ပုံငွေ (General Reserve Fund- GRF) မှ သုံးစွဲခွင့်မရှိသည့် ငွေကျပ် ၁၄၉၂ သန်းကျော်ကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့် ကိုက်ညီမှုမရှိဘဲ သုံးစွဲဆောင်ရွက်ခဲ့ခြင်းကြောင့် နိုင်ငံတော်၏ငွေကြေးများ နစ်နာဆုံးရှုံးစေခဲ့ခြင်း။

ပြည်နယ်ဝန်ကြီးချုပ်ဟောင်း ဒေါက်တာခက်အောင်နှင့် ပြည်နယ်ဝန်ကြီးဟောင်း ဦးဝေလင်းတို့သည် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ်က ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် မြေမြင့်ရပ်ကွက်၊ တပ်ကုန်းရပ်ကွက်နှင့် ဒူကထောင်ရပ်ကွက်တို့ အတွင်း ကတ္တရာလမ်းသစ်ခင်းခြင်း၊ ကွန်ကရစ်တံတားနှင့် ကွန်ကရစ်ရေပြွန်တည်ဆောက်ခြင်း လုပ်ငန်း သုံးခုတို့အတွက် စုစုပေါင်းတန်ဖိုး ငွေကျပ် ၂၄၈ သန်းကျော်အား နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ တင်ဒါလုပ်ထုံးလုပ်နည်းနှင့်အညီ တင်ဒါခေါ်ယူဆောင်ရွက်မှုမရှိဘဲ ပုဂ္ဂလိကကုမ္ပဏီတစ်ခုသို့ လုပ်ကိုင်ခွင့်ပြုပေးခဲ့ခြင်းကြောင့် နိုင်ငံတော်၏ ဘဏ္ဍာငွေ နစ်နာဆုံးရှုံးစေခဲ့ခြင်း။

ပြည်နယ်ဝန်ကြီးဟောင်း ဦးဇော်ဝင်းသည် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ်က ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်အတွင်း နယ်စပ်စစ်ဆေးရေးဂိတ်တာဝန်ခံ ဝန်ထမ်းများထံမှ ငွေနှင့် ပစ္စည်းတန်ဖိုး ငွေကျပ် ၂၁ သိန်းခန့်ကို တံစိုးလက်ဆောင်အဖြစ် လက်ခံရယူခဲ့ခြင်း။

ပြည်နယ်ဝန်ကြီးဟောင်း ဦးဝေလင်းသည် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ်က ၂၀၁၉ ခုနှစ်အတွင်း ဝိုင်းမော်-ဆဒုံး-ကန်ပိုက်တီးလမ်းတွင် ဖမ်းဆီးရမိသော ခုတ်မြေသြဇာများ လေလံတင်ရောင်းချရရှိငွေကျပ် ၅၂၅ သန်းကျော်အနက် ဖမ်းဆီးရာတွင်ပါဝင်သော အဖွဲ့များအား ဆုကြေးငွေ ခွဲဝေပေးရာတွင် ၎င်းအတွက် ငွေကျပ် ၅၇ သန်းကျော်အား ဥပဒေနှင့်မညီဘဲ အကျိုးခံစားခွင့်ရယူခဲ့ခြင်းနှင့် ၂၀၂၀ ပြည့်နှစ်အတွင်း မိုးကောင်းမြို့နယ်ပါတီရုံး ဆောက်လုပ်ရန် အကြောင်းပြကာ ပြည်နယ်အတွင်း စီးပွားရေးလုပ်ငန်း လုပ်ကိုင်လျက်ရှိသော ကုမ္ပဏီပိုင်ရှင်များထံမှ စုစုပေါင်း ငွေကျပ်သိန်း ၃၀၀ ကို တောင်းခံရယူခဲ့ခြင်း။

ပြည်နယ်ဝန်ကြီးဟောင်း ဦးလဆိုင်း (ခ) ဦးဒါရှီလဆိုင်းသည် ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်အတွင်း ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ ပြည်နယ်ပါတီရုံးနှင့် ဖားကန့်မြို့နယ်ပါတီရုံး ဆောက်လုပ်ရန်အတွက် အကြောင်းပြကာ ကျောက်မျက်လုပ်ငန်းရှင်များထံမှ စုစုပေါင်း ငွေကျပ် သိန်း ၉၆၀ ကို တောင်းခံရယူခဲ့ခြင်း။

ပြည်နယ်ဝန်ကြီးဟောင်း ဦးဝင်းညွန့်သည် ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ ၂၀၁၉ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်အတွင်း ဝိုင်းမော်မြို့နယ် ပါတီရုံး ဆောက်လုပ်ရန် အကြောင်းပြကာ စီးပွားရေးလုပ်ငန်းရှင်များထံမှ ငွေကျပ်သိန်း ၂၀၀ ကိုလည်းကောင်း၊ နေပြည်တော်ပါတီသုတေသနရုံး လိုအပ်သော ပစ္စည်းများဝယ်ယူရန် အကြောင်းပြကာ ငွေကျပ် သိန်း ၂၅၀ တို့ကိုလည်းကောင်း တောင်းခံရယူခဲ့ခြင်း။

ပြည်နယ်ဝန်ကြီးဟောင်း ဦးနေဝင်းနှင့် ဦးနော်လီ (ခ) ဇခေါင်ခမ်းရယ်၊ ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးနိုင်တို့သည် ၂၀၁၈-၂၀၁၉၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း လုပ်ထုံးလုပ်နည်းနှင့်မညီဘဲ တရားဝင်သုံးစွဲခွင့်မရှိသည့် လိုင်စင်မဲ့မော်တော်ယာဉ် ၂၃ စီးအတွက် စက်သုံးဆီ၊ ယာဉ်ပြင်ဆင်စရိတ်၊ အကြီးစားပြင်ဆင်စရိတ် စုစုပေါင်းငွေကျပ် ၂၁၉ သန်းကျော်ကို ထုတ်ယူသုံးစွဲခဲ့၍ နိုင်ငံတော်၏ငွေကြေးများ ထိခိုက်နစ်နာဆုံးရှုံးစေခြင်းတို့ကြောင့် ဝန်ကြီးချုပ်ဟောင်း ဒေါက်တာခက်အောင်၊ ပြည်နယ်ဝန်ကြီးဟောင်းများဖြစ်ကြသော ဦးဝေလင်း၊ ဦးဝင်းညွန့်၊ ဦးလဆိုင်း(ခ) ဦးဒါရှီလဆိုင်း၊ ဦးနော်လီ (ခ) ဇခေါင်ခမ်းရယ်၊ ဦးဇော်ဝင်းနှင့် ဦးနေဝင်းတို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၅ အရလည်းကောင်း၊ ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးနိုင်အပေါ် ယင်းဥပဒေ ပုဒ်မ ၅၆ အရလည်းကောင်း ကချင်ပြည်နယ် တရားလွှတ်တော်တွင် ၂၀-၉-၂၀၂၁ ရက်နေ့၌ တရားစွဲဆိုတင်ပို့ခဲ့ရာ ရာဇဝတ်ကြီးမှုအမှတ် ၁/၂၀၂၁ မှ ၁၂/၂၀၂၁ အထိ အမှု ၁၂ မှုဖြင့် လက်ခံစစ်ဆေးခဲ့သည်။

၎င်းအမှုများအပေါ် ပြစ်မှုထင်ရှားသဖြင့် ကချင်ပြည်နယ်တရားလွှတ်တော်က မေ ၂၂ ရက်တွင် ဒေါက်တာခက်အောင်အား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ် ကျခံစေရန်၊ ဦးဝေလင်းအား အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၅ အရ အလုပ်နှင့် ထောင်ဒဏ် ကိုးနှစ် ကျခံစေရန်၊ ဦးဝင်းညွန့်၊ ဦးလဆိုင်း (ခ) ဦးဒါရှီလဆိုင်း၊ ဦးနော်လီ (ခ) ဇခေါင်ခမ်းရယ်၊ ဦးဇော်ဝင်းနှင့် ဦးနေဝင်းတို့အား အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၅ အရ အလုပ်နှင့် ထောင်ဒဏ် သုံးနှစ်စီ ကျခံစေရန်နှင့် ညွှန်ကြားရေးမှူး ဦးစိုးနိုင်အား အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၆ အရ အလုပ်နှင့် ထောင်ဒဏ် ရှစ်လနှင့် ဒဏ်ငွေကျပ် သုံးသိန်းကို တစ်ပေါင်းတည်းကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

◆ *ကျောဖုံးမှ*

လုပ်ဆောင်ခဲ့ခြင်း တို့ကြောင့်လည်းကောင်း စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀ (ဈ)နှင့် ၅၀(ည) တို့အရ ၂၀၂၂ ခုနှစ် မေ ၂၂ ရက်တွင် ၎င်းတို့ကို "ထောင်ဒဏ် တစ်သက်" ပြစ်ဒဏ်ကို အသီးသီး အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။



ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၀၂(၂) အမှုမှ တရားခံ ကျော်သီဟထွန်း (ခ)သီဟ၏ မှတ်တမ်းဓာတ်ပုံ။

အလားတူ လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်နေ ကျော်သီဟထွန်း (ခ) သီဟ (ဘ) ဦးသိန်းထွန်းသည် ၂၀၂၁ ခုနှစ် မတ် ၁၄ ရက်နှင့် ၁၅ ရက်တွင် အရိုး၊ ဟန်ဦး၊ ဖိုးသကြန်၊ နွယ်ထွန်း(ခ)လွယ်ထွန်း၊ ကြွံကြီး (ခ)ကျော်မိုးထက်၊ ဇော်မျိုးထက်၊ ကိုမင်း၊ အရှည်ကြီး (ခ) ဝတုတ်၊ ထွန်းထွန်းအောင်(ခ)ဘိုထွန်း(ခ) ဂျပန်ကြီး (ခ) ဝင်းနိုင်တို့နှင့်အတူ အမှတ် (၈) ရပ်ကွက် အောင်ရတနာလမ်းနေ ဦးသိန်းဦး(ခ) ဦးမြင့်ဌေးနှင့် ဦးမြသန်း(ခ)စွန်ရဲ တို့အား ဒလန်ဟုစွပ်စွဲ၍ ဝိုင်းဝန်းရိုက်နှက်ခဲ့ကြပြီး တာယာကွင်းများပေါ်တင်၍ ဓာတ်ဆီလောင်း၍ မီးရှို့သတ်ဖြတ်ခဲ့ခြင်းဖြင့် လူသတ်မှုကျူးလွန်ရာ၌ အားပေးကူညီမှု ပြုခဲ့သည့်အတွက် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၀၂(၂)/၁၁၄ အရ ၂၀၂၂ ခုနှစ် မေ ၂၂ ရက်တွင် ၎င်းအား "အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၂၀ နှစ်" ပြစ်ဒဏ်ကို အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

● *ကျောဖုံးမှ*

ပွဲအစ သုံးမိနစ်တွင် တာဗာရက်စ်၏ သွင်းဂိုးဖြင့် အာဆင်နယ်အသင်း ဦးဆောင်နိုင်ခဲ့သည်။ ပွဲချိန် ၂၇ မိနစ်တွင် အာဆင်နယ်အသင်းမှ အင်ခီတီယာ ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဗွီအေအာရ်က ပယ်ဖျက်ခဲ့သောကြောင့် နစ်နာခဲ့ရသည်။ သို့သော်လည်း ပွဲချိန် ၃၂ မိနစ်တွင် အာဆင်နယ်အသင်း ပယ်နယ်တီကန်သွင်းခွင့်ရရှိခဲ့ပြီး ဆာကာက အမှားအယွင်းမရှိ အဆုံးသတ်နိုင်ခဲ့သည့်အတွက် ဒုတိယဂိုးရရှိခဲ့သည်။

မန်ယူအသင်းအတွက် ချေပဂိုးကို ပွဲချိန် ၃၄ မိနစ်တွင် ရရှိခဲ့ပြီး မာတစ်၏ ဖန်တီးမှုမှ စီရော်နယ်ဒိုက သွင်းယူပေးခဲ့သည်။ ထို့အပြင် ပွဲချိန် ၃၄ မိနစ်၌ မန်ယူအသင်း ပယ်နယ်တီကန်သွင်းခွင့် ရရှိခဲ့သော်လည်း ဖာနန်ဒက်စ် အဆုံးသတ်ကန်သွင်းရာ လွဲချော်ခဲ့သည့်အတွက် ချေပဂိုးနှင့် ဝေးကွာခဲ့ရသည်။ အာဆင်နယ်အသင်းအတွက် တတိယဂိုးကို ပွဲချိန် မိနစ် ၇၀ တွင် ဇာကာက သွင်းယူပေးခဲ့သည်။ ထို့နောက်တွင် ပွဲချိန်ပြည့်သည်အထိ တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် အာဆင်နယ်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အသင်းမှ ဆာကာသည် ယခုပွဲစဉ်တွင် ဂိုးသွင်းယူနိုင်ခဲ့သောကြောင့် ယခုနှစ်ရာသီတွင် ပြိုင်ပွဲစုံ သွင်းဂိုး ၁၂ ဂိုးဖြင့် အာဆင်နယ်အသင်း၏ သွင်းဂိုးအများဆုံးကစားသမား ဖြစ်လာခဲ့သည်။

အခြားပွဲစဉ်ရလဒ်များမှာ မန်စီးတီးက ဝက်ဖို့ဒ်ကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး နော့ဝှစ်ကို နယူးကာဆယ်က သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။ လက်စတာနှင့် ဗီလာပွဲမှာ ဂိုးမရှိသရေဖြစ်ခဲ့သည်။ **အောင်ဇော်**

# အောင်မြင်လိုသူတိုင်းအတွက် စိတ်ခွန်အားမြှင့်တင်ခြင်း

**သိန်းထွန်း (IR)**

❍ **စိတ်ခွန်အားမြှင့်တင်ရာတွင် အရေးကြီးသည်မှာ စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်ရန်နှင့် ကျရှုံးမှုကို မကြောက်ရန်ဖြစ်ပါသည်။ အကြောက်တရားသည် အောင်မြင်သူများနှင့် မအောင်မြင်သူများကို ပိုင်းခြားထားသည့် အပိုင်းအခြားတစ်ခုဖြစ်ပါသည်။ သို့သော် မကြောက်ရန်ဆိုသည်မှာလည်း ဆင်ကန်းတောတိုး လုပ်ဆောင်ခြင်းကြောင့် ကျရှုံးမည်ကို မကြောက်သည့် သဘောမဟုတ်ချေ**

### အဓိကမောင်းနှင်အား

လူတစ်ဦးအတွက် စိတ်ခတ်တက်ကြွခြင်း၊ ပျော်ရွှင်ခြင်း၊ အောင်မြင်ခြင်း အပါအဝင် မိမိတို့၏ ရည်မှန်းချက်များရရှိရန် ကြိုးစားအားထုတ်ကြရာတွင် စိတ်ခွန်အားများသည် ဘဝတိုးတက်ရာတိုးတက်ကြောင်းအတွက် အဓိကမောင်းနှင်အားအဖြစ် တွေ့ရပါသည်။ စိတ်ခွန်အားများသည် လူတစ်ယောက်အား နောက်ကွယ်မှ မောင်းနှင်နေသည့် စွမ်းအားများ ဖြစ်ကြပါသည်။ ထိုစိတ်ခွန်အားများကို ကိုယ်တိုင်က သိရှိထိန်းကျောင်းခြင်းဖြင့် ထူးခြားသော ကိုယ်ရည်ကိုယ်သွေးများ ရရှိနိုင်ပါသည်။

တစ်ခါတစ်ရံ လူတစ်ဦးတစ်ယောက်အတွက် ကိုယ်တိုင်ကြောင့်ဖြစ်စေ၊ ပတ်ဝန်းကျင်၏ ဂယက်ကြောင့်ဖြစ်စေ တစ်ခါတစ်ရံ သို့မဟုတ် အချိန်ကာလတစ်ခု သို့မဟုတ် နေ့စဉ်လိုလို စိတ်ခတ်ကျဆင်းခြင်း၊ မလုပ်ချင် မကိုင်ချင်စိတ်ဖြစ်ခြင်း၊ မျှော်လင့်ချက်များ ကုန်ဆုံးခြင်း၊ လက်လျှော့လိုစိတ်ဖြစ်ခြင်းကဲ့သို့သော စိတ်ပိုင်းဆိုင်ရာ အားနည်းခြင်းများ ဖြစ်တတ်ကြပါသည်။ ယင်းသို့သော စိတ်အခြေအနေများသည် ရှိရင်းစွဲအခြေအနေကိုပင် ပိုမိုဆုတ်ယုတ်စေတတ်ရာ မိမိ၏စိတ်ခွန်အားများ ပြောင်းလဲခြင်း သို့မဟုတ် မြှင့်တင်ခြင်းဖြင့် ပြောင်းလဲနိုင်ပါသည်။ စိတ်ခွန်အား ပြောင်းလဲခြင်းမှတစ်ဆင့် မိမိတို့၏ အတွေးအခေါ်၊ အပြုအမူများနှင့် အရည်အသွေးများ ပြောင်းလဲလာစေပြီး ဘဝရည်မှန်းချက်ဆိုင်ရာ အပြုသဘောရလဒ်များကို ဖန်တီးရရှိစေနိုင်ပါသည်။

အောင်မြင်မှုကို ဆာလောင်နေသူတိုင်းသည် အပြုသဘောစွမ်းအားများ မွေးမြူကြရပါသည်။ ယင်းစွမ်းအားများကို စိတ်ခွန်အားမြှင့်တင်ခြင်းဖြင့် ရရှိနိုင်ပါသည်။ စိတ်ခွန်အားမြှင့်တင်ခြင်း၏ ဆန့်ကျင်ဘက်မှာ စိတ်ခတ်ကျဆင်းခြင်း၊ မပျော်ရွှင်ခြင်း၊ တွေဝေခြင်း၊ လက်လျှော့လိုခြင်းကဲ့သို့သော စိတ်ပိုင်းဆိုင်ရာ အပျက်သဘောများ ဖြစ်ပါသည်။ အပြုသဘောစိတ်ခွန်အား၊ အပျက်သဘာ စိတ်ခွန်အား နှစ်ခုစလုံးသည် လူတစ်ဦးတစ်ယောက်အတွက်သာမက အဖွဲ့အစည်းတစ်ခုအပေါ်အထိ အကျိုးသက်ရောက်မှုများ ဖြစ်စေတတ်သည်ကို သတိထားပြုပြင်ခြင်းဖြင့် လူတစ်ဦးအတွက် အဓိက မောင်းနှင်အားကို ထိန်းကျောင်းရယူနိုင်ပါသည်။

### စိတ်ခွန်အားမြှင့်တင်ခြင်း

စိတ်ခွန်အားမြှင့်တင်ခြင်းသည် အိပ်မက်များကို လက်တွေ့အဖြစ်သို့ ပြောင်းလဲစေနိုင်ပြီး မိမိတို့၏ ရည်မှန်းချက်များပြည့်ဝစေရန် ကူညီပေးနိုင်သည့် အခြေခံကျွမ်းကျင်မှုတစ်ရပ်ဖြစ်ပါသည်။ ထိုစိတ်ခွန်အားမြှင့်တင်ခြင်းကို စိတ်ကူးဖြင့် လွယ်လွယ်ကူကူ လက်ခံနိုင်သော်လည်း လက်တွေ့ကျင့်ကြံရာတွင် လွယ်လွယ်ကူကူနှင့် မရတတ်ချေ။ တစိုက်မတ်မတ်လုပ်ဆောင်ကြရပါသည်။ ထိုကျွမ်းကျင်မှုများရရှိရန် ကိုယ်တိုင်ဆုံးဖြတ်ချက်များ ခိုင်မာရသည်။ စဉ်ဆက်မပြတ် ထိန်းကျောင်းရန် ဇွဲ၊ လုံ့လ၊ ဝီရိယများ လိုအပ်ပါသည်။

**“စိတ်ခွန်အား မြှင့်တင်ခြင်းသည် အိပ်မက်များကို လက်တွေ့အဖြစ်သို့ ပြောင်းလဲစေနိုင်ပြီး မိမိတို့၏ ရည်မှန်းချက်များ ပြည့်ဝစေရန် ကူညီပေးနိုင်သည့် အခြေခံ ကျွမ်းကျင်မှုတစ်ရပ်ဖြစ်”**

အောင်မြင်မှုတိုင်းတွင် ကြိုးစားအားထုတ်မှုပါဝင်ရပါသည်။ မိမိတို့၏ ဘဝရည်မှန်းချက်များ လက်တွေ့အကောင်အထည်ဖော်ရန်၊ လက်ရှိကြုံတွေ့နေရသည့် အခက်အခဲအကျပ်အတည်းများမှ ရုန်းထွက်ရန်နှင့် ပိုမိုကောင်းမွန်သောနေထိုင်မှုပုံစံ ပြောင်းလဲရန်ဆိုပါက အခြေခံလုပ်ဆောင်ရန်မှာ မိမိ၏စိတ်ခွန်အားများကို ပြောင်းလဲမြှင့်တင်ရန်ပင် ဖြစ်ပါသည်။ ဘဝတွင် ကြီးကျယ်ခမ်းနားသော အောင်မြင်မှုရရှိသူတိုင်းသည် မိမိတို့အမှန်တကယ် လိုချင်သောအရာများ ရရှိရန်အတွက် စိတ်ခွန်းအားကို အမြဲတစေမြှင့်တင်ပေးလျက်ရှိကြသည်ကို တွေ့နိုင်ပါသည်။

သို့သော် စိတ်ခွန်အားသဘောမှာလည်း လူတစ်ဦး၌ပင်လျှင် တစ်ပြေးညီ ရှိမနေတတ်ပေ။ တစ်ခုခုလုပ်မည်ဆိုသည့်အခါ စိတ်တွင် တွန့်ဆုတ်နေခြင်း၊ ကြောက်ရွံ့နေခြင်း၊ စိုးရိမ်နေခြင်း၊ မိမိကိုယ်မိမိမယုံကြည်ခြင်း၊ အချိန်ဆွဲနေခြင်းကဲ့သို့သော အခြေအနေများ ပြောင်းလဲဖြစ်ပေါ်နေတတ်ကြပါသည်။ ယင်းအခြေအနေကို သိရှိနေခြင်းဖြင့် စိတ်ခွန်အားအပြောင်းအလဲကို ပြုပြင်ကြရပါသည်။

စိတ်ထောင်းတော့ ကိုယ်ကြေဆိုသည့် စကားကဲ့သို့ စိတ်ခွန်အားအနိမ့်အမြင့်၊ အတက်အကျသည် ကာယကံရှင်၏ စဉ်းစားတွေးခေါ်ပုံမှအစ အပြုအမူ၊ အပြောအဆိုနှင့် လုပ်ရည်ကိုင်ရည်များအပေါ် သက်ရောက်နေပါသည်။ တစ်ခါတစ်ရံ တစ်ဦးချင်းသက်ရောက်မှုများမှတစ်ဆင့် ပတ်ဝန်းကျင်သို့ပင် သက်ရောက်လာသည်များ ရှိတတ်ကြသည်။ စိတ်ခွန်အားကျဆင်းနေသည့် လူတစ်ဦး၏ စဉ်းစားတွေးခေါ်မှု၊ အပြောအဆိုနှင့် အပြုအမူများသည် ထိုသူနှင့်ဆက်စပ်နေသူများကို ကူးစက်လာတတ်သည့်သဘောဖြစ်သည်။ ထိုမှတစ်ဆင့် စွမ်းဆောင်ရည်များ ကျဆင်းလာတတ်ပြီး ရည်မှန်းချက်များနှင့် တဖြည်းဖြည်းဝေးလာမည်ဖြစ်သည်။ ရည်မှန်းချက်များနှင့် ပို၍ပို၍နီးလိုပါက စိတ်ခွန်အားများကို မြှင့်တင်ကြရမည်ဖြစ်သည်။

ထိုစိတ်ခွန်အားများ မြှင့်တင်ရန်အတွက် နည်းလမ်းများစွာ ရှိကြပါသည်။ တစ်ဦးနှင့် တစ်ဦး၏ စိတ်ခွန်အားအခြေအနေ မတူညီတတ်ကြသဖြင့် စိတ်ခွန်အားမြှင့်တင်ရာတွင်လည်း တစ်ဦးနှင့်တစ်ဦး မတူညီနိုင်ချေ။ လူတစ်ဦးချင်းတစ်ယောက်ချင်းအတွက် စိတ်ခွန်အားမြှင့်တင်သည့် နည်းလမ်းများစွာအနက် လူတိုင်းအတွက် အသုံးဝင်မည့် အောက်ပါနည်းလမ်းအချို့ကို တွေ့ရပါသည် -

### ခိုင်မာသော ဆုံးဖြတ်ချက်ချခြင်းနှင့် အသုံးချခြင်း

စိတ်ခွန်အားမြှင့်တင်ခြင်းသည် လူတစ်ဦးအား မိမိကိုယ်မိမိ နားလည်သိရှိရန် အထောက်အကူဖြစ်စေပြီး ခိုင်မာသောဆုံးဖြတ်ခြင်းနှင့် လက်တွေ့အသုံးချခြင်းဖြင့် မိမိတို့၏ ထူးခြားသော အစွမ်းအစများကို လက်တွေ့နားလည်စေပါသည်။ တိမ်မြုပ်နေသည့် အလားအလာများနှင့် အခွင့်အလမ်းများ သိရှိနားလည်သည်အထိ ရရှိသည့်တိုင် အပြောင်းအလဲဟု မဆိုနိုင်သေးပါ။ မိမိရည်မှန်းချက်အတွက် ခိုင်မာသောဆုံးဖြတ်ခြင်းနှင့် လက်တွေ့အသုံးချခြင်းသည်သာ ကိုယ်ပိုင်ကိုယ်ရည်ကိုယ်သွေး အပြောင်းအလဲကိုဖြစ်စေသည့် စိတ်ခွန်အားမြှင့်တင်ခြင်း လုပ်ငန်းစဉ်များ ဖြစ်ကြပါသည်။

စိတ်ခွန်အားဖြစ်စေသည့် စာများဖတ်ရှုခြင်း သို့မဟုတ် မိမိ၏လက်တွေ့ဘဝ အခြေအနေများကို စိန်ခေါ်မှုရှိသော လူများနှင့်တွေ့ဆုံခြင်းသည် လက်ရှိ မနှစ်မြို့ဖွယ်အခြေအနေများကို အောင်မြင်မှုအဖြစ်သို့ ပြောင်းလဲပေးနိုင်ပါသည်။ ထို့ကြောင့် စိတ်ခွန်အားမြှင့်တင်ခြင်းသည် ဘဝ၏ အရည်အသွေးတိုးတက်ရေးကို အထောက်အကူဖြစ်စေပြီး လူမှုဝန်းကျင်အတွင်း ထူးခြားသော ပုဂ္ဂိုလ်တစ်ဦးအဖြစ်သို့ ရောက်ရှိစေပါသည်။

### မိမိကိုယ်မိမိ ယုံကြည်မှုတည်ဆောက်ခြင်း

မိမိကိုယ်မိမိ ယုံကြည်မှုတည်ဆောက်ခြင်းသည် စိတ်ခွန်အားအပြောင်းအလဲအတွက် အရေးပါသော လိုအပ်ချက်တစ်ခုဖြစ်ပါသည်။ ဝမ်းနည်းစရာကောင်းသည်မှာ လူငယ်အတော်များများသည် မိမိကိုယ်မိမိ မယုံကြည်ကြခြင်းဖြစ်သည်။ အခက်အခဲအကျပ်အတည်းများကြားတွင် လူအချို့မှာ ယုံကြည်ချက်များပျောက်ဆုံး၍ အိပ်မက်များနှင့် မျှော်လင့်ချက်များကို လက်လျှော့လိုက်တတ်ကြသည်။ “ငါလုပ်နိုင်တယ်ဆိုသည့် စိတ်ခတ်” မရှိခြင်းသည် အရင်းခံအကြောင်းတစ်ခုအဖြစ် တွေ့ရလေ့ရှိသည်။

လူတိုင်းသည် မတူညီသောဘဝအခြေအနေအမျိုးမျိုးတွင် ဖြတ်သန်းကြသည်ဖြစ်ရာ စိတ်ပိုင်းဆိုင်ရာခံစားချက်၊ မိမိကိုယ်မိမိ ယုံကြည်မှုတို့တွင်လည်း ကွဲပြားခြားနားတတ်ကြပါသည်။ မည်သို့ပင်ဆိုစေ မိမိကိုယ်မိမိယုံကြည်မှုသည် ပြုစုပျိုးထောင်နိုင်ပါသည်။ မိမိကိုယ်မိမိ ယုံကြည်မှုမရှိသူများအတွက် ယုံကြည်မှုကို ပြုစုပျိုးထောင်နိုင်သကဲ့သို့ ဘဝတွင်ပြင်းထန်သော ပြင်ပလောကခံအခြေအနေများကြောင့် မိမိကိုယ်မိမိ ယုံကြည်မှုပျောက်ဆုံးနေသူများအနေဖြင့်လည်း ယုံကြည်မှု ပြန်လည်တည်ဆောက်ရန် အခွင့်အရေးရှိနေကြပါသည်။ စိတ်ခွန်အားမြှင့်တင်ခြင်းသည် အရာရာတွင် လျစ်လျူရှုပစ်ပယ်ခံရသူများ၊ အထူးသဖြင့် လူငယ်များကို အထောက်အကူဖြစ်စေပါသည်။ စိတ်ခွန်အားမြှင့်တင်ခြင်းဖြင့် အသက်ရှင်ရပ်တည်ရန် သို့မဟုတ် အောင်မြင်သော ဘဝများသို့ တက်လှမ်းနိုင်ရန် ယုံကြည်မှုများကို ဖန်တီးပေးနိုင်ပါသည်။

မိမိကိုယ်မိမိ ယုံကြည်မှုတည်ဆောက်သည်ဆိုရာတွင် မိမိကိုယ်မိမိ ယုံကြည်စေနိုင်လောက်သည့် အရည်အသွေးများ၊ ကျွမ်းကျင်မှုများရှိရန်လည်း ကြိုးစားကြရပါသည်။ သို့မှသာ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင်ဖြစ်စေ၊ လုပ်ကိုင်ဆောင်ရွက်ရာတွင်ဖြစ်စေ မိမိကိုယ်မိမိ ယုံကြည်မှုတိုးမြင့်လာနိုင်ပါသည်။ ယုံကြည်မှုနှင့်ပတ်သက်၍ အခြားတစ်ဖက်တွင် ယုံကြည်မှုလွန်ကဲခြင်းလည်း ဖြစ်တတ်ပါသည်။

### ကျရှုံးမှုများကို မကြောက်ရွံ့ခြင်း

စိတ်ခွန်အားမြှင့်တင်ရာတွင် အရေးကြီးသည်မှာ စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်ရန်နှင့် ကျရှုံးမှုကို မကြောက်ရန်ဖြစ်ပါသည်။ အကြောက်တရားသည် အောင်မြင်သူများနှင့် မအောင်မြင်သူများကို ပိုင်းခြားထားသည့် အပိုင်းအခြားတစ်ခုဖြစ်ပါသည်။ သို့သော် မကြောက်ရန်ဆိုသည်မှာလည်း ဆင်ကန်းတောတိုးလုပ်ဆောင်ခြင်းကြောင့် ကျရှုံးမည်ကို မကြောက်သည့် သဘောမဟုတ်ချေ။ မကြာခဏဆိုသလို ကျရှုံးမည်ကို စိုးရိမ်ကြောက်ရွံ့ခြင်းကြောင့် မိမိတို့ကို အောင်မြင်မှု အထွတ်အထိပ်သို့ ပို့ဆောင်ပေးနိုင်သည့် လုပ်ငန်းသစ်တစ်ရပ်တွင် ပါဝင်ဆောင်ရွက်ရန် သို့မဟုတ် အခြားသော စိန်ခေါ်မှုအသစ်တစ်ခုကို လုပ်ဆောင်ရန် အဟန့်အတားဖြစ်စေတတ်ပါသည်။

အယ်လ်ဘတ်အိုင်းစတိုင်းက မင်းဟာ ယခင်ကလုံးဝမကျရှုံးဖူးသေးဘူးဆိုရင် အဲဒါဟာ အသစ်တစ်ခုခုကို မင်းဘယ်တုန်းကမှ စမ်းပြီး မလုပ်ဖူးသေးဘူးလို့ ဆိုလိုကြောင်း ပြောဖူးပါသည်။ ထို့ကြောင့် လူတစ်ယောက် မည်သို့သောအခြေအနေတွင် ကြီးပြင်းလာသည်ဖြစ်စေ လူတစ်ယောက်၏ စိတ်ခွန်အားမြှင့်တင်ရာတွင် သိသာထင်ရှားသည့် အဓိကအချက်တစ်ခုမှာ မိမိတို့၏ကြောက်ရွံ့မှုများကို ဖယ်ရှားပစ်ရန်နှင့် အောင်မြင်မှုအတွက် သတ္တိများ အစားထိုးရန် ဖြစ်ပါသည်။

သတ္တိများသည် တွေ့ကြုံလာနိုင်သည့် အခက်အခဲအတားအဆီးများကို ရင်ဆိုင်နိုင်ရန်ဖြစ်ပါသည်။ လွယ်လွယ်နှင့်လက်မလျှော့ရန် သတ္တိလိုအပ်ပါသည်။ သို့မှသာ မိမိဆုံးဖြတ်ထားသည့် ဆုံးဖြတ်ချက်များအတိုင်း မဆုတ်မနစ် လျှောက်လှမ်းနေနိုင်မည်ဖြစ်ပါသည်။

### ပိုမိုကောင်းမွန်သော စိတ်ကူးစိတ်သန်းများ

စိတ်ခွန်အားမြှင့်တင်ရေးတွင် ပိုမိုကောင်းမွန်သော စိတ်ကူးစိတ်သန်းများ ရှာဖွေခြင်းနှင့် အသုံးချခြင်းသည်လည်း လက်ရှိအခက်အခဲများမှ ဖောက်ထွက်နိုင်ရန်နှင့် တိုးတက်သောအခြေအနေ ဖန်တီးရန် အထောက်အကူ ဖြစ်စေပါသည်။ ပိုမိုကောင်းမွန်သော စိတ်ကူးစိတ်သန်းများဆိုသည်က သူ့အလိုလို ပေါ်ပေါက်လာတတ်သည် မဟုတ်ချေ။ အမြဲတမ်းပြောင်းလဲနေသည့် ဤကမ္ဘာတွင် အကြောင်းအရာအသစ်များကို စဉ်ဆက်မပြတ် လေ့လာသင်ယူခြင်းဖြင့် အတွေ့အကြုံသစ်များ၊ စိတ်ကူးစိတ်သန်းအသစ်များကို ရရှိစေမည်ဖြစ်သည်။

### လက်ရှိအချိန်ကို အကျိုးရှိရှိအသုံးချ

စိတ်ခွန်အားပြောင်းလဲခြင်းသည် လူတိုင်းအတွက် အသုံးဝင်သော အလေ့အကျင့်တစ်ခု ဖြစ်ပါသည်။ ဘဝတိုးတက်အောင်မြင်လိုသူများအတွက်သာမက ဘဝအခက်အခဲများနှင့် ရင်ဆိုင်နေရသူများအတွက်လည်း လိုအပ်ပါသည်။ အောင်မြင်မှုလမ်းစများ၊ အခွင့်အလမ်းများနှင့် ကံကောင်းခြင်းများဆိုသည်က မိမိထံသို့ သူ့အလိုလို ရောက်လာသည်မဟုတ်ဘဲ ကိုယ်တိုင်လုပ်ကိုင် ဖန်တီးယူကြရပါသည်။ ထိုသို့ဖန်တီးယူရန် အကောင်းဆုံးအချိန်သည် ယခုအချိန်ပင် ဖြစ်ပါသည်။ *စာမျက်နှာ ၁၁ သို့*



ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း ဆည်ပြုပြင်ရန်အတွက် ဆရာတော်ထံ ငွေကျပ်သိန်း ၁၅၀ ဆက်ကပ်လှူဒါန်းစဉ်။

## ရခိုင်ပြည်နယ်ဝန်ကြီးချုပ် တောင်ကုတ်မြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှု

**စစ်တွေ ဧပြီ ၂၃**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းနှင့် တာဝန်ရှိသူများသည် ဧပြီ ၂၁ ရက်က တောင်ကုတ်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ကုတ်မြို့နယ် ကျေးရွာများသို့ ရေဖြန့်ဝေပေးလျက်ရှိသော ဝက်ကျိတ်ဆည်ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန ပြည်နယ်ဦးစီးမှူးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာတို့က ဆည်အတွင်း ရေသိုလှောင်နိုင်မှုအခြေအနေ၊ ဆည်ကြွံခိုင်မှုအခြေအနေ၊ တာပေါင်ပြုပြင်ရန်လိုအပ်မှုအခြေအနေနှင့် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများသို့ ရေဖြန့်ဝေပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ကုတ်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအား ခြံစည်းရိုးကာရံပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် အခြေအနေများအားလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးကြရာ မြို့နယ်ပညာရေးမှူး ဦးကျော်ထွန်းအောင်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ညနေပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ကုတ်မြို့ မဟာသဒ္ဓမ္မပန်းကုံး ပရိယတ္တိစာသင်တိုက်၌ သံဃာတော်များ သောက်သုံးရေအဆင်ပြေစေရန်အတွက် ရေဖြန့်ဝေပေးမည့်ဆည်ကို ပြုပြင်ရန်အတွက် ရခိုင်ပြည်နယ် အစိုးရအဖွဲ့က လှူဒါန်းသော အလှူငွေကျပ် သိန်း ၁၅၀ ကို ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး မိသားစုက လှူဒါန်းငွေကျပ် သုံးသိန်းကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ကုတ်မြို့ နယ်စပ်ကုန်သွယ်တံတား တည်ဆောက်မည့် ဆိပ်ခံတံတားနေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်ပသို့ တင်ပို့မည့် ကုန်ပစ္စည်းများ သင်္ဘောပေါ်သို့ အတင်အချပြုလုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

## မုံရွာပညာရေး ဒီဂရီကောလိပ် ပညာရေးဘွဲ့စာပေးစာယူပထမနှစ်သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၄၉၅ ဦး တက်ရောက်

**မုံရွာ ဧပြီ ၂၃**

မုံရွာပညာရေး ဒီဂရီကောလိပ် ပညာရေးဘွဲ့ စာပေးစာယူ ပထမနှစ်သင်တန်း အမှတ်စဉ် (၁/၂၀၂၂) သင်တန်းသား သင်တန်းသူများ ကြိုဆိုပွဲအခမ်းအနားကို ဧပြီ ၂၂ ရက် နံနက်ပိုင်းတွင် မုံရွာပညာရေး ဒီဂရီကောလိပ်ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ယခုသင်တန်းသည် နိုင်ငံတော်တည်ဆောက်ရေးတွင် အရေးပါသည့် ပညာရေးကဏ္ဍအတွက် ဆရာ ဆရာမများကို ပိုမိုအရည်အသွေးပြည့်ဝစေရေး ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန် ဆရာ ဆရာမများကလည်း အမြဲသင်ယူလေ့လာနေရန် လိုအပ်သည့်အပြင် သင်ရိုးညွှန်းတမ်းများကိုလည်း အကြောင်းအရာအခြေပြုသင်ရိုးညွှန်းတမ်းမှ တတ်ကျွမ်းမှုအခြေပြုသင်ရိုးညွှန်းတမ်းအဖြစ် ပြောင်းလဲလာပြီ ဖြစ်ကြောင်း၊ သင်ကြားရေးတာဝန်များ ထမ်းဆောင်ရာတွင် လိုအပ်သော ကျွမ်းကျင်မှုများ ရရှိအောင် လေ့လာသင်ကြားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းသား သင်တန်းသူများအတွက် ငွေကျပ် ၁၄၈၅၀၀၀၀ ကို သင်တန်းသား သင်တန်းသူများထံ ပေးအပ်သည်။ ထို့နောက် မုံရွာပညာရေး ဒီဂရီကောလိပ်မှ ပါမောက္ခချုပ် ဒေါက်တာမင်းမင်းသိမ့်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ မုံရွာပညာရေး ဒီဂရီကောလိပ် ပညာရေးဘွဲ့ စာပေးစာယူ ပထမနှစ်သင်တန်း အမှတ်စဉ် (၁/၂၀၂၂)တွင် ပညာရေးဘွဲ့မရရှိသူ ဆရာ ဆရာမများ၊ အခြေခံပညာဦးစီးဌာနမှ အထက်တန်းပြ၊ အလယ်တန်းပြ၊ မူလတန်းကျောင်းအုပ်နှင့် ရုံးဝန်ထမ်းများ စုစုပေါင်း ၄၅၇ ဦး၊ ဟားခါးပညာရေးဒီဂရီကောလိပ်မှ ပြောင်းရွှေ့တက်ရောက်သည့် သင်တန်းသား၊ သင်တန်းသူ ၃၈ ဦး စုစုပေါင်း ၄၉၅ ဦး တက်ရောက်သင်ယူမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ကလေးအလုပ်သမားပပျောက်ရေးအတွက် အလုပ်ရုံ၊ စီးပွားရေးလုပ်ငန်းများတွင် ဒုတိယအကြိမ် ကလေးအလုပ်သမားစစ်တမ်း ကောက်ယူမည်

**တာမွေ ဧပြီ ၂၃**

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်အတွင်းရှိ အစားအစာထုတ်လုပ်ခြင်းကဏ္ဍ၊ လက်ကားနှင့်လက်လီ ရောင်းဝယ်ရေး၊ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ် ပြင်ဆင်ခြင်းကဏ္ဍများ၌ ကလေးအလုပ်သမား လျော့နည်းပပျောက်စေရေးအတွက် အခြေခံအချက်အလက်များ စာရင်းကောက်ယူနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က တာမွေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တာမွေမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကိုးအောင်က အမှာစကား ပြောကြားသည်။ ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဗဟိုစာရင်းအင်းအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အုန်းမြင့်က ကလေးလုပ်သား လျော့နည်းပပျောက်စေရေးအတွက် ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးလုပ်ငန်းပေါင်း ၄၂၉၅ ခုရှိ ကလေးအလုပ်သမားစစ်တမ်းကို ပထမအကြိမ်အဖြစ် ကောက်ယူခဲ့ပြီး မြန်မာနိုင်ငံ ကလေးအလုပ်သမား ပပျောက်ရေးစီမံချက်ဆိုင်ရာ အမျိုးသားကော်မတီသို့ တင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ အဆိုပါ ကလေးအလုပ်သမားစစ်တမ်းကို ဒုတိယအကြိမ် ကောက်ယူနိုင်ရန် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ အနေဖြင့် လိုအပ်သည့် ဝိုင်းဝန်းပူးပေါင်းကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက မြို့နယ်အတွင်းရှိ ကလေးအလုပ်သမား စာရင်းကောက်ယူရရှိနိုင်ရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ရန်ကုန်တိုင်းဒေသကြီး ဗဟိုစာရင်းအင်းအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အုန်းမြင့်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များလဲကျပြီး လမ်းပိတ်ဆို့သည့်နေရာများ၌ စုပေါင်းရှင်းလင်း

**ပြည် ဧပြီ ၂၃**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့၌ ဧပြီ ၂၁ ရက် ညနေပိုင်းက လေပြင်းတိုက်မှုကြောင့် နဝဒေးရပ်ကွက် နဝဒေးလမ်းတွင် သစ်ပင်များလဲကျပြီး လမ်းများပိတ်ဆို့ခဲ့ရာ ဧပြီ ၂၂ ရက် နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ပြည်တပ်နယ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက လဲကျနေသော သစ်ပင်များခုတ်ထွင်ရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ပေးသည်။

ထိုသို့သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်မှုကို ပြည်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

သက်သောင့်သက်သာအခြေအနေတွင် ရောက်ရှိနေသည်ဖြစ်စေ၊ အခက်အခဲ အကျပ်အတည်းများအတွင်း ရောက်ရှိနေသည်ဖြစ်စေ၊ မျှော်လင့်ချက်များဝေဝါးနေချိန်တွင်ဖြစ်စေ မိမိကိုယ်မိမိ စိတ်ခွန်အားမြှင့်တင်၍ ကြိုးစားကြရမည် ဖြစ်ပါသည်။ တစ်ဆင့်အောင်မြင်လေ မိမိရည်မှန်းချက်နှင့် တစ်ဆင့်နီးလေဖြစ်ပါသည်။ အခက်အခဲ အတားအဆီးများကို ကြောက်ရွံ့၍ အချိန်ဆွဲနေခြင်းကြောင့် မည်သည့်အချိန်တွင်မှ ရှေ့သို့ ရောက်တော့မည် မဟုတ်ချေ။

သို့ဖြစ်ရာ အချိန်တိုင်းသည် မိမိအတွက် တန်ဖိုးရှိသောအရာ ဖြစ်နေပါလိမ့်မည်။ အချိန်ဆိုသည်မှာ ဘဏ်ထဲရှိငွေနှင့်တူသည်ဟု ဆိုပါသည်။ ဘဏ်ထဲရှိ ထိုငွေသည် အကန့်အသတ်မဲ့ မဟုတ်။ မိမိသုံးဖြုန်းလျှင် သုံးဖြုန်းသလောက် ကုန်ဆုံးနေမည်ဖြစ်သည်။ တိုးပွားလာမည်မဟုတ်။ အချိန်ကုန်၍ အကျိုးမဲ့နေမည်ဖြစ်သည်။ အချိန်တိုင်းကို အကျိုးရှိရှိ အသုံးပြုမှသာ အောင်မြင်သောဘဝတစ်ခုကို ဖန်တီးယူနိုင်မည် ဖြစ်ပေသည်။

### အောင်မြင်မှုလျှို့ဝှက်ချက်

အောင်မြင်မှုသည် နတ်ရေကန်အတွင်း ပစ်ချသကဲ့သို့ နေ့ချင်းညချင်း ဖြစ်လာသည်တော့မဟုတ်ပါ။ လူအများစုသည် ယင်းအောင်မြင်နေသူများ၏ ကြီးကျယ်ခမ်းနားမှု၊ ပျော်ရွှင်မှု၊ ကြွယ်ဝချမ်းသာမှု၊ ကောင်းမွန်သော အလုပ်အကိုင်ကဲ့သို့သော အောင်မြင်မှုများကိုသာ တစ်ခဏတွင်း မြင်တွေ့တတ်ကြသော်လည်း ယင်းအောင်မြင်မှုများ နောက်ကွယ်မှ အရင်းခံအကြောင်းတရားများကို ကျော်သွားတတ်ကြပါသည်။

ထိုအရင်းခံအကြောင်းတရားများကို ကြည့်ရှုမှသာ အောင်မြင်မှု၏ လျှို့ဝှက်ချက်များကို မြင်တွေ့နိုင်မည်ဖြစ်သည်။ အခြားတစ်ဖက်တွင် အောင်မြင်မှုလျှို့ဝှက်ချက်များ မည်မျှပင်သိရှိစေကာမူ ယင်းလျှို့ဝှက်ချက်များကို ကျင့်ကြံကြိုးစားအားထုတ်မှုနှင့် ရေရှည်လုပ်ဆောင်နိုင်စွမ်းတို့ မပါဝင်ပါက မြင်သာမြင်၊ သိသာသိ၍ ရှေ့မရောက်သောသူကဲ့သို့ ဖြစ်နိုင်ပါသည်။

စိတ်ခွန်အားများမြှင့်တင်ရာတွင်လည်း အသိနှင့် လက်တွေ့ပေါင်းစပ်မှ ထိရောက်သော အကျိုးကျေးဇူး ခံစားနိုင်မည် ဖြစ်ပါသည်။ ။

# ပင်လည်ဘူးမြို့တွင် NLD ပါတီ ထောက်ခံသူအစွန်းရောက်အကြမ်းဖက်အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၏ ဥပဒေမဲ့ခြိမ်းခြောက်၊ လူသတ်၊ မီးရှို့၊ မိုင်းထောင်ဖောက်ခွဲမှုများကြောင့် လုံခြုံစိတ်ချရသောနေရာများတွင် နေထိုင်လျက်ရှိသော ဌာနဆိုင်ရာဝန်ထမ်းများကို စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများ ထောက်ပံ့ပေးအပ်

**နေပြည်တော် မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ်အတွင်း NLD ပါတီ ထောက်ခံသူ အစွန်းရောက် အကြမ်းဖက်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ ဥပဒေမဲ့ခြိမ်းခြောက်၊ လူသတ်၊ မီးရှို့၊ မိုင်းထောင်ဖောက်ခွဲမှုများကြောင့် ထွက်ပြေးတိမ်းရှောင်နေကြရပြီး မိမိတို့၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံစိတ်ချရသည့် နေရာများတွင် ခေတ္တနေထိုင်နေကြရသူများကို နေထိုင်စားသောက်မှု အဆင်ပြေစေရန်နှင့် ၎င်းတို့၏ ဒေသများတွင် ပြန်လည်နေထိုင်နိုင်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ မေ ၂၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သန်းထိုက်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ပင်လည်ဘူးမြို့တွင် NLD ပါတီ ထောက်ခံသူ အစွန်းရောက် အကြမ်းဖက်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ ဥပဒေမဲ့ ခြိမ်းခြောက်၊ လူသတ်၊ မီးရှို့၊ မိုင်းထောင်ဖောက်ခွဲမှုများကြောင့် လုံခြုံစိတ်ချရသော နေရာများတွင် နေထိုင်လျက်ရှိသော ဌာနဆိုင်ရာ ဝန်ထမ်းများကို သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းသည့် ငွေကျပ်သိန်း ၃၀၀၊ ငါးခြောက်သုံးအိတ်၊ ငါးသေတ္တာ ငါးဖာ၊ ခေါက်ဆွဲခြောက် ၁၄ ဖာ၊ ကြာဆံ ၁၄ ဖာ၊ ကော်ဖီမစ်ထုပ်များနှင့် ဆေးမျိုးစုံ တစ်ဖာတို့ကိုလည်းကောင်း၊ တိုင်းစစ်ဌာနချုပ်မှ လှူဒါန်းသည့် Royal D ဖာ ၃၀ ၊ ငါးခြောက် ပိဿာ ၃၀၊ ခေါက်ဆွဲခြောက် ဖာ ၄၀၊ ကြက်ဥ အလုံး ၁၀၀၀၊ ငါးပိ အထုပ် ၁၀၀ နှင့် ရေဆူဆေးပြားဘူး ၃၀ တို့ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် ရွှေဘိုမြို့ မြို့မဈေးကြီး ဆိုင်ခန်းသစ်များဖွင့်ပွဲသို့ တက်ရောက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် ရွှေဘိုမြို့ မြို့မဈေးကြီး ဆိုင်ခန်းသစ်များအား တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့ပြီး ဆိုင်ခန်းများကို လိုက်လံ ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် အမှတ်(၅)ရပ်ကွက်နေ အောင်ကောင်းသန့်သည် ၎င်းအသုံးပြုသည့် “Aung Thant” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် နဝင်းရပ်ကွက်နေ မင်းမင်းဦး(ခ) မိုးသီးသည် ၎င်းအသုံးပြုသည့် “Min Min Oo” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အမှတ်(၆) ရပ်ကွက်နေ ထက်ခေါင်ဝင်းသည် ၎င်းအသုံးပြုသည့် “Htet Khaung Win” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်နေ စောယုအောင်သည် ၎င်းအသုံးပြုသည့် “Saw Yu Aung” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (၄) ရပ်ကွက်နေ ပိုင်စိုး(ခ)အံ့ကျော်နှင့် ၎င်း၏ဇနီးဖြစ်သူ ဇင်မာအောင်တို့သည် ၎င်းတို့အသုံးပြုသည့် “Paing Soe” Facebook အကောင့်နှင့် “Zin Mar Aung” Facebook အကောင့်၊ ရွှေပြည်သာမြို့နယ် အမှတ်(၂၄)ရပ်ကွက်နေ တင့်ဝေ(ခ)ကိုတင့်သည် ၎င်းအသုံးပြုသည့် “Ko Tint” Facebook အကောင့်၊ ဆိပ်ကြီးခနောင်တိုမြို့နယ် ဆိပ်ကြီးခနောင်ရပ်ကွက်နေ သက်ဇော်ဦးသည် ၎င်းအသုံးပြုသည့် “Thet Zaw Oo” Facebook အကောင့်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် တောင်ရပ်ကွက်နေ ဖိုးတုတ်၊ လင်းလင်းထိုက်နှင့် ချိုချိုစန်း (ခ) ငယ်ငယ်တို့သည် ၎င်းတို့အသုံးပြုသည့် “ဖိုးတုတ်” Facebook အကောင့်၊ “Lin Lin Htike” Facebook အကောင့်နှင့် “Cho Cho Sann” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# မြစ်ကြီးနားမြို့နှင့် မောင်တောမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၃**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၂ ရက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် မြစ်ကြီးနားမြို့ ရွှေစက်ရပ်ကွက် နယ်မြေ(၇) လမ်းသွယ်(၁၄)တွင် မလထော်ခါးတောင်(ခ)အားတောင်ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၁၁ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ညနေ ၅ နာရီ မိနစ် ၂၀ တွင် မြစ်ကြီးနားမြို့ ရွှေစက်ရပ်ကွက်ရှိ ၎င်း၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၅၉ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀၀ ကိုလည်းကောင်း၊ ထို့အတူ မေ ၂၂ ရက်ညနေ ၆ နာရီတွင် နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မောင်တောမြို့နယ် (ဒု) ညောင်ပင်ကြီး ကျေးရွာအုပ်စု (ဒု)ညောင်ပင်ကြီးကျေးရွာရှိ လူနေထိုင်ခြင်းမရှိသည့် နေအိမ်အနီးတွင် အဒူမူနာ့ဖ်နှင့် မာမတ်အာယာ့စ်တို့ကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးမေးမြန်းရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀၀ ကိုလည်းကောင်း။

အလားတူ မေ ၂၂ ရက် နံနက် ၁၀ နာရီခွဲတွင် နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မောင်တောမြို့နယ် အင်းဒင်ကျေးရွာအုပ်စု အင်းဒင်ကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် Alphard အမျိုးအစား ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ခရီးသည် ဇော်ဝင်းနှင့် မောင်မောင်ထွန်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၅၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၆ နာရီခွဲတွင် ရွှေဇားကပ္ပကောင်းကျေးရွာအုပ်စု စေတီပြင်ကျေးရွာအနီးတွင် မာမောက်အီစ္စလာမ်နှင့် အာယုအာလီတို့ကို ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



မလထော်ခါးတောင်(ခ)အားတောင် အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# လာမည့်အပတ်တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ရုရှားနှင့် ယူကရိန်းနိုင်ငံတို့သို့ သွားရောက်မည်



ရုရှားသမ္မတ ဗလာဒီမာပူတင်၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ယူကရိန်းသမ္မတ ဇီလန်စကီး။

**နယူးယောက် ဧပြီ ၂၃**

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်သည် ဧပြီ ၂၆ ရက်နှင့် ၂၈ ရက်တို့တွင် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ယူကရိန်းသမ္မတ ဗိုလိုဒီမာ ဇီလန်စကီးတို့နှင့် တွေ့ဆုံမည်ဖြစ်ကြောင်း ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူက ဧပြီ ၂၂ ရက်တွင် ပြောကြားသည်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်သည် ဧပြီ ၂၆ ရက်တွင် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့ဗ်နှင့် အလုပ်သဘော တွေ့ဆုံပြီး နေ့လယ်စာ သုံးဆောင်မည်ဖြစ်ကြောင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်၏ ပြောရေးဆိုခွင့်ရှိသူ စတီဖင် ဒူဂျာရက်စ်က ပြောကြားသည်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်သည် ယူကရိန်းနိုင်ငံသို့ သွားရောက်မည့်ခရီးစဉ်တွင်လည်း ယူကရိန်းနိုင်ငံခြားရေးဝန်ကြီး ဒီမီထရို ကူလီဘာနှင့် အလုပ်သဘောတွေ့ဆုံမည်ဖြစ်ပြီး ကုလသမဂ္ဂအေဂျင်စီ၏ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ယူကရိန်းပြည်သူများအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို တိုးမြှင့်ပေးရေး ဆွေးနွေးမှုပြုလုပ်မည်ဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ ဒူဂျာရက်စ်က ပြောကြားသည်။

ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်သည် ဧပြီ ၁၉ ရက် နေ့လယ်ပိုင်းက ရုရှားသမ္မတ ဗလာဒီမာပူတင်ကို မော်စကိုမြို့၌ ၎င်းအားတွေ့ဆုံရန် တောင်းဆိုထားသည့် သီးခြားစာစောင်နှင့် ယူကရိန်းသမ္မတ ဇီလန်စကီးကိုလည်း ကီယက်မြို့၌ ၎င်းအားတွေ့ဆုံရန် တောင်းဆိုထားသည့် သီးခြားစာစောင်များကို ကုလသမဂ္ဂဆိုင်ရာ ရုရှားနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့၏ အမြဲတမ်းမစ်ရှင်များထံ ပေးပို့ခဲ့ကြောင်း ဧပြီ ၂၀ ရက်က ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# ဂျပန်နိုင်ငံ ဟော်ကိုင်းဒိုးကျွန်း အရှေ့ဘက်ကမ်းလွန်၌ လူ ၂၆ ဦးပါ ခရီးသွားလှေတစ်စင်းနစ်မြုပ်



**တိုကျို ဧပြီ ၂၃**

ဂျပန်နိုင်ငံ မြောက်ပိုင်း ဟော်ကိုင်းဒိုးကျွန်း အရှေ့ဘက်ကမ်းလွန်ပင်လယ်ပြင်တွင် ဧပြီ ၂၃ ရက် နေ့လယ်ပိုင်းက လှေပေါ်ပါအမှုထမ်းနှင့် ခရီးသည် ၂၆ ဦးလိုက်ပါလာသည့် ခရီးသွားလှေတစ်စင်း နစ်မြုပ်သွားကြောင်း ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့ (JCG) က ပြောကြားသည်။

နစ်မြုပ်သွားသည့် KAZU I အမျိုးအစားလှေပေါ်တွင် လှေပေါ်ပါအမှုထမ်း နှစ်ဦး အပါအဝင် ခရီးသည် ၂၄ ဦးနှင့် ကလေးနှစ်ဦး ပါဝင်ကြောင်း ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့ (JCG) ၏ ဖော်ပြချက်အရ သိရသည်။

ဂျပန်နိုင်ငံ ဟော်ကိုင်းဒိုးကျွန်း၌ လှေနစ်မြုပ်သတင်းကို ဒေသစံတော်ချိန် နေ့လယ် ၁ နာရီ ၁၅ မိနစ်ခန့်တွင် ရရှိခဲ့ကြောင်း ကမ်းခြေစောင့် တပ်ဖွဲ့က ပြောသည်။

ကင်းလှည့်ရေယာဉ်များသည် ဒေသစံတော်ချိန် ညနေ၅ နာရီခွဲခန့်တွင် ရှာရီတိုကို ကျွန်းဆွယ်အနီးတစ်ဝိုက် လှေနစ်မြုပ်ရာနေရာသို့ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဦးတည်ထွက်ခွာလာခဲ့ကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားသည်။ **ဆင်ဟွာ**

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၆၃၄၂ ဦး တွေ့ရှိ

**ကွာလာလမ်ပူ ဧပြီ ၂၃**

မလေးရှားနိုင်ငံ၌ ဧပြီ ၂၂ ရက် သန်းခေါင်ယံအချိန်အထိ ကိုဗစ်-၁၉ ထပ်မံကူးစက်ခံရသူ ၆၃၄၂ ဦး ရှိလာသဖြင့် ကိုဗစ်-၁၉ ကူးစက်ခံရသူစုစုပေါင်း ၄၄၂၁၄၄၃ ဦး ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးအာဏာပိုင်များ၏ ဖော်ပြချက်အရ သိရသည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံ ကူးစက်ခံရသူများမှာ ပြည်ပပြန်ကူးစက်ခံရသူ ၂၀ ရှိပြီး ဒေသတွင်း ကူးစက်ခံရသူ ၆၃၂၂ ဦးရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ဖော်ပြချက်အရ သိရသည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ ၁၂ ဦး ရှိလာသဖြင့် ကိုဗစ်-၁၉ ဖြင့် သေဆုံးသူစုစုပေါင်း ၃၅၄၈၂ ဦး ရှိလာပြီဖြစ်သည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားပြီး ပြန်လည်ကျန်းမာလာသူ ၉၁၁၁ ဦး ရှိလာသဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားပြီး ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၄၃၁၀၅၅၈ ဦး ရှိလာကြောင်း သိရသည်။

လက်ရှိတွင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံနေရသူ ၈၅၄၀၃ ဦးရှိပြီး ၉၁ ဦးမှာ အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှု ခံယူနေရကြောင်း၊ ၆၁ ဦးမှာ အသက်ရှူ အထောက်အကူပြုကိရိယာများ လိုအပ်နေကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ ဧပြီ ၂၂ ရက်က ကိုဗစ်-၁၉ ကာကွယ်ဆေး အလုံးရေ ၆၃၁၆၉ လုံးထိုးနှံပေးခဲ့သည်။ မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ် ထိုးနှံပြီးသူအရေအတွက်မှာ နိုင်ငံလူဦးရေ၏ ၈၄ ဒသမ ၈ ရာခိုင်နှုန်းရှိကြောင်း၊ ၈၁ ရာခိုင်နှုန်းမှာ ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးဖြစ်ကြောင်း၊ ၄၉ ရာခိုင်နှုန်းမှာ အပိုဆောင်း ကာကွယ်ဆေး ထိုးနှံပြီးဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**



မလေးရှားနိုင်ငံ၌ ကျန်းမာရေးဝန်ထမ်းတစ်ဦးက ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးနေသည်ကို တွေ့ရစဉ်။

# အိန္ဒိယနိုင်ငံ ဥတ္တရာပရာဒေ့ရှ်ပြည်နယ်၌ နေအိမ်အတွင်း မိသားစုဝင်ငါးဦး သေဆုံး

**နယူးဒေလီ ဧပြီ ၂၃**

အိန္ဒိယနိုင်ငံ မြောက်ပိုင်း ဥတ္တရာပရာဒေ့ရှ်ပြည်နယ်၌ ဧပြီ ၂၃ ရက်က အသက် နှစ်နှစ်အရွယ် ကလေးငယ်တစ်ဦး အပါအဝင် မိသားစုဝင်ငါးဦးမှာ ၎င်းတို့၏ နေအိမ်အတွင်း အသတ်ခံရသည့်အနေအထားဖြင့် တွေ့ရှိခဲ့ကြောင်း ရဲဝန်ထမ်းတစ်ဦးက ပြောကြားသည်။

သေဆုံးသူများမှာ နေအိမ်အတွင်း မီးလောင်မှုဖြစ်ပွားပြီးနောက် သေဆုံးရခြင်းဖြစ်ကြောင်း၊ ၎င်းတို့မှာ သတ်ဖြတ်ခြင်းခံရပြီးနောက် မီးရှို့ခံရခြင်းဖြစ်သည်ဟု ထုတ်ပြန်ထားကြောင်း ရဲဝန်ထမ်းက ပြောကြားသည်။

အဆိုပါ အခင်းဖြစ်ပွားရာနေရာမှာ အိန္ဒိယနိုင်ငံ ဥတ္တရာပရာဒေ့ရှ်ပြည်နယ်လပ်ခ်နောင်းမြို့တော် အရှေ့တောင်ပိုင်း ၂၁၇ ကီလိုမီတာခန့်အကွာ ပရာယာဂရက်ချ်ခရိုင် ခီရာဂျပါးရ်ကျေးရွာ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားသည်ဆိုသည့် သတင်းအချက်အလက်တစ်ခုကို ရရှိခဲ့ကြောင်း၊ ရဲဝန်ထမ်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များမှာ အခင်းဖြစ်ပွားရာနေရာသို့ ရောက်ရှိသည့်အချိန်တွင် အိမ်အတွင်း ရုပ်အလောင်းများကို တွေ့ရှိခဲ့ကြောင်း ဧပြီ ၂၃ ရက်တွင် ရဲအရာရှိတစ်ဦးက ပြောကြားသည်။

လုပ်ကြံခံရသူများမှာ အသက် ၅၅ နှစ်အရွယ် ရမ်ကူးမားရာဒေ့နှင့် ၎င်း၏ဇနီး ကူဆမ်ဒဲဗီ၊ အသက် ၂၅ နှစ်အရွယ် သမီးဖြစ်သူ မာနီရှာ၊ ၎င်းတို့၏ ချွေးမနှင့် နှစ်နှစ်အရွယ်ရှိ မြေးတစ်ဦးတို့ပါဝင်ကြောင်း၊ အခြား အသက်ငါးနှစ်အရွယ် မြေးတစ်ဦးမှာ တိုက်ခိုက်ခံရမှုမှ အသက်ရှင်ကျန်ခဲ့ပြီး ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း ရဲဝန်ထမ်းက ပြောကြားသည်။

သေဆုံးသွားသူများမှာ ၎င်းတို့၏ ခန္ဓာကိုယ်များပေါ်တွင် ဒဏ်ရာများရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ အလားတူ ခီရာဂျပါးရ်ကျေးရွာ၌ ပြီးခဲ့သည့် ရက်သတ္တပတ်ကလည်း မိသားစုဝင် ငါးဦး အသတ်ခံရပြီး သေဆုံးသွားခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# ကယားပြည်နယ်အစိုးရအဖွဲ့က နေရပ်ပြန်ပြည်သူများအတွက် ထောက်ပံ့ငွေ၊ ဆောက်လုပ်ရေးပစ္စည်း၊ စားသောက်ကုန်၊ အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

လွိုင်ကော် မေ ၂၃

ကယားပြည်နယ်အစိုးရအဖွဲ့က နေရပ်ပြန်ပြည်သူများအတွက် ထောက်ပံ့ငွေ၊ ဆောက်လုပ်ရေးပစ္စည်း၊ စားသောက်ကုန်၊ အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ယမန်နေ့က လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။




ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အမှာစကားပြောကြားရာတွင် ပြည်နယ်အတွင်း အခြေအနေ အကြောင်းအမျိုးမျိုးကြောင့် နေရပ်စွန့်ခွာပြီး ယခုလက်ရှိတွင် နယ်မြေတည်ငြိမ်အေးချမ်းလာပြီဖြစ်၍ ပြည်နယ်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသော နေရပ်ပြန်ပြည်သူများ၏ လတ်တလောစားဝတ်နေရေးအတွက် လိုအပ်သည့် စားသောက်ကုန်၊ အသုံးအဆောင်ပစ္စည်းများနှင့် နေအိမ်အဆောက်အအုံများ ပြုပြင်ရန်အတွက် ဆောက်လုပ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကူညီထောက်ပံ့ပေးခြင်းဖြစ်ကြောင်း၊ ပြည်သူများ၏ကျန်းမာရေးအတွက် ကိုဗစ်-၁၉ ကပ်ရောဂါအပါအဝင် အခြားကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးရန် ပြည်သူ့ဆေးရုံများတွင် ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးဝါးများ ပြည့်စုံအောင် စီစဉ်ထားရှိပေးထားကြောင်း၊ ပြည်နယ် တည်ငြိမ်အေးချမ်းလာစေရေးအတွက် ဆောင်ရွက်နေမှုများတွင် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပြည်သူများ၏ အပြန်အလှန်ယုံကြည်လေးစားမှုနှင့် ပူးပေါင်းပါဝင်မှုသည်လည်း အရေးကြီးကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လွိုင်ကော်) ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးကြီး မြတ်မင်းမိုး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မြင့်ဝေ၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး မျိုးဆွေ၊ လူမှုရေးရာဝန်ကြီး ဦးအောင်ဝင်းဦးနှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအုံ့မော်တို့က ဒေသအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများ၊ လုံခြုံရေးလုပ်ငန်း ဆောင်ရွက်ပေးနေမှုများ၊ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရေး လုပ်ငန်းဆောင်ရွက်နေမှုများနှင့် နိုင်ငံသားတိုင်း နိုင်ငံသားကတ်ပြားရရှိရေးအတွက် ဆောင်ရွက်ပေးနေမှုများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လွိုင်ကော်ခရိုင်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားကျောင်းများ၊ သီလရှင်ကျောင်းများ၊ လွိုင်ကော်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများဖြစ်သော မိုင်းလုံး၊ ပန်ကန်း၊ ချိကယ်၊ ဒေါဆော်ဘီး၊ ထူသူင်သ၊ မှုံပြာ၊ ရွာတန်းရှည်နှင့် ဒီမော့ဆိုမြို့နယ်အတွင်းရှိ အိုကေကျေးရွာအုပ်စု ကျွန်းတောကျေးရွာ သာယပ်ကျေးရွာများရှိ ပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ နေအိမ်အဆောက်အအုံများ ပြန်လည်ပြုပြင်ရန်အတွက် အိမ်ဆောက်ပစ္စည်းများနှင့် ထောက်ပံ့ငွေများ၊ နေရပ်ပြန်ပြည်သူများအတွက် စားသောက်ကုန်၊ အသုံးအဆောင်ပစ္စည်းများနှင့် ထောက်ပံ့ငွေများကိုပေးအပ်ရာ သက်ဆိုင်ရာ ဘာသာရေးခေါင်းဆောင်များနှင့် ရပ်ကွက်၊ ကျေးရွာများမှ ရပ်မိရပ်ဖများက လက်ခံရယူကြသည်။ (ဓာတ်ပုံ)

ဆက်လက်၍ ရပ်ကွက်၊ ကျေးရွာများကိုယ်စားတက်ရောက်လာကြသောပြည်သူများက သိရှိလိုသည်များ တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆောင်ရွက်ပေးမည့်အစီအစဉ်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယနေ့အခမ်းအနားတွင် လွိုင်ကော်ခရိုင်အတွင်း ပျက်စီးသွားသောအဆောက်အအုံ စုစုပေါင်း ၁၄၀ အတွက် ထောက်ပံ့ငွေကျပ် ၄၁၉၀၀၀၀၀၊ သွပ် အချပ် ၂၉၆၀ ၊ ဘိလပ်မြေ ၁၁၇၈ အိတ်၊ ယာယီတိုက်ပွဲရှောင်စခန်း ဖွင့်လှစ်ထားသော ဘုန်းတော်ကြီးကျောင်းများနှင့် ခရစ်ယာန်ဘုရားကျောင်းတို့အတွက် လှူဒါန်းငွေကျပ် ၈၅၀၀၀၀၊ မှုံပြာကျေးရွာနှင့် ကျွန်းတောကျေးရွာရှိ နေရပ်ပြန်အိမ်ထောင်စု ၃၆၀ နှင့် ယာယီရှောင်တိမ်း အိမ်ထောင်စု ၁၃၅ စုတို့အတွက် ဆန်ခြောက်ပြည်အိတ် ၄၆၉ အိတ်၊ ဆီ ၁၅၃ ပိဿာ၊ ဆား ၁၀၈ ပိဿာနှင့် ကြက်သွန် ၂၃၈ ပိဿာတို့အတွက် ငွေကျပ် ၆၁၉၁၂၇၀ ဖြစ်ပြီး စုစုပေါင်း ထောက်ပံ့ငွေမှာ ငွေကျပ် ၇၉၈၉၄၇၂၀ ဖြစ်ကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ် ပေးအပ်မှုအနေဖြင့် လွိုင်ကော်၊ ဒီးမော့ဆိုနှင့် ဖရူဆိုမြို့နယ်များမှ ပြည်သူ ၆၆၁ ဦးအတွက် ပေးအပ်ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

# တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ပို့ဆောင်

ရန်ကုန် မေ ၂၃

ကိုဗစ်-၁၉ ရောဂါ ခုခံအားကျဆင်းနေသော ... 

ကိုဗစ်-၁၉ ရောဂါ ခတ်ခွဲအတည်ပြုပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့် လူနာများကို တပ်မတော်ဆေးရုံများ၊ ပြည်သူ့ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် ကိုဗစ်စင်တာများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တပ်မတော်သားဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ အင်တိုက်အားတိုက်ဆောင်ရွက်ပေးလျက်ရှိရာ ၎င်းလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ကိုဗစ်ရောဂါကာကွယ်ဆေးများကို သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တပ်မတော်လေယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကာကွယ်ဆေးသိုလှောင်ခန်း၌ ထားရှိသော ဆေးတစ်လုံးလျှင် လူ ၁၁ ဦးထိုးနိုင်သော Covishield၊ ဆေးတစ်လုံးလျှင် လူ ၁၀ ဦးထိုးနိုင်သော Covaxin၊ ဆေးတစ်လုံးလျှင် လူ ၁၀ ဦးထိုးနိုင်သော Astra Zenec ၊ ဆေးတစ်လုံးလျှင် လူ ငါးဦးထိုးနိုင်သော Sinopharm ၊ ဆေးတစ်လုံးလျှင် လူတစ်ဦးထိုးနိုင်သော Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ယနေ့ နံနက်ပိုင်းတွင် ပုသိမ်မြို့သို့ Covishield ၂၆၃၀၁ လုံး၊ Covaxin ၁၂၅၆၁ လုံး၊ Astra Zenec အလုံး ၅၀၀၀၊ Sinovac ၃၂၃၁၈၅ လုံး၊ ဆေးထိုးအပ် ၃၉၀၆၀၀၊ ရန်ကုန်မြို့သို့ Sinovac အလုံး ၆၇၅၃၀၊ ဆေးထိုးအပ် ၆၈၄၀၀၊ နေပြည်တော် ကောင်စီနယ်မြေသို့ Sinovac အလုံး ၁၈၄၀၀၊ ဆေးထိုးအပ် ၁၉၈၀၀၊ တောင်ကြီးမြို့သို့ Sinovac ၅၅၉၂၆ လုံး၊ ဘားအံမြို့သို့ Covishield ၅၁၃ လုံး၊ Astra Zenec အလုံး ၂၅၀၊ Sinovac ၁၉၄၅၂ လုံး၊ ဆေးထိုးအပ် ၂၁၆၀၀၊ မော်လမြိုင်မြို့သို့ Astra Zenec အလုံး ၅၀၀၀၊ Sinovac အလုံး ၉၅၈၇၀၊ ပဲခူးမြို့သို့ Covishield ၂၅၁၇၆ လုံး၊ Sinopharm ၂၂၆၈ လုံး၊ Astra Zenec အလုံး ၅၁၈၀၊ ဆေးထိုးအပ် ၂၁၂၄၀၀၊ ပြည်မြို့သို့ Covishield ၁၅၂၂၃ လုံး၊ Sinopharm ၃၂၀၇ လုံး၊ ဆေးထိုးအပ် ၁၉၆၂၀၀၊ ပခုက္ကူမြို့သို့ Covishield အလုံး ၉၁၀၊ ဆေးထိုးအပ် ၁၂၈၀၀၊ မကွေးမြို့သို့ Sinovac အလုံး ၁၂၃၅၃၀ တို့ကို မြေပြင်အအေးမပြတ်လမ်းကြောင်း Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ဆက်လက်ဖြန့်ဖြူးပေးခဲ့ကြောင်း သတင်းရရှိသည်။




သတင်းစဉ်

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၂၃

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ မေ ၁ ရက်မှ ၂၃ ရက်အတွင်း နှာခေါင်းစည်း (Mask) ၁၆၁ တန် တင်သွင်းခဲ့သည်။ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ကုမ္ပဏီ နှစ်ခု၊ ယာဉ်စီးရေ နှစ်စီးဖြင့် နှာခေါင်းစည်း ၁၄ တန်ကို တင်သွင်းခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce. gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာ့လက်ရွေးစင် အမျိုးသမီးဖူဆယ်အသင်း ထပ်မံရှုံးပွဲကြုံတွေ့

ရန်ကုန် မေ ၂၃

NSDF ထိုင်းဖိတ်ခေါ် အမျိုးသမီး ဖူဆယ်ပြိုင်ပွဲ အုပ်စုတတိယနေ့ကို မေ ၂၃ ရက်က ထိုင်းနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာအသင်း ရှုံးပွဲဆက်ခဲ့သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် အုပ်စုဒုတိယပွဲအဖြစ် ထိုင်း All Stars အသင်းနှင့် ယှဉ်ပြိုင်ကစားရာ လေးဂိုး - တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့သည်။ မြန်မာအသင်းအတွက် ချေပဂိုး တစ်ဂိုးကို ဒုတိယပိုင်းတွင် မေသက်ပိုင်က သွင်းယူခဲ့သည်။ မြန်မာအသင်းသည် အမှတ်ရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ရှုံးပွဲနှင့် ထပ်မံရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။ ထိုင်း All Stars အသင်းသည် ပထမပိုင်းတွင် သုံးဂိုး၊ ဒုတိယပိုင်းတွင် တစ်ဂိုး သွင်းယူခဲ့သည်။ မြန်မာအသင်းသည် အုပ်စုတတိယပွဲအဖြစ် မေ ၂၄ ရက် (ယနေ့) မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် အင်ဒိုနီးရှားအသင်းနှင့် ကစားရမည်ဖြစ်သည်။

အခြား အင်ဒိုနီးရှားအသင်းက သြစတြေးလျကလပ် South Perth အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မေ ၂၃ ရက် ပွဲစဉ်များအပြီးတွင် ထိုင်းလက်ရွေးစင်အသင်းက နှစ်ပွဲကစား ခြောက်မှတ်၊ ထိုင်း All Stars အသင်းက သုံးပွဲကစား ခြောက်မှတ်၊ အင်ဒိုနီးရှားအသင်းက နှစ်ပွဲကစား ခြောက်မှတ်၊ သြစတြေးလျကလပ် South Perth အသင်းက သုံးပွဲကစား သုံးပွဲရှုံး၊ မြန်မာ့လက်ရွေးစင်အသင်းက နှစ်ပွဲကစား နှစ်ပွဲရှုံးကာ အမှတ်မရသေးပေ။

ရဲရင့်လွင်

# မေ ၂၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၉ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ မရှိ

(၂၃–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၂–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၃–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၇၀၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၉) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၂) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၈၉၁,၀၇၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၂,၇၃၃) ဦး ရှိပြီ ဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၆) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၁,၆၀၉) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

သို့ဖြစ်ပါ၍ (၃–၄–၂၀၂၂) ရက်နေ့မှစ၍ ယနေ့အထိ (၂၁) ရက် ဆက်တိုက် ကိုဗစ်–၁၉ ရောဂါပိုးတွေ့ရှိမှုနှုန်းမှာ (၁) ရာခိုင်နှုန်းအောက်သို့ လျော့နည်းလျက်ရှိနေပါကြောင်းနှင့် (၇–၄–၂၀၂၂) ရက်နေ့မှစတင်၍ ယနေ့အထိ (၁၇) ရက်ဆက်တိုက် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိခဲ့ကြောင်း တွေ့ရှိရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၂၃–၄–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၂၈၄) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၂၀) ခု | (၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၀၄) ခု | (၃) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၉၅၄) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၁၁၆) ခု | (၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၉၂၄) ခု | (၉) ဦး |
| စုစုပေါင်း | (၈,၇၀၆) ခု | (၁၉) ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့် အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံမှုခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် မိဘပြည်သူအားလုံးနှင့် အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၄၀ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော မိဘပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေး ထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။


ကျန်းမာရေးဝန်ကြီးဌာန

## ၂၃-၄ -၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၂၆၂၈၀၈၉ | ၈၀၄၀၂၄၀၁ | ၁၀၁၈၁၅၄ |
| ၂။ | အိန္ဒိယ | ၄၃၀၅၄၉၅၂ | ၄၂၅၁၇၇၂၄ | ၅၂၂၁၄၉ |
| ၃။ | ဘရာဇီး | ၃၀၃၃၈၆၉၇ | ၂၉၃၅၃၃၉၈ | ၆၆၂၆၁၈ |
| ၄။ | ပြင်သစ် | ၂၈၁၆၄၄၀၆ | ၂၅၇၅၀၆၄၁ | ၁၄၄၉၄၅ |
| ၅။ | ဂျာမနီ | ၂၄၀၁၉၇၆၈ | ၂၁၁၇၉၄၀၀ | ၁၃၄၄၇၁ |
| ၆။ | ဗြိတိန် | ၂၁၉၃၃၂၀၆ | ၂၀၇၁၄၀၇၂ | ၁၇၃၃၅၂ |
| ၇။ | ရုရှား | ၁၈၁၂၈၆၉၁ | ၁၇၄၆၄၁၂၀ | ၃၇၄၇၃၄ |
| ၈။ | တောင်ကိုရီးယား | ၁၆၈၃၀၄၆၉ | စိစစ်ဆဲ | ၂၂၀၂၄ |
| ၉။ | အီတလီ | ၁၆၀၀၈၁၈၁ | ၁၄၆၂၂၅၉၃ | ၁၆၂၄၆၆ |
| ၁၀။ | တူရကီ | ၁၅၀၁၃၆၁၆ | ၁၄၈၃၆၉၅၁ | ၉၈၆၆၀ |

## ၂၃-၄- ၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၀၅၅၄၆၈၉ | ၉၀၈၁၄၉၄ | ၄၃၀၀၄ |
| အင်ဒိုနီးရှား | ၆၀၄၃၇၆၈ | ၅၈၆၈၂၅၁ | ၁၅၆၀၆၇ |
| မလေးရှား | ၄၄၂၁၄၄၃ | ၄၃၀၀၅၅၈ | ၃၅၄၈၂ |
| ထိုင်း | ၄၁၄၈၀၉၀ | ၃၉၃၂၀၉၉ | ၂၇၆၅၂ |
| ဖိလစ်ပိုင် | ၃၆၈၄၃၀၀ | ၃၆၀၉၄၂၅ | ၆၀၁၇၉ |
| စင်ကာပူ | ၁၁၇၇၄၁၅ | ၁၁၀၉၃၈၇ | ၁၃၂၄ |
| မြန်မာ | ၆၁၂၇၃၃ | ၅၉၁၆၀၉ | ၁၉၄၃၄ |
| လာအို | ၂၀၄၈၉၃ | ၂၀၁၀၅၇ | ၇၃၂ |
| ဘရူနိုင်း | ၁၄၁၀၁၄ | ၁၃၉၇၂၄ | ၂၁၈ |
| ကမ္ဘောဒီးယား | ၁၃၆၂၀၀ | ၁၃၂၈၉၆ | ၃၀၅၆ |



လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို
ပျက်စီးစေရန်အတွက် လက်ကို
ဆပ်ပြာနှင့်ရေအသုံးပြု၍ အနည်းဆုံး
စက္ကန့်(၂၀) ကြာဆေးကြောပါ။



အပြင်ထွက်တိုင်း
ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

# မွေခံထိုက်စေ ယဉ်ကျေးမှုအမွေ

## ပြည်ထောင်စုသားတစ်ဦး

ဂျိုဆွန်းခေတ် နန်းတွင်းရိုးရာဝတ်စုံ ကိုယ်စီဝတ်ဆင်ထားသော ကိုရီးယားကလေးငယ်များသည် နန်းတွင်းရတနာ(၂) ဇာတ်ဝင်ခန်းသီချင်းကို သံပြိုင်သီဆို၍ အဖွဲ့လိုက် သရုပ်ပြတင်ဆက်နေသည်။ တီးမှုတ်ဖျော်ဖြေနေကြသူ တူရိယာပညာရှင်များကလည်း ဂျိုဆွန်းခေတ် နန်းတွင်းရိုးရာယဉ်ကျေးမှု ဝတ်စုံကိုယ်စီနှင့်။ စားပွဲဝိုင်းတစ်ခုမှာတော့ နန်းတွင်းရတနာ(၂) ရုပ်မြင်သံကြားဇာတ်လမ်းတွဲတွင် အဓိကပါဝင်သရုပ်ဆောင်ခဲ့သော ဂျိုဆွန်းဘုရင်မင်းကြီးနှင့် ကြင်ရာတော် ဒုံရီတို့က အခမ်းအနားကို တက်ရောက်အားပေးရင်း အပြုံးကိုယ်စီဖြင့်။

### မွေခံထိုက်စေပေးဝေလျက်ရှိ

ထိုမြင်ကွင်းကို ကြည့်ခြင်းအားဖြင့် ကိုရီးယားတို့သည် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်း အစဉ်အလာများကို စဉ်ဆက်မပြတ် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် မျိုးဆက်သစ်များထံ မွေခံထိုက်စေပေးဝေလျက်ရှိသည်ကို ဆဝါးတွေ့မြင်နိုင်သည်။ တစ်ဖက်ကလည်း ကိုရီးယားရုပ်ရှင်အနုပညာရှင်များသည် ယဉ်ကျေးမှုသံတမန်များသဖွယ် ကိုရီးယားနိုင်ငံ၏ သမိုင်းကြောင်းနှင့် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို ရုပ်ရှင်၊ ရုပ်မြင်သံကြားဇာတ်လမ်းတွဲများ ရိုက်ကူး၍ အာရှနှင့် ကမ္ဘာသို့ ထိုးဖောက်ဖြန့်ချိလျက်ရှိကြသည်။

### ရုပ်ရှင်နှင့်ဇာတ်လမ်းတွဲများဖြင့်

ဂိုဂူယောကို တည်ထောင်ခဲ့သူ ဂျူမုံအကြောင်းကို ရိုက်ကူးထားသည့် တောင်ကိုရီးယား ရုပ်မြင်သံကြားဇာတ်လမ်းတွဲ Jumong သည် ၂၀၀၇ ခုနှစ်တွင် အာရှတစ်လွှား၌ အောင်မြင်ကျော်ကြားခဲ့သော ရုပ်မြင်သံကြားဇာတ်လမ်းတွဲတစ်ခု ဖြစ်ခဲ့သည်။

ထို့အတူ ၂၀၀၆ ခုနှစ် စက်တင်ဘာလတွင် ကေဘီအက်စ်ရုပ်သံက ရိုက်ကူးထုတ်လွှင့်ပြသခဲ့သည့် Dae Jo Yeong ဇာတ်လမ်းတွဲမှာလည်း ကမ္ဘာအနှံ့ လူကြိုက်များခဲ့သည်။ Dae Jo Yeong (ဒယ်ဂျိုယောင်း)သည် တရုတ်အင်ပါယာကို ရဲရဲဝံ့ဝံ့ တော်လှန်ခဲ့၍ ကိုရီးယားသမိုင်းတွင် စံနမူနာပြခေါင်းဆောင်အဖြစ် ပြဋ္ဌာန်းစာအုပ်များတွင် ဖော်ပြခြင်း ခံခဲ့ရရုံမက တောင်ကိုရီးယား၏ဖျက်သင်္ဘောတစ်စင်းတွင်ပါ အမည်ပေးဂုဏ်ပြုခံရသော ဂိုဂူယောသူရဲကောင်းတစ်ဦး ဖြစ်သည်။

အလားတူ ဂျိုဆွန်းနန်းတွင်းအပျိုတော်များအကြောင်းကို ဇာတ်အိမ်တည်ထားသော Shadows in the Palace ရုပ်ရှင်သည် ၂၀၀၇ ခုနှစ်တွင် အောင်မြင်သည့် ရုပ်ရှင်ဇာတ်ကားတစ်ကားဖြစ်ခဲ့သလို ဂျိုဆွန်းဘုရင်ဂိုဂျန်ကို နိုင်ခဲ့သည့် မင်းမိဖုရားကြီး၏ အကြောင်းဖြစ်သည့် The Sword With No Name ရုပ်ရှင်ဇာတ်ကားမှာလည်း ၂၀၀၉ ခုနှစ်တွင် လက်မှတ်ပေါင်း တစ်သန်းခွဲကျော် ရောင်းချရသည်အထိ အောင်မြင်ခဲ့သည်။

၂၀၁၁ ခုနှစ်က ပြသခဲ့သည့် War of the Arrows ကိုရီးယားရုပ်ရှင်မှာမူ လက်မှတ်ပေါင်း ခုနစ်သန်းကျော် ရောင်းချရသည်အထိ အောင်မြင်ကျော်ကြားခဲ့သည်။ ဂျိုဆွန်းနိုင်ငံတော်ကို မန်ချူးတို့ ဝင်ရောက်ကျူးကျော်ခဲ့မှုသမိုင်းဇာတ်လမ်း ဖြစ်သည်။

ကိုရီးယားစစ်ပွဲ နောက်ခံရုပ်ရှင်ဇာတ်လမ်းများမှာလည်း အထူးအောင်မြင်ကျော်ကြားခဲ့သည်။ ကိုရီးယားစစ်ပွဲအတွင်းက ညီအစ်ကိုနှစ်ယောက်အကြောင်းကို ရိုက်ကူးထားပြီး ၂၀၀၄ ခုနှစ်ကပြသခဲ့သည့် Taegukgi ရုပ်ရှင်ဇာတ်ကားမှာမူ လက်မှတ် ၁၁ သန်းကျော် ရောင်းချခဲ့ရသည်အထိ အောင်မြင်ခဲ့သည်။ ကိုရီးယားစစ်ပွဲနောက်ခံ The Front Line ရုပ်ရှင်ဇာတ်ကားကမူ ၂၀၁၁ ခုနှစ်တွင် တောင်ကိုရီးယားအကောင်းဆုံးရုပ်ရှင်ဆုကို ရရှိခဲ့သည်။



မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ် ပွဲတော်တစ်ခုဖြစ်သည့် ကဆုန်ညောင်ရေသွန်းပွဲ သရုပ်ဖော်ပုံ။

### ကမ္ဘာက ပိုသိမြင်လာ

ထိုထိုသော ယဉ်ကျေးမှုသံတမန်ကိုရီးယားအနုပညာရှင်များ၏ ရုပ်ရှင်နှင့်ရုပ်မြင်သံကြားဇာတ်လမ်းတွဲများကြောင့် ကိုရီးယားနိုင်ငံ၏သမိုင်းနှင့် ရိုးရာယဉ်ကျေးမှုအကြောင်းကို ကမ္ဘာက ပိုသိမြင်လာခဲ့ကြရသည်။ ကိုရီးယားနိုင်ငံနှင့် ကိုရီးယားလူမျိုးတို့အပေါ် လေးစားအထင်ကြီးလာခဲ့ကြသည်။ ရင်းနှီးချစ်ခင်လာကြသည်။

မြန်မာနိုင်ငံတွင်လည်း ချန်ဂင် (နန်းတွင်းရတနာဇာတ်လမ်းတွဲ) နှင့် ဒုံရီ (နန်းတွင်းရတနာဇာတ်လမ်းတွဲ-၂) တို့ကြောင့် ပရိသတ်များသည် ကိုရီးယားတို့၏ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများကို ပို၍ ရင်းနှီးကျွမ်းဝင်လာခဲ့ကြရသည်။ ဂျူမုံနှင့် ဒယ်ဂျိုယောင်းတို့ကြောင့် မြန်မာပရိသတ်များသည် ဘူယော၊ ဂိုဂူယော၊ ဘတ်ကျီ၊ ရှီလာခေတ်သမိုင်းများကို လေ့လာသိမြင်ခဲ့ကြရပြန်သည်။ ကိုရီးယားဘာသာစကားနှင့်ပါ ယဉ်ပါးလာရုံမက ပဲခေါက်ဆွဲ၊ ကင်ချီ၊ ဆိုဂျူး စသည့် ကိုရီးယားအစားအသောက်များကလည်း မြန်မာ့ဈေးကွက်အတွင်း နေရာရလာခဲ့ကြသည်။

### မြန်မာ့သမိုင်းမှမင်းကောင်းမင်းမြတ်များ

တကယ်တော့ မြန်မာ့သမိုင်းတွင်လည်း လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသော မင်းကောင်းမင်းမြတ်များစွာ ပေါ်ထွန်းခဲ့ပါသည်။ ဗုဒ္ဓသာသနာတော်ကို နေလို လလို ထွန်းလင်းတောက်ပလာစေရန် လုံ့လဥဿာဟဖြင့် ကြိုးပမ်းတည်ဆောက်ခဲ့ကြသော သာသနာပြုမင်းများလည်း အများအပြားရှိခဲ့သည်။

တစ်ခုသော တရားသဘင်တွင် ပါမောက္ခချုပ်ဆရာတော်ကြီး အရှင်နန္ဒမာလာဘိဝံသက "မြန်မာတွေ မြန်မာ့သမိုင်းကို လေ့လာဖို့ကောင်းတယ်။ သာသနာတော်ရဲ့ အခြေခံအုတ်မြစ်က ပရိယတ္တိပဲ။ အနော်ရထာလွန်မင်းဆိုရင် ပရိယတ္တိ စာသင်ကျောင်းကြီးတွေကို အများကြီး ဆောက်လုပ်လှူဒါန်းတည်ဆောက်ပေးခဲ့တယ်"ဟူ၍ မိန့်ကြားတော်မူခဲ့သည်။

### မြန်မာသူရဲကောင်းများနှင့် ပညာရှိစာဆိုများ

ထို့အတူ မြန်မာ့ရာဇဝင်တွင် ရဲစွမ်းသတ္တိပြည့်ဝသော သူရဲကောင်းများ၊ ရဟန်းစာဆို၊ လူစာဆိုပညာရှင်များလည်း အများအပြားပေါ်ထွန်းခဲ့သည်။ ပုဂံခေတ်တွင် အနန္တသူရိယအမတ်ကြီး၏ "သူတည်း တစ်ယောက်၊ ကောင်းဖို့ရောက်မူ၊ သူတစ်ယောက်မှာ၊ ပျက်လင့်ကာသာ ဓမ္မတာတည်း"ဟူသည့် သံဝေဂကဗျာ၊ ပင်းယခေတ်တွင် စတုရင်္ဂဗလအမတ်ကြီး၏ လောကနီတိ၊ အင်းဝခေတ်တွင် ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရနှင့် တောင်ဖီလာဆရာတော်တို့၏ ဆုံးမစာများ၊ ရှင်တေဇောသာရ၊ ရှင်ဥတ္တမကျော်၊ ကန်တော်မင်းကျောင်းဆရာတော်၊ ရှင်အဂ္ဂသမာဓိ၊ ရှင်အုန်းညို စသည့် စာဆိုရှင်များ၏ ပျို့၊ ရတု၊ မော်ကွန်း၊ မေတ္တာစာ၊ တောလား စသောကဗျာလင်္ကာများ၊ ကုန်းဘောင်ခေတ်တွင် ဆရာတော် ဦးဗုဓ်၏ ဆုံးမစာနှင့် သင်္ဖာဆရာတော်၏ သိင်္ဂါလောဝါဒ ဆုံးမစာများ၊ ဗြိတိသျှခေတ်တွင် လယ်တီဆရာတော်၊ မန်လည်ဆရာတော်တို့၏ ဆုံးမစာများ စသဖြင့် ရဟန်းပညာရှင် ဓမ္မစာဆိုတို့၏ဩဝါဒကထာစာပေ ကဗျာလင်္ကာများမှာ ထင်ရှားခဲ့၏။

ဆီးဘန်နီဆရာတော်၊ အချုပ်တန်းဆရာဖေ၊ စာရေးတော် နော်ရထာသီဟ စသည့် ပုဂ္ဂိုလ်များကား သီပေါမင်းလက်ထက်တစ်ကြိမ်တစ်ခါ၊ လွတ်လပ်ရေးဆုံးရှုံးရသောအခါ ရင်ကွဲအံ့မျှနာကြည်းခဲ့ကြသော မျိုးချစ်ဇာတိမာန်စာဆိုများ ဖြစ်ကြသည်။

ဆီးဘန်နီဆရာတော်၏ "သိဃ် တန်ဆောင်၊ ဘုန်းတော်မောင်၍၊ ကုန်းဘောင်နေမီး၊ မထိန်ညီးက၊ တိုင်းကြီးပြည်ကြီး၊ အချည်းနှီးလျှင်၊ ထီးသုဉ်းနန်းသုဉ်း၊ မြို့သုဉ်းသုည၊ သုဉ်းသုံးဝဖြင့်၊ ဖြစ်လာရလေ၊ တို့တစ်တွေသည်၊ သေသော်မှတည့် သြော် - ကောင်း၏" ဟူသော "တဖန်မှတ်စေ" ချီရတုမှာ လွန်စွာပင် ပြောင်မြောက်လှပေသည်။ လွတ်လပ်ရေးကို မြတ်နိုးမှုနှင့် လွတ်လပ်ရေးကို ပြန်လည်ရယူရန်အတွက် တပ်လှန့်နှိုးလိုက်သကဲ့သို့ပင်။

ထို့အတူ မြန်မာနိုင်ငံသည် လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ကျော်မှစ၍ ယနေ့တိုင် ကမ္ဘာပေါ်တွင် ဗုဒ္ဓသာသနာတော်၏ နောက်ဆုံးခံတပ်မြို့ကြီးအဖြစ် အခိုင်အမာရပ်တည်နိုင်ရန် သံဃာတော်အရှင်သူမြတ်များနှင့် ရှေးခါဘိုးဘွားမိဘ ဆရာသမားတို့သည် ခိုင်မာသောယုံကြည်ချက်ဖြင့် ခေတ်အဆက်ဆက် မြဲမြံစွာ ဆုပ်ကိုင်၍ ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြ၏။ စစ်မှန်သော ငြိမ်းချမ်းမှု ဓမ္မအလင်းရောင်ကိုသားစဉ်မြေးဆက် လက်ဆင့်ကမ်းထွန်းညှိပေးခဲ့ကြ၏။

### ဗုဒ္ဓသာသနာတော်နှင့် မြန်မာ့ယဉ်ကျေးမှုဓလေ့

ဗုဒ္ဓသာသနာတော်နှင့် ပတ်သက်၍ မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် နှစ်သစ်မင်္ဂလာအခါတော်နေ့၊ ကဆုန်လပြည့်နေ့တွင် ဗုဒ္ဓအခါတော်နေ့၊ နယုန်လပြည့်နေ့တွင် မဟာသမယအခါတော်နေ့၊ ဝါဆိုလပြည့်နေ့တွင် ဓမ္မစကြာအခါတော်နေ့၊ ဝါဆိုလပြည့်ကျော် ၅ ရက်တွင် အနတ္တလက္ခဏအခါတော်နေ့၊ ဝါခေါင်လပြည့်နေ့တွင် မေတ္တာအခါတော်နေ့၊ တော်သလင်းလပြည့်နေ့တွင် ဂရုဓမ္မအခါတော်နေ့၊ သီတင်းကျွတ်လပြည့်နေ့တွင် အဘိဓမ္မာအခါတော်နေ့၊ တန်ဆောင်မုန်းလပြည့်နေ့တွင် သာမညဖလအခါတော်နေ့၊ နတ်တော်လပြည့်နေ့တွင် ဓမ္မစာဆိုတော်များနေ့၊ ပြာသိုလပြည့်နေ့တွင် ရှင်တစ်ထောင်အခါတော်နေ့၊ တပို့တွဲလပြည့်နေ့တွင် ဩဝါဒပါတိမောက် အခါတော်နေ့နှင့် တပေါင်းလပြည့်နေ့တွင် မြတ်ဗုဒ္ဓ၏ ပြည်တော်ဝင် အခါတော်နေ့တို့ကို ဘာသာရေး အထိမ်းအမှတ်နေ့များအဖြစ် ရှေးအတီတေကာလမှ ယနေ့တိုင် အစဉ်အလာမပျက် ကျင်းပခဲ့ကြသည်။

အလားတူ ရှေးခါဘိုးဘွားမိဘဆရာသမားတို့သည် မြန်မာ့ရိုးရာ ၁၂ လရာသီပွဲတော်များဖြစ်သည့် တန်ခူးလ- သင်္ကြန်ပွဲ၊ ကဆုန်လ-ညောင်ရေသွန်းပွဲ၊ နယုန်လ- စာပြန်ပွဲ၊ ဝါဆိုလ-ဝါဆိုပွဲ၊ ဝါခေါင်လ- စာရေးတံမဲပွဲ၊ တော်သလင်းလ - လှေပြိုင်ပွဲ၊ သီတင်းကျွတ်လ- မီးထွန်းပွဲ၊ တန်ဆောင်မုန်းလ-ကထိန်ပွဲ၊ နတ်တော်လ-စာဆိုတော်ပွဲ၊ ပြာသိုလ- မြင်းခင်းပွဲ၊

စာမျက်နှာ ၁၇ သို့

**မြန်မာနိုင်ငံတွင်လည်း ချန်ဂင် (နန်းတွင်းရတနာဇာတ်လမ်းတွဲ) နှင့် ဒုံရီ (နန်းတွင်းရတနာဇာတ်လမ်းတွဲ-၂) တို့ကြောင့် ပရိသတ်များသည် ကိုရီးယားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ပို၍ ရင်းနှီးကျွမ်းဝင်လာခဲ့ကြရသည်။ ဂျူမုံနှင့် ဒယ်ဂျိုယောင်းတို့ကြောင့် မြန်မာပရိသတ်များသည် ဘူယော၊ ဂိုဂူယော၊ ဘတ်ကျီ၊ ရှီလာခေတ်သမိုင်းများကို လေ့လာသိမြင်ခဲ့ကြရပြန်သည်။ ကိုရီးယားဘာသာစကားနှင့်ပါ ယဉ်ပါးလာရုံမက ပဲခေါက်ဆွဲ၊ ကင်ချီ၊ ဆိုဂျူး စသည့်ကိုရီးယားအစားအသောက်များကလည်း မြန်မာ့ဈေးကွက်အတွင်း နေရာရလာခဲ့ကြသည်**

## ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပြည်ပဆိုက်ရောက်နှင့် ထွက်ခွာအဆောက်အအုံ တိုးချဲ့တည်ဆောက်

**ရန်ကုန် မေ ၂၃**

မင်္ဂလာဒုံမြို့နယ် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပြည်ပဆိုက်ရောက်နှင့် ထွက်ခွာခရီးသည် အဆောက်အအုံ အမှတ် (၂) တိုးချဲ့ တည်ဆောက်နေမှုကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများက မေ ၂၁ ရက် ညနေပိုင်းက ကြည့်ရှုစစ်ဆေးသည်။



တိုးချဲ့တည်ဆောက်နေသည့် အဆောက်အအုံပုံစံငယ်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့အား အဆောက်အအုံကို တာဝန်ယူ တည်ဆောက်နေသည့် Yangon Aerodrome ကုမ္ပဏီလီမိတက်မှ ပရောဂျက်ဒါရိုက်တာ ဦးနေလင်းနှင့် တာဝန်ရှိသူများက ယခင် အဆောက်အအုံအဟောင်းနှင့် မြေအောက်တွင် ခရီးသည်များ၏ ကားများရပ်နားရန် နေရာအပါအဝင် တိုးချဲ့တည်ဆောက်မည့် အဆောက်အအုံ နမူနာပုံစံဒီဇိုင်းများနှင့်တကွ ရှင်းလင်းတင်ပြပြီး ဝန်ကြီးချုပ်က လေယာဉ်ဖြင့် ရောက်ရှိလာမည့် နိုင်ငံတကာမှ ခရီးသွားဧည့်သည်များ၊ ပြည်တွင်းမှ နိုင်ငံတကာသို့ ထွက်ခွာမည့် ခရီးသည်များ ခေတ္တနားခိုရာတွင် လုံခြုံစိတ်ချ၍ စိတ်ချမ်းမြေ့စွာ အနားယူနိုင်ရေး အတွက်တည်ဆောက်သွားရန် လိုကြောင်းမှာကြားသည်။

ထို့နောက် လုပ်ငန်းများကို စံချိန်စံညွှန်း ပြည့်မီစွာဖြင့် အမြန်ဆုံးပြီးစီးအောင် လုပ်သားအင်အားနှင့် စက်ယန္တရားကြီးများဖြင့် ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

## တာချီလိတ်မြို့၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စနစ်တကျအမှိုက်စွန့်ပစ်ရေး အသိပညာပေး

**တာချီလိတ် မေ ၂၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့၌ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စနစ်တကျအမှိုက်စွန့်ပစ်ခြင်း အသိပညာပေး Talk Show ကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြု ဗဟိုဌာန၌ မေ ၂၂ ရက်က ကျင်းပသည်။

အဆိုပါ Talk Show တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရခြင်း၏ အဓိကအချက်နှစ်ချက်၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှု၊ စွန့်ပစ်အမှိုက်များ၊ ဘေးအန္တရာယ်ဖြစ်စေသော စွန့်ပစ်ပစ္စည်းများ၊ ကြွပ်ကြွပ်အိတ်၏ ပတ်ဝန်းကျင်ကို သက်ရောက်စေသည့်ဆိုးကျိုးများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကြွပ်ကြွပ်အိတ်အသုံးပြုမှုနှင့် ပတ်သက်ပြီး လိုက်နာဆောင်ရွက်သင့်သည့် နည်းလမ်းများကို ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ဇင်ဇင်မိုးက အသေးစိတ်ဆွေးနွေး ပြောကြားသည်။ အဆိုပါ အသိပညာပေး Talk Show ကို ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်း၍ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

**ယာဆေး(ပြန်/ဆက်)**

## ကလေးမြို့၌ ကိုဗစ်-၁၉ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိ

**ကလေး မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ကိုဗစ်-၁၉ ရောဂါ ထိရောက်စွာ ကာကွယ်တားဆီးနိုင်ရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံရန်ကျန်ရှိသူများ၊ ဒုတိယအကြိမ်ထိုးနှံမည့်သူများအား မြို့တော်ခန်းမနှင့် မြို့နယ်စုပေါင်းရုံးတို့တွင် ပြည်သူ့ကျန်းမာရေးဌာနမှ ဝန်ထမ်းများက မေ ၂၂ ရက်က ထိုးနှံပေးလျက်ရှိသည်။



ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံပေးရာ သတ်မှတ်စုရပ်နေရာဖြစ်သည့် မြို့နယ်စုပေါင်းရုံးတွင် အောင်မြေမာန်ရပ်ကွက်၊ အောင်မင်္ဂလာရပ်ကွက်၊ အောင်သစ္စာရပ်ကွက်၊ အောင်ဇေယျာရပ်ကွက်နှင့် အောင်မေတ္တာရပ်ကွက်၊ ညောင်ပင်သာရပ်ကွက်၊ မြို့သာရပ်ကွက်နှင့် မင်္ဂလာဥယျာဉ်ရပ်ကွက်တို့မှ ပြည်သူများကိုလည်းကောင်း၊ မြို့တော်ခန်းမစုရပ်တွင် ချမ်းမြေ့အောင်စည်ရပ်ကွက်၊ ပင်လုံရပ်ကွက်၊ တပ်ဦးသီတာရပ်ကွက်၊ သဇင်ရပ်ကွက်နှင့် စမ်းမြို့ရပ်ကွက်၊ တာဟန်းရပ်ကွက်၊ တောင်ဖီလာရပ်ကွက်၊ လှိုင်သာယာရပ်ကွက်၊ တောင်ဇလပ်ရပ်ကွက်၊ ကြို့သုံးပင်ရပ်ကွက်၊ မြို့လှရပ်ကွက်နှင့် အင်ဒိုင်းကုန်းရပ်ကွက်တို့မှ ပြည်သူများကိုလည်းကောင်း ထိုးနှံပေးနေပြီး ကျေးရွာများမှလာရောက်ထိုးနှံသူများသည် သက်ဆိုင်ရာစုရပ်များတွင် မှတ်ပုံတင် (သို့မဟုတ်) အိမ်ထောင်စုစာရင်းနှင့်အတူ စာရင်းပေးသွင်း ထိုးနှံနိုင်ကြောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီထံမှ သိရသည်။

ကလေးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရန်ကျန်ရှိသူများအား ရာနှုန်းပြည့်ထိုးနှံပေးနိုင်ရန်အတွက် မိုဘိုင်းအဖွဲ့များဖြင့် ရှောင်တခင်စစ်ဆေးလျက်ရှိပြီး ဇွန်လကုန်အထိ ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## စဉ့်ကူးမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ ရှေးဦးသူနာပြုစုနည်း အခြေခံသင်တန်းဖွင့်လှစ်

**စဉ့်ကူး မေ ၂၃**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ကြက်ခြေနီကြီးကြပ်ရေး အသင်းခွဲတို့ပူးပေါင်းပြီး ရှေးဦးသူနာပြုစုနည်း အခြေခံသင်တန်းကို စဉ့်ကူးမြို့နယ် လူထုအခြေပြုဗဟိုဌာနခန်းမ၌ မေ ၂၂ ရက်က ဖွင့်လှစ်သည်။

သင်တန်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်ဇာလွင်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် လူငယ်များအသိပညာဗဟုသုတမြင့်မားတိုးတက်စေရန် ရည်ရွယ်၍ ဟောပြောပွဲများ၊ ပြပွဲပြိုင်ပွဲများ၊ သင်တန်းများ ဖွင့်လှစ်လျက်ရှိရာ ယခုအခါ မြို့နယ်ကြက်ခြေနီကြီးကြပ်ရေးအသင်းခွဲနှင့် ပူးပေါင်း၍ ရှေးဦးသူနာပြုစုနည်းသင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ကြက်ခြေနီကြီးကြပ်ရေးအသင်းခွဲ ဥက္ကဋ္ဌ ဦးထွန်းဗိုလ်က ကြက်ခြေနီတပ်ဖွဲ့ ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်းနှင့် မြန်မာနိုင်ငံအနေဖြင့် ကြက်ခြေနီအသင်း စတင်ပေါ်ပေါက်လာပုံ၊ သင်တန်းတက်ရောက်ခြင်းဖြင့် မိမိပတ်ဝန်းကျင်၊ မိသားစုနှင့် မိမိကိုယ်တိုင်ပြုစု စောင့်ရှောက်နိုင်ခြင်းကြောင့်များစွာ အကျိုးရှိကြောင်း၊ ရှေးဦးသူနာပြုစုခြင်းသည် လူတစ်ဦး၏အသက်ကို ကယ်တင်ပေးနိုင်သည့် အတတ်ပညာဖြစ်၍ လူတိုင်းတက်ရောက်ထားသင့်ကြောင်းနှင့် သင်တန်းတွင် သင်ကြားပေးမည့် ရှေးဦးသူနာပြုစုနည်းများကို လက်တွေ့အသုံးချပြီး လူမှုအသိုက်အဝန်းကို အကျိုးပြုကြစေလိုကြောင်း ပြောကြားသည်။ အဆိုပါသင်တန်းသို့ သင်တန်းသားသင်တန်းသူ ၂၅ ဦး တက်ရောက်ကာ သင်တန်းကာလမှာ မေ ၂၂ ရက်မှ ၂၄ ရက်အထိဖြစ်ပြီး စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## မိုင်းရယ်မြို့ဝင်/ထွက်ဂိတ်များတွင် နိုင်ငံသားစိစစ်ရေးကတ်နှင့် ကာကွယ်ဆေးထိုးနှံပြီးခြင်းရှိမရှိ စစ်ဆေး

**မိုင်းရယ် မေ ၂၃**

မိုင်းရယ်မြို့သို့ ဖြတ်သန်းသွားလာလျက်ရှိသည့် ခရီးသည်တင်ယာဉ်များနှင့် ကုန်တင်ယာဉ်များတွင် လိုက်ပါလာသူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးကြောင်း လက်မှတ်များ ကိုင်ဆောင်သွားလာခြင်း ရှိ မရှိကို မြို့အဝင်၊ အထွက်ဂိတ်များတွင် မေ ၂၂ ရက်မှစ၍ စစ်ဆေးလျက်ရှိသည်။

မိုင်းရယ် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်လဝက၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့များ ပူးပေါင်းအဖွဲ့က လားရှိုး၊ တန့်ယန်းမှ မိုင်းရယ်သို့ဝင်သည့် မြို့အဝင်ဂိတ်တွင်လည်းကောင်း၊ မိုင်းရယ်အထွက် ကျေးသီးဂိတ်တွင်လည်းကောင်း၊ မိုင်းရယ်အထွက် သီပေါဂိတ်တွင်လည်းကောင်း ခရီးသွားပြည်သူများအား ကြပ်မတ်စစ်ဆေးမှုများ ပြုလုပ်နေခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*

တပို့တွဲလ-ထမနဲပွဲ၊ တပေါင်းလ-သဲပုံစေတီပွဲတို့ကို မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်ပွဲတော်များအဖြစ် သားစဉ်မြေးဆက် ခေတ်အဆက်ဆက် လက်ဆင့်ကမ်းအမွေပေးဝေခဲ့ကြ၏။

မျက်မှောက်ကာလတွင်မူ အဆိုပါ မြန်မာ့ရိုးရာ ၁၂ လရာသီပွဲတော်များသည် စိန်ခေါ်မှုပေါင်းများစွာ ရင်ဆိုင်ကြုံတွေ့လာခဲ့ရသည်။ အချို့အချို့သော မြန်မာများကိုယ်နှိုက်က မိမိတို့၏ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့ရိုးရာ ဝိသေသလက္ခဏာများအပေါ် လေးစားတန်ဖိုးထားမှုနည်းပါးလာကြသည်။ ဘာသာသာသနာ၊ ယဉ်ကျေးမှုကို အရောင်အမျိုးမျိုးဆိုးလာကြသည်။ အိမ်နီးချင်းနိုင်ငံအချို့ကလည်း ကမ္ဘာလှည့်ခရီးသွားများကို ဖိတ်ခေါ်နိုင်ရန် မြန်မာ့ရိုးရာယဉ်ကျေးမှုပွဲတော်များကို ပုံတူကူးချ၍ ကိုယ်ပိုင်ယဉ်ကျေးမှုအဖြစ် ဖော်ဆောင်မှုအချို့ရှိလာခဲ့ကြသည်။ ဤသို့ဖြင့် နှစ်ပေါင်းထောင်ချီတည်တံ့ခဲ့သော မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်တို့သည် တစ်စတစ်စ အရိုးပေါ် အရွက်ဖုံးလာခဲ့ချေပြီ။ ယဉ်ကျေးမှုကွယ်ပျောက်ပါက လူမျိုးပါပျောက်ပေလိမ့်မည်။

သို့ဖြစ်ရကား မတ္တရာသူဌေးကျောင်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တမာနိတသိရိဘိဝံသ(ကထိကရဟန်း)၏ ---

**ဒို့ဘိုး ဒို့ဘွား ဒို့မျိုးများက**<br>
**နောက်သား နောင်လာကိုးကွယ်ရာဖို့**<br>
**များစွာစေတီ ခံ့ထည်တန်ဆောင်း**<br>
**ကျောင်းနှင့်ဇရပ် ပြာသာဒ်ဝေဝေ**<br>
**တည်ခဲ့ပေ၏။**<br>
**ခုနေအခါ သာသနာလည်း**<br>
**ရှေးခါဘိုးဖ ပေးခဲ့ကြ၍**<br>
**တွေ့ကြရပြီ ကြုံရပြီတည်း။**<br>
**ထိုဤများစွာ မွေခမ္မကို**<br>
**ဒို့ကဆက်ခါ ခံယူကာဖြင့်**<br>
**ညီညာအားကြိုး ဒို့သယ်ပိုးမှ**<br>
**ဒို့မျိုးဘာသာ သာသနာသည်**<br>
**ရှည်ကြာတည်တံ့နိုင်လိမ့်သော်။**

ဟူသည့် "ဒို့တာဝန်" ကဗျာလင်္ကာပါအတိုင်း မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ် ဓလေ့ထုံးစံများကို သမိုင်းပေးတာဝန်တစ်ရပ်အဖြစ် မြန်မာတိုင်း လေးစားမြတ်နိုး တန်ဖိုးထား၍ ထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြပါစို့။ ။

# ရတနာပုံဥယျာဉ်အတွင်း ပြည်သူများ လာရောက်အပန်းဖြေအနားယူနိုင်



**မန္တလေး မေ ၂၃**

မန္တလေး နန်းမြို့ရိုးအရှေ့ဘက်ခြမ်းနှင့် တောင်ဘက်ခြမ်းတို့တွင် တည်ဆောက်ပြီးဖြစ်သည့် ရတနာပုံဥယျာဉ်အတွင်း ပြည်သူများအနေဖြင့် လာရောက်အပန်းဖြေအနားယူနိုင်ရန် မေ ၁၃ ရက်တွင် ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့ပြီး ဖြစ်သည်။

ပြည်သူများ နေ့စဉ်လာရောက်အပန်းဖြေခြင်း၊ ကိုယ်လက်လှုပ်ရှားအားကစား ပြုလုပ်ခြင်းများ ဆောင်ရွက်နိုင်ရန် နေ့စဉ် နံနက် ၅ နာရီခွဲမှ ည ၇ နာရီအထိ ဖွင့်လှစ်ပေးထားမည်ဖြစ်သည်။ ရတနာပုံ ဥယျာဉ်အတွင်းသို့ (၂၆ လမ်း နှင့် ၇၃ လမ်း)၊ ကျော်မိုးတံခါးမင်္ဂလာတံတားဝင်ပေါက်၊ (၆၆ လမ်းနှင့် ၁၉ လမ်း)ဦးထိပ် တံခါးဝင်ပေါက်နှင့် (လမ်း ၈၀ နှင့် ၂၂ လမ်း) ကြေးမုံတံခါးဝင်ပေါက်များမှ လုံခြုံရေးအစစ်ဆေးခံပြီး အခမဲ့ ဝင်ရောက်နိုင်သည်။

ရတနာပုံဥယျာဉ်အတွင်း လူလျှောက်လမ်းများ၊ ပေ ၃၀ အကျယ်နိုင်လွန်ကတ္တရာလမ်း၊ ၂ ဒသမ ၆၄ မိုင်အရှည် အမြန်လျှောက်လမ်း၊ ပြေးလမ်းများအပြင် ၁၀ပေ အကျယ် မြက်ခင်းနှစ်ခုအကြားတွင် မိသားစု ပျော်ရွှင်စွာ လမ်းလျှောက်နိုင်ရန် တည်ဆောက်ပေးထားသည်။

ရတနာပုံ ဥယျာဉ်အတွင်း နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် ကျန်းမာရေး အားကစားလှုပ်ရှားမှုများ ပြုလုပ်နိုင်သည့်အပြင် မင်္ဂလာအကြို အလှပုံရိုက်ကူးရန်၊ မွေးနေ့ မင်္ဂလာဧည့်ခံပွဲများ၊ အထိမ်းအမှတ်ပွဲများကျင်းပနိုင်ရန် ကျုံးနှင့် မြို့ရိုးအကြား ပေ ၃၀၀ အရှည်၊ ပေ ၄၀ အကျယ်ရှိသည့် ရင်ပြင်များ တည်ဆောက်ထားသည်။

ထို့ပြင် ကျန်းမာရေးအတွက် သန့်စင်ခန်း နှစ်ခန်းကို တောင်ဘက်ခြမ်းနှင့် အရှေ့ဘက်ခြမ်းများတွင် ထည့်သွင်းတည်ဆောက်ထားပြီး မကြာမီကာလတွင် စက်ဘီးငယ်များကို သတ်မှတ်နာရီနှုန်းထားဖြင့် စီးနင်းနိုင်ရန် အစီးရေ ၁၀၀ စီစဉ်ထားရှိပြီးဖြစ်သည်။

နိုင်လွန်ကတ္တရာလမ်း တစ်လျှောက် လူကြီး၊ လူငယ်များ ၂ ဒသမ ၆၄ မိုင်ကို လှည့်လည်ကြည့်ရှုနိုင်ရန် Buggy ကားငယ် ၁၅ စီးကိုလည်း တောင်ဘက်၊ အရှေ့ဘက်နှင့် မြောက်ဘက်တို့တွင် စီးနင်းနိုင်ရန် စီစဉ်ထားပြီးဖြစ်ကြောင်း သိရသည်။ နိုင်ငံခြားသားခရီးသွား ဧည့်သည်များအတွက် (၆၆ လမ်း နှင့် ၁၉ လမ်း) ဘက်ဝင်ပေါက်တွင် ကားကြီး၊ ကားငယ်များ ဝင်ရောက်ရပ်နားနိုင်ပြီး ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှု၍ အနားယူ စားသုံးနိုင်ရန် ကော်ဖီ၊ အအေးဆိုင် ငါးဆိုင်ကို ခေတ်မီ Container Box Coffee Shop များဖြင့် ဖွင့်လှစ်ထားပြီး ပြည်သူများ အပန်းဖြေ၊ အနားယူခြင်းနှင့် ကျန်းမာရေးအတွက် အားကစား ပြုလုပ်ခြင်းများ လာရောက် ဆောင်ရွက်နိုင်ရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

**မောင်အေးချမ်း**

# လေပြင်းတိုက်ခတ် မိုးရွာသွန်းမှုကြောင့် မြို့နယ်များ၌ နေအိမ်များပျက်စီးမှုဖြစ်ပွား

**မင်းဘူး**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်အတွင်း၌ မေ ၂၀ ရက် ညနေပိုင်းက လေပြင်းတိုက်မှုများကြောင့် လူနေအိမ် နှစ်လုံးပြိုလဲပြီး အလုံး ၅၀ အမိုးလန် ပျက်စီးကာ လမ်းမပေါ်များတွင် သစ်ပင်လဲကျမှုများဖြစ်ပွားခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

လေပြင်းတိုက်မှုများကြောင့် မင်းဘူးမြို့ အမှတ်(၁)ရပ်ကွက်မှ နေအိမ် နှစ်လုံး၊ စကုမြို့ အမှတ်(၁)ရပ်ကွက်မှ နေအိမ် လေးလုံး၊ ကံသာကျေးရွာမှ နေအိမ် လေးလုံး၊ ကံကုလားကျေးရွာမှ နေအိမ် အလုံး ၃၀၊ တောင်မန်းကျေးရွာမှ နေအိမ်တစ်လုံး၊ ကြာကန်ကျေးရွာမှ နေအိမ် သုံးလုံး၊ ဆင်ခေါင်းကျေးရွာမှ နေအိမ် လေးလုံး၊ ကျောက်တန်းကျေးရွာမှ နေအိမ်တစ်လုံးနှင့် ကဒီးကျေးရွာတွင် နေအိမ်နှစ်လုံး အမိုးလန်ပျက်စီးခဲ့ကြောင်း၊ လေဘေးသင့်အိမ်ထောင်စုများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးမည်ဖြစ်ပြီး မင်းဘူးခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနကလည်း အိမ်ဆောက်ပစ္စည်းဖိုးနှင့် ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေများ ပေးအပ်မည်ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင်က ပြောသည်။

ထို့ပြင် မြို့နယ်အတွင်းရှိ လမ်းမပေါ်များတွင် သစ်ပင်လဲကျမှုများဖြစ်ပွားကာ စကုမြို့ အမှတ်(၂) ရပ်ကွက် ဇေယျာသီရိရပ်တွင် ထန်းပင်လဲကျ၍ လျှပ်စစ်မီးတိုင်တစ်တိုင် ယိုင်လဲပျက်စီးခဲ့သည်။ အဆိုပါ လေပြင်းတိုက်ခတ်မှုများကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်သေဆုံးမှု မရှိကြောင်းနှင့် ယာဉ်လမ်းကြောပိတ်ဆို့မှု မဖြစ်ပွားစေရေး နယ်မြေခံ တပ်ရင်းတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ရှင်းလင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

**ပျဉ်းမနား**

နေပြည်တော် ပျဉ်းမနားမြို့နယ်တွင် မေ ၂၀ ရက် ညနေပိုင်းက မိုးရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုများကြောင့် လူနေအိမ် ၅၃ လုံး အမိုးလန်ပျက်စီးခဲ့ပြီး လျှပ်စစ်မီးတိုင် ၂၂ တိုင်နှင့် သစ်ပင်တချို့ လဲပြိုခြင်းများ ဖြစ်ပွားခဲ့သည်။ အဆိုပါ ပျက်စီးမှုဖြစ်ပွားသည့်နေရာများတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပရဟိတအဖွဲ့များ ပူးပေါင်း၍ လဲကျနေသော သစ်ပင်သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းမှုများ ဆောင်ရွက်ပေးလျက်ရှိပြီး လျှပ်စစ်မီးတိုင်များကိုလည်း အသစ်လဲလှယ်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခန့်ဝင်းကျော်(ပြန်/ဆက်)**



**ရေနံချောင်း**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်တွင် မေ ၂၀ ရက် ညနေပိုင်းက လေပြင်းတိုက်မှုကြောင့် လူနေအိမ် ၂၄ လုံး အမိုးလန်ပျက်စီးခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။ တွင်းကုန်းရပ်ကွက်မှ နေအိမ် တစ်လုံး၊ ဘိုကုန်းရပ်ကွက်မှ နေအိမ် နှစ်လုံး၊ ဘူးကျွန်းကျေးရွာမှ နေအိမ် လေးလုံး၊ ကျမ်းကိုင်ကျွန်းကျေးရွာမှ နေအိမ် ငါးလုံး၊ ဝက်လွတ်ကျေးရွာမှ နေအိမ် ၁၂ လုံး စုစုပေါင်းနေအိမ် ၂၄ လုံး အမိုးလန်ပျက်စီးခဲ့ခြင်းဖြစ်ကာ လူဦးရေ ၁၀၇ ဦး လေဘေးသင့်ခဲ့ကြောင်း သိရသည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်းနှင့် လေဘေးသင့်အိမ်ထောင်စုများအား ၎င်းတို့၏ ဆွေမျိုးများနေအိမ်သို့ ယာယီပြောင်းရွှေ့ထားရှိပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ညွှန်ကြားမှုဖြင့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့များနှင့် ဒေသခံပြည်သူများက လိုအပ်သည်များ ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ချောက်မြို့နယ်၌ လျှပ်စစ်မြစ်ရေတင်ဖြင့် နွေသီးနှံ လျာထားဧကထက်ကျော်လွန်စိုက်ပျိုးမည်

**ချောက် မေ ၂၃**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်အတွင်း လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ လျှပ်စစ်မြစ်ရေတင် နှစ်ခုဖြင့် နွေရာသီသီးနှံများအဖြစ် ပဲတီစိမ်း၊ နှမ်း၊ မြေပဲ သီးနှံသုံးမျိုးအတွက် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်လျက်ရှိရာ ယခုနှစ်တွင် နွေသီးနှံများကို လျာထားဧကထက် ကျော်လွန်၍ ရေသွင်းပေးဝေစိုက်ပျိုးသွားမည်ဖြစ်ပြီး ဒေသခံပြည်သူများ သောက်သုံးရေ ရရှိရေးအတွက် သောက်သုံးရေကန်များ ရေဖြည့်ပေးခြင်း၊ ပိုက်လိုင်းများဖြင့် နွေရာသီ သောက်သုံးရေဖြန့်ဝေပေးခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချောက်မြို့နယ်အတွင်း ယခုနှစ် နွေသီးနှံ ပဲတီစိမ်း၊ နှမ်း၊ မြေပဲတို့အတွက် ရေပေးဝေရာတွင် ဥမင်ကိုးပေါက်မြစ် လျှပ်စစ်မြစ်ရေတင်မှ ဧက ၁၁၀၀၊ စလေပခန်းငယ် လျှပ်စစ်မြစ်ရေတင်မှ ဧက ၁၁၅၀ စုစုပေါင်း ဧက ၂၂၅၀ ရေသွင်းပေးဝေစိုက်ပျိုးရန် လျာထားလျက်ရှိရာ ယနေ့အထိ ဥမင်ကိုးပေါက်မြစ် လျှပ်စစ်မြစ်ရေတင်မှ ဧက ၇၀၀၊ စလေပခန်းငယ်လျှပ်စစ်မြစ်ရေတင်မှ ၉၀၂ ဧက အတွက် ရေသွင်းပေးဝေစိုက်ပျိုးပြီးစီးကြောင်း၊ ဆက်လက်၍ ဥမင်ကိုးပေါက်နှင့် စလေပခန်းငယ် လျှပ်စစ်မြစ်ရေတင်မှ ဧက ၂၆၀၀ အထိ ရေသွင်းပေးဝေ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။



နွေရာသီ သောက်သုံးရေ ဖြန့်ဝေခြင်း အနေဖြင့်လည်း စလေပခန်းငယ် လျှပ်စစ်မြစ်ရေတင်မှ ကျေးရွာငါးရွာအတွက် သောက်သုံးရေကန် လေးကန်၊ ရေပိုက်လိုင်း တစ်လိုင်း၊ ဥမင်ကိုးပေါက်မြစ်လျှပ်စစ်မြစ်ရေတင်မှ ကျေးရွာလေးရွာအတွက် ရေကန် သုံးကန်၊ ရေပိုက်တစ်လိုင်းတို့ဖြင့် သောက်သုံးရေဖြန့်ဝေပေးခြင်းများပါ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုနှစ် နွေသီးနှံများကို သတ်မှတ်လျာထားသည့် ဧက ၂၂၅၀ မှ ဧက ၂၆၀၀ အထိ ရေပေးဝေမည်ဖြစ်၍ လျာထားချက်ထက်ကျော်လွန်၍ ရေပေးဝေနိုင်ရေး ဆောင်ရွက်မည်ဖြစ်ကြောင်း စလေပခန်းငယ် လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ တာဝန်ရှိသူထံမှ သိရသည်။

ချောက်မြို့နယ်သည် အပူချိန်မြင့်မားသည့် ဒေသဖြစ်သည့်အတွက် လျှပ်စစ်မြစ်ရေတင် နှစ်ခုမှ စိုက်ပျိုးရေနှင့် သောက်သုံးရေပေးဝေခြင်းဖြင့် ဒေသခံတောင်သူများအနေဖြင့် စိုက်ပျိုးရေသာမက သောက်သုံးရေအဖြစ်ပါ အသုံးပြုနိုင်ခြင်း၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိကာ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ တိုးတက်လာပါက ဒေသခံများ၏ စီးပွားရေးနှင့် လူမှုရေးအဆင့်အတန်း မြင့်မားလာမည်ဖြစ်ကြောင်း ဒေသခံတောင်သူများက ပြောသည်။

**ကျော်မိုး(ပြန်/ဆက်)**

# ဟသ်ာတမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးနိုင်ရေး အရှိန်မြှင့်ဆောင်ရွက်

**ဟသ်ာတ မေ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးမှု သတ်မှတ်ကာလအတွင်း အချိန်မီရာနှုန်းပြည့် ပြီးစီးအောင်မြင်ရေးအတွက် အရှိန်မြှင့်၍ ဆောင်ရွက်လျက်ရှိသည်။

ဟသ်ာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်း ဦးဆောင်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးချမ်းငြိမ်းအောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းပါဝင်သော အဖွဲ့သည် မေ ၂၀ ရက်မှစတင်၍ မြို့ပေါ်ရှိ ရပ်ကွက်နှင့် ကျေးရွာများရှိ သတ်မှတ်ထားသည့်နေရာများ၌ ဦးတည်အုပ်စုများမှ ကာကွယ်ဆေးမထိုးနှံရသေးသည့် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိသည်။ ဟသ်ာတခရိုင်၌ ယခုအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံပြီးသူ ၂၂၃၁၂၈ ဦး၊ နှစ်ကြိမ် ထိုးနှံပြီးသူ ၁၇၈၈၃၇ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

**ကိုဇော် (ဟသ်ာတ)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၄-၄-၂၀၂၂ တနင်္ဂနွေနေ့

**MRTV HD**

- ၀၆:၀၀ မေတ္တာသုတ်၊ ရတနသုတ်၊ ခေမာလ်သုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ပြည်သူအားလုံးနှင့် သက်ဆိုင်သောအနာဂတ် ဒီမိုကရေစီ
- ၀၈:၄၅ တရုတ်ကာတွန်း 'ရိုကုံးစွန့်စားခန်း' (အပိုင်း-၆)
- ၀၉:၁၅ Road to 31st SEA Games Vietnam (Athletics)
- ၀၉:၃၅ MRTV Travelogue
- ၁၀:၀၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၀:၄၀ 'မေတ္တာပန်းများပွင့်စေမယ်'' တေးဂီတ ဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ်
- ၁၁:၄၅ အသိပညာနှင့် အမှန်တရား
- ၁၂:၃၀ This Week Special Interest
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ မြန်မာဂန္ထဝင်ရုပ်ရှင် 'ချစ်ကမ္ဘာမှာပင်းနဲ့ငါ'
- ၁၆:၁၅ ကုန်ကြမ်းမှသည် ကုန်ချောဆီသို့
- ၁၇:၁၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၇:၃၅ ရာဇဝင်ထဲကသမိုင်းအနုပညာ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သုတဝေဖြာသီရိဂေဟာ
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့ လျှို့ဝှက်ချက်' (အပိုင်း-၈၃)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ မြန်မာဗီဒီယိုဇာတ်လမ်း 'ချစ်တယ်'

**mitv**

- 07:01 Evergreen Classic: Hsu Myat Khay Mar (Tekkatho Lei Lei)
- 07:09 Great Shwedagon - The Planetary Posts
- 07:22 Will you feed the pigeons?
- 07:28 Myanmar Tradition of Lotus Flower
- 07:49 Mobile House
- 08:00 Mekong-Lancang Cooperation: Puppet Festival- Preliminary Performance by Female Dancers
- 08:05 Mekong-Lancang Cooperation: Puppet Festival- Creative Performance by Puppeteers of the People's Republic of Chinahina
- 08:15 Today Myanmar: The Handicraft Businesses in Myinkaba Village
- 08:24 Myanmar Traditional Brass Embossed Painting
- 09:01 News
- 09:26 Global Partnership for Brighter Future: Kingdom of Saudi Arabia Pavilion at Expo 2020 Dubai
- 09:36 Healthy Diet: Keto Diet

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
သဘာဝရဲ့အလှတရားများနဲ့ ကျောက်ပုထိုးစေတီတော်

**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
တောင်ပေါ်မြေမှကယန်းတိုင်းရင်းသားတို့ရဲ့ တံခွန်တိုင်ပွဲတော်

**ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀)**
နလုံးကျန်းမာရေးအကြောင်း သိကောင်းစရာ

**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
မြတ်နိုးဖွယ်ရာဝါးလက်မှုပညာ

**မွန် (၁၀:၀၀ မှ ၁၂:၀၀)**
ဝနိပူး၏အသုံးဝင်ပုံ အကျိုးကျေးဇူး

**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
ကျော်တော်တောင်ပွဲ

**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
ဝါးထဲကပိုး

**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
စကောထမင်းဟင်း

**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ဟင်းသီးဟင်းရွက်စိုက်ခင်းဆီ

**ကယား (၂၀:၀၀ မှ ၂၂:၀၀)**
ရွှေတံခါးမြို့လေးဆီသို့ အလည်တစ်ခေါက်

**ပေကာကရင် (၂၂:၀၀ မှ ၂၄:၀၀)**
စာပေစကားပြောကြရအောင် (အပိုင်း-၁)

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၁၅ Road to 31st SEA Games Vietnam (လက်ဝှေ့)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လင်နဲ့မယားလျှာနဲ့သွားဆိုပေမယ့်'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၅)
- ၁၁:၀၀ ရွေးချယ်တင်မြှောက်ပုံစနစ် (အပိုင်း-၂)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၅)

**MRTV FARMERS'**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၂၅ ကိုင်းကျူးကိုင်းဆက်နည်းပညာ
- ၀၇:၀၀ စိုက်ပျိုးရေးရာအဖြေရှာ
- ၀၇:၃၅ ခွာနာလျှာနာရောဂါကာကွယ်ဖို့ကာကွယ် ဆေးအခမဲ့ထိုးကြပါစို့
- ၀၉:၀၀ ရေကန်အသင့်ကြာအသင့်
- ၀၉:၄၅ ရေရှည်တည်တံ့သောပဲတီစိမ်းစိုက်ပျိုး ထုတ်လုပ်ခြင်း

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို ဝနေ့၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# လက်ပံတန်းမြို့နယ်ရှိ ကျေးရွာများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချ

နေပြည်တော် မေ ၂၃

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး နည်းပညာပေးသင်တန်းများကို မြို့နယ်အတွင်းရှိ ကျေးရွာများဖြစ်သော ကျွန်းကလေးကျေးရွာ၊ မှော်အင်းကျေးရွာ၊ သက္ကယ်ကုန်းကျေးရွာ၊ မြေစီးကျေးရွာ၊ ရေငန်ကျေးရွာနှင့် မအူတန်းကျေးရွာများသို့ မေ ၈ ရက်မှ မေ ၂၂ ရက်အထိ ဖွင့်လှစ်ပို့ချသည်။



အဆိုပါ နည်းပညာပေးသင်တန်းများတွင် ဌာနဆိုင်ရာများက မိမိတို့ဌာနများအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြပြီး မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ဌာနကဆောင်ရွက်နေသည့် ငါးသယံဇာတထိန်းသိမ်းရေးလုပ်ငန်းများ၊ ငါးရစ်ငါးသန်ရာသီချိန်တွင် ငါးဖမ်းဆီးမှုမပြုရေးနှင့် တရားမဝင်ငါးဖမ်းနည်းများဖြစ်သော ဘက်ထရီရှော့တိုက်ငါးဖမ်းခြင်း၊ အဆိပ်ချငါးဖမ်းခြင်းတို့ဖြင့် ငါးဖမ်းဆီးမှုမပြုစေရေးတို့ကို ပညာပေးဟောပြောကာ တက်ရောက်လာကြသည့် ကျေးရွာသူ ကျေးရွာသားများအား ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးပြီး သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးဖြေကြားကြောင်း သိရသည်။

သတင်းစဉ်

## တိမ်အနည်းငယ် ဖြစ်ထွန်းနေ

နေပြည်တော် မေ ၂၃

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၃ - ၄ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၇၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၅၅၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၇၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၅၅၈၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၇၅/၂၂၈၀ ကျပ် | ၂၃၂၅/၂၃၃၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၀၅/၂၃၁၀ ကျပ် | ၂၃၆၀/၂၄၃၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၃၀/၁၉၃၀ ကျပ် | ၁၉၈၀/၂၁၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၉၈၀/၂၀၀၀ ကျပ် | ၂၀၉၀/၂၂၈၅ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၉၈ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၅၃ . ၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၄ . ၅၀၀ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၃၉ . ၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၇ . ၇၅ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၄ . ၈၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၄ . ၁၈၈ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၇၀၀ | ၇၆၀၀ | ၁၄၀ | ၁၀၇၂၈၀၀ |
| MTSH | ၂၆၅၀ | ၂၆၅၀ | ၅၈၉ | ၁၅၆၀၈၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၆၅၀ | ၂၆၅၀ | ၅ | ၁၃၂၅၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)


mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# မြေဆီလွှာနှင့် အပင်အကျိုးပြု ဒိုချက်ကင်မြေဩဇာ ကိုယ်တိုင်ပြုလုပ်သုံးစွဲနည်း

နန်းထက်ထက်ချစ်





သစ်ရွက်အကြွေအဟောင်းများအပေါ် သစ်ရွက်ကြွေအသစ်များ ထပ်မံကြွေကျပြီး လေ/နေ/အပူ ခာတ်/စိုထိုင်းဆတို့က ထောက်ပံ့ပေးသည့်အတွက် အချဉ်ဖောက်ခြင်းဖြစ်စဉ် ဖြစ်ပေါ်လာသည်။ အပင်၏အောက် မြေသားမျက်နှာပြင်ပေါ်တွင် အထက်ပါဖြစ်စဉ်များ ဖြစ်သကဲ့သို့ပင် မြေတွင်းထဲတွင်လည်း ဆင့်ကဲသဘာဝဖြစ်စဉ်များ ဖြစ်ပေါ်နေသည်။ မြေသားအတွင်းပိုင်းနှင့် အမြစ်ဝန်းကျင်မှ သဘာဝ အဏုဇီဝသက်ရှိများကိုမူ (Anaerobic Microorganisms)ဟု ခေါ်ဆိုသတ်မှတ်ကြသည်။ အဆိုပါ ဇီဝပိုးနှစ်မျိုးလုံးကို ရရှိရန်အတွက် မြေသားများကို အပေါ်ယံခြစ်မယူဘဲ အနက် လေးလက်မနှင့် ငါးလက်မ ပမာဏ ပေါက်တူးအသွားတစ်ဆုံးအထိ ပေါက်ယူရခြင်းဖြစ်ပါသည်။

သစ်ရွက်အကြွေ အဟောင်းများအပေါ် သစ်ရွက်ကြွေအသစ်များ ထပ်မံကြွေကျပြီး လေ/နေ/အပူခာတ်/စိုထိုင်းဆတို့က ထောက်ပံ့ပေးသည့်အတွက် အချဉ်ဖောက်ခြင်းဖြစ်စဉ် ဖြစ်ပေါ်လာသည်။ အပင်၏အောက် မြေသားမျက်နှာပြင်ပေါ်တွင် အထက်ပါဖြစ်စဉ်များ ဖြစ်သကဲ့သို့ပင် မြေတွင်းထဲတွင်လည်း ဆင့်ကဲသဘာဝဖြစ်စဉ်များ ဖြစ်ပေါ်နေသည်။ မြေသားအတွင်းပိုင်းနှင့် အမြစ်ဝန်းကျင်မှ သဘာဝ အဏုဇီဝသက်ရှိများကိုမူ (Anaerobic Microorganisms)ဟု ခေါ်ဆိုသတ်မှတ်ကြသည်။ အဆိုပါ ဇီဝပိုးနှစ်မျိုးလုံးကို ရရှိရန်အတွက် မြေသားများကို အပေါ်ယံခြစ်မယူဘဲ အနက် လေးလက်မနှင့် ငါးလက်မ ပမာဏ ပေါက်တူးအသွားတစ်ဆုံးအထိ ပေါက်ယူရခြင်းဖြစ်ပါသည်

### ဒိုချက်ကင်မြေဩဇာဆိုသည်မှာ

ဒိုချက်ကင်(Dochakin)ဆိုသည်မှာ ဂျပန်အသုံးအနှုန်းဖြစ်ပြီး မိမိဒေသတွင်ရှိသော အဏုဇီဝပိုး(မှို)ကို မွေးမြူသုံးစွဲထားသည့် သဘာဝမြေဩဇာဖြစ်သည်။ စိုက်ပျိုးမြေများအတွက် လွန်စွာမှ အကျိုးပြုသော ဒိုချက်ကင်မြေဩဇာကို ရရှိစေရန်အတွက် လုပ်ဆောင်ပုံအဆင့်ဆင့်ကို တင်ပြလိုပါသည်။

ဒိုချက်ကင်ပြုလုပ်ရန်အတွက် သစ်ပင်ကြီးကြီး (သစ်တောအုပ်)အောက်မှ မြေဆွေးနှင့် ဝါးရုံပင်အောက်မှ မြေဆွေး သို့မဟုတ် ခြတောင်ပို့မြေကြီးတို့မှ မြေဆွေးများကို ပေါက်တူးအသွားတစ်ဆုံးအထိ ပေါက်ပြီး ရယူရပါမည်။

သစ်ပင်နှင့် သစ်ပင်ထွက်ပစ္စည်းများ ကြွေကျမြေခရာမှ ခြောက်သွေ့ဆွေးမြည့်သွားလေ့ရှိကြရာ အပင်အောက်ခြေတွင် အရွက်ကြွေများ စုပုံနေခြင်းကြောင့် မြေအစိုဓာတ်ကို ထိန်းသိမ်းထားနိုင်သည့် သဘောသဘာဝ ရှိသည်။ ယင်းနေရာများတွင် အပင်အကျိုးပြု ဇီဝသက်ရှိများ စုဖွဲ့ပေါက်ပွား ဖြစ်တည်နေတတ်သဖြင့် ထိုနေရာများမှ မြေကြီးကို ရယူခြင်းဖြစ်သည်။

သစ်ရွက်ကြွေအပြင် အပင်ခြေရင်း အနီးအနားတစ်ဝိုက်ရှိအရာများ၏ ဆွေးမြည့်မှုဖြစ်စဉ်ကို ပိုမိုမြန်ဆန်စေရန် အဏုဇီဝပိုးများက အထောက်အကူပြုပေးနေသည်။ ထိုဆွေးမြည့်မှုဖြစ်စဉ်ကြောင့်ပင် မြေကြီးအတွင်းရှိ အစိုဓာတ်ကို ထိန်းသိမ်းပေးထားသကဲ့သို့ဖြစ်ပြီး အဏုဇီဝပိုးများ ထပ်မံပေါက်ပွားသည်။ အဆိုပါဖြစ်စဉ်ကို ပညာရှင်များက ဇီဝသက်ရှိပိုးများ ပွားများပေါက်ပွားမှုဖြစ်စဉ်(Aerobic Micro-organism)ဟု ခေါ်သည်။

### ပြုလုပ်နည်းအဆင့်ဆင့်

ဒိုချက်ကင် ပြုလုပ်နည်းအဆင့်များမှာ

(၁) သစ်ပင်ကြီးကြီး(သစ်တောအုပ်) အောက်မှ မြေဆွေးကို ယူပါ။

(၂) ဝါးရုံပင်အောက်မှမြေဆွေး သို့မဟုတ် ခြတောင်ပို့မှ မြေကြီးကို ယူပါ။

(၃) ကြံသကာအညို သို့မဟုတ် ထန်းလျက်အညိုကြမ်း တစ်ပိဿာကို အရည်ပြစ်ပြစ်ကျိုပြီး အအေးခံထားပါ။

(၄) ရေ လေးဂါလန်ဖြင့် ရောမွှေထားပါ။

(၅) ထို့နောက် ဖွဲနုကို ဝါးရွက်မြေဆွေးပမာဏ၏ ငါးပုံတစ်ပုံခန့်နှင့် ထပ်မံရောပါ။

(၆) ထိုကဲ့သို့ ကြံသကာရည်အရောကို မနည်းလွန်း မများလွန်း လက်ဖြင့်ဆုပ်လုံး၍ရရုံ သမအောင် မွှေလိုက်၊ ရေရောလိုက် ပြုလုပ်ပါ။ သကာရည်ရောရာတွင် စိုထိုင်းဆ ၆၀ ရာခိုင်နှုန်းခန့် ရှိရမည်။ စိုထိုင်းဆ ၆၀ ရာခိုင်နှုန်းဆိုသည်မှာ ၎င်းအရောကို လက်ဖြင့်ဆုပ်ကြည့်လျှင် အလုံးဖြစ်ပြီး လက်ညှိုးဖြင့်ဖိလိုက်လျှင် ကွဲသွားသော အနေအထား ဖြစ်ရမည်။ (ရေနည်းလျှင် အလုံးမဖြစ်ပါ။ ရေများလျှင် လက်ညှိုးဖြင့်ဖိလျှင် မကွဲပါ။ ရေနည်းလျှင် အဏုဇီဝပိုးပေါက်ပွားနှုန်းနှေးပြီး ရေများပါကလည်း ပုပ်ပြီး လုံးဝမဖြစ်တော့ပါ။ ထို့ကြောင့် ရေစိုထိုင်းဆသည် အလွန်အရေးကြီးပါသည်။)

(၇) အထက်ပါအဆင့်များကို ပြုလုပ်ပြီးပါက မိုးရေနှင့် ရေငွေ့ပျံမှုတို့မှ ကာကွယ်ရန် ပလတ်စတစ်နှင့်အုပ်ပါ။ (အမည်းရောင် ပလတ်စတစ်က ပိုကောင်းပါသည်။) ထို့နောက် သုံးရက်အကြာတွင် ဖုံးအုပ်ထားသော ပလတ်စတစ်စကို ဖယ်ရှားကြည့်ပါက အရောင်သည် အဖြူရောင်ရှိပြီး ချဉ်၊ စူး၊ ချိုု အီသည့်အနံ့ကို ရရှိနေပါလိမ့်မည်။ ၎င်းအခြေအနေမှာ အဏုဇီဝသက်ရှိများ ပေါက်ပွားလာသည့်အခြေအနေ ဖြစ်ပါသည်။

(၈) အထက်ပါ ရရှိလာသော အဏုဇီဝပိုးများကို ရေရှည်ထိန်းသိမ်းထားရန်နှင့် သေဆုံးမှုမရှိစေရန်အတွက် ကော်ပုံးထဲသို့ ထည့်ပြီး အပေါက်တစ်ပေါက်ဖောက်၍ ပိုက်စွပ်ကာ ပိုက်အဝတွင် ရေသန့်ဘူး စွပ်ထားပေးပါ။

(၉) ရေသန့်ဘူးထဲတွင် အရည်ကြည်ချွေးများ ကျရောက်လာပြီး ရေငွေ့လေးများ ခိုအောင်းလာသည်ကို တွေ့ရှိရပါလိမ့်မည်။

(၁၀) လိုအပ်ချိန်မှ လိုအပ်သလောက် မြေဆွေးပုံအတွင်းသို့ ထည့်သွင်းအသုံးပြုပေးခြင်းအားဖြင့် ဒိုချက်ကင်မြေဩဇာ ရရှိနိုင်ပြီဖြစ်ပါသည်။

### မြေဆွေးပုံပြုလုပ်ခြင်း

စပါးခွံများ၊ ပြောင်းရိုး၊ ပြောင်းပင်၊ အူတိုင်၊ နှမ်းရိုး၊ နှမ်းပင်၊ ပဲမှော်အလေအလွင့် စသည့် လယ်ယာစွန့်ပစ္စည်းများ၊ ခြံအတွင်းရှိ ပေါင်းမြက်များ၊ ဆွေးမြည့်လွယ်သောပစ္စည်းများ၊ ဖေဒါ၊ ပိန်းရိုး စသည့် အလွယ်တကူရသည့် ပစ္စည်းများနှင့် ကောက်ရိုး စသည့် ကုန်ကြမ်းပစ္စည်းများကို ခြောက်လက်မအမြင့် မြေပေါ်တွင် စက်ဝိုင်းပုံ ပုံပါ။ ထို့နောက် တိရစ္ဆာန်အညစ်အကြေး တစ်မျိုးမျိုးကို ယင်းအပေါ်သို့ ခြောက်လက်မအမြင့်ရအောင် ဖြူးထည့်ပေးပါ။ ထို့နောက် အထက်တွင် ပြုလုပ်ထားပြီးသော ဒိုချက်ကင်ကို ပါးပါးဖြူးပေးပါ။ ကုန်ကြမ်းများကို ခြောက်လက်မအထူရအောင် ထပ်မံ၍ ဖုံးပေးပြီး ရေဖျန်းပေးပါ။ (အစိုဓာတ် ၆၀ ရာခိုင်နှုန်းခန့်ရှိရန် လိုအပ်ပါသည်။)

ယင်းမြေဩဇာအပုံကို ခြောက်သွေ့မှုမှကာကွယ်ရန် အလင်းလုံသော ပလပ်စတစ်/ တာပေါ်လင်စတို့ဖြင့် ဖုံးအုပ်ထားပေးပါ။ သုံးပတ်/လေးပတ်အကြာတွင် မြေဆွေးပုံကို တစ်ကြိမ်လှန်လှောပေးပါ။ အစိုဓာတ်အနေအထားကိုကြည့်ပြီး ရေလောင်းပေးပါ။ ခြောက်ပတ်မှ ရှစ်ပတ်ခန့်အကြာတွင် အသင့်သုံးနိုင်သော ဒိုချက်ကင်မြေဆွေးပုံကို ရရှိမည်ဖြစ်ပါသည်။

ထိုမြေဩဇာကို စိုက်ပျိုးမြေတစ်ကေလျှင် မြေဆွေးတစ်တင်းခွဲဝင်အိတ်(၅၀ ကီလိုအိတ်) ၁၀ အိတ်မှ အိတ် ၂၀ အထိ ထည့်သွင်းအသုံးပြုပါက မြေဆီလွှာများအတွက် လိုအပ်သော အကျိုးပြုအဏုဇီဝပိုးများ ရှင်သန်ပွားများလာမည့်အပြင် ပျက်စီးမြေသားများကိုလည်း ပြုပြင်ပေးနိုင်ကာ သီးနှံများ အထွက်နှုန်းတိုးတက်လာမည်ဖြစ်ပါသည်။ ။



# ဆီကြိတ်နိုင်သည့် ရှမ်းပဲပုပ် မန္တလေးဈေးကွက်၌ ရောင်းအားကောင်း



**မန္တလေး ဧပြီ ၂၃**
သင်္ကြန်အလွန်ကာလ နှစ်သစ်အခါသမယတွင် မန္တလေး ပဲဈေးကွက်၌ ပြည်ပပို့ကုန် ပဲအမျိုးအစားများ ရောင်းအားကောင်းမွန် သွက်လက်နေကြောင်း မန္တလေး ပဲကုန်သည်များထံမှ သိရသည်။

သင်္ကြန်အပြီး မန္တလေး ပဲဈေးကွက် စတင်ဖွင့်လှစ်ချိန်တွင် ရောင်းသူ၊ ဝယ်သူများဖြင့် စည်ကားလျက်ရှိပြီး ပြည်ပပို့ကုန် ပဲအမျိုးအစားများဖြစ်သည့် မတ်ပဲ၊ ပဲစင်းငုံ၊ ပြောင်းဖူးစေ့၊ နှမ်း၊ မြေပဲလုံးဆန်၊ မြေထောက်ပဲ၊ ပဲကြီး၊ ပဲဇီးကွက် စသည့် ပဲအမျိုးအစားများ ရောင်းအားကောင်းလျက် ရှိကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ) က ပြောသည်။

"မန္တလေးဈေးကွက် စတင်ဖွင့်လှစ်ချိန်မှာပဲ ရောင်းသူဝယ်သူတွေနဲ့ လူစုံတက်စုံ စည်ကားနေပြီး အရောင်းအဝယ်တွေလည်း သွက်လက်နေပါတယ်။ ဒီနှစ်ထူးခြားချက်ကတော့ ရှမ်းပဲပုပ်ကို ဆီအဖြစ်ကြိတ်ပြီး မန္တလေးဈေးကွက်အတွင်းမှာ ရောင်းချနေကြတယ်။ ပဲပုပ်ကို ဆီကြိတ်တာကလည်း နေကြာဆီလိုပဲ ပြည်ပက ဆီဝင်ရောက်မှုကို အထိုက်အလျောက် လျှော့ချနိုင်ပါတယ်။ ကျန်းမာရေးနဲ့ ညီညွတ်ပြီး အန္တရာယ်ကင်းရှင်းတဲ့ ပဲပုပ်ဆီကို စားသုံးသင့်ပါတယ်။ ပဲပုပ်ဆီ နှစ်မျိုးရှိတဲ့အနက် မြန်မာပဲပုပ်ထက် ရှမ်းပဲပုပ်ဆီကို တွင်တွင်ကျယ်ကျယ်နဲ့ ရောင်းချလာကြတာကို တွေ့ရပါတယ်"ဟု ၎င်းက ရှင်းပြသည်။

လက်ရှိအချိန်တွင် မန္တလေး ပဲဈေးကွက်အတွင်း အိန္ဒိယပို့ကုန်ဖြစ်သည့် မတ်ပဲ၊ ပဲစင်းငုံ၊ တရုတ်ပြည်ပို့ကုန်များဖြစ်သည့် ပဲတီစိမ်း၊ နှမ်း၊ မြေပဲလုံးဆန်၊ ပဲဇီးကွက်၊ ပဲယင်း၊ ထောပတ်ပဲ၊ ထိုင်းပို့ကုန်ဖြစ်သည့် ပြောင်းဖူးစေ့တို့မှာ သင်္ကြန်မတိုင်မီကာလကထက် ဈေးနှုန်းများ ပိုမိုမြင့်တက်ကာ ရောင်းအားကောင်းလျက်ရှိကြောင်း၊ ဈေးကွက်အတွင်း ပြည်တွင်းစားသုံးဆီများ အနေဖြင့် ပုံမှန်ဈေးနှုန်းများဖြင့်သာ အရောင်းအဝယ်ဖြစ်နေပြီး လက်ရှိတွင် ပဲဆီတစ်ပိဿာလျှင် ကျပ် ၈၀၀၀၊ နှမ်းဆီတစ်ပိဿာလျှင် ကျပ် ၈၀၀၀၊ နေကြာဆီတစ်ပိဿာလျှင် ကျပ် ၅၅၀၀ မှ ၆၀၀၀၊ ပဲပုပ်ဆီတစ်ပိဿာလျှင် ကျပ် ၆၅၀၀ မှ ၇၀၀၀ ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

# အရာတော်မြို့နယ်၌ စိုက်ပျိုးသည့် အိန္ဒိယဒန့်သလွန် ဈေးကောင်းရရှိ

**အရာတော် ဧပြီ ၂၃**
စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်၌ အိန္ဒိယဒန့်သလွန် ခြောက်လသီးစိုက်ပျိုးရာ၌ ယခုဈေးကွက်တွင် ဒန့်သလွန်သီး တစ်ပေခွဲအထက်တစ်တောင့်လျှင် ကျပ် ၇၀ မှ ကျပ် ၁၅၀ အထိ ဈေးကောင်းရသဖြင့် တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးနေသော ဒန့်သလွန်အမျိုးအစား လေးမျိုးမှာ PKM1၊ PKM2၊ PK115၊ ODC3 တို့ဖြစ်ပြီး အိန္ဒိယမှ တိုက်ရိုက်လာသော မျိုးများဖြစ်ကြောင်း သိရသည်။ "ဒန့်သလွန်စိုက်ပျိုးရာမှာ တစ်ဧကကို အပင် ၃၀၀ ကျော် ၄၀၀ စိုက်ပျိုးပါတယ်။ ဒန့်သလွန်ပျိုးပင် တစ်လခန့်မှာ မြေချစိုက်ပျိုးရပါတယ်။ စိုက်ပျိုးပြီး နှစ်လခွဲ၊ သုံးလမှာ ဒန့်သလွန်အပွင့်များ စတင်ပွင့်ပါတယ်။ လေးလခွဲ၊ ငါးလမှာ အသီးသီးပါတယ်။ ခြောက်လရောက်တဲ့အချိန်မှာ ဒန့်သလွန်တစ်ပင်ကနေ အသီး ၁၅၀ မှ ၂၀၀ နီးပါးသီးပါတယ်။ ဒန့်သလွန်ပင်ကို မြေချစိုက်ပျိုးတဲ့အချိန်မှစပြီး ရေဝအောင်တိုက်ရတယ်၊ ပိုးမကျအောင် ထားရတယ်၊ ပေါင်းရှင်းအောင် ထားရပါတယ်။ ခြောက်လပြည့်ရင် တစ်ဧကကို ငါးရက်ခြားတစ်ခါ ဆွတ်ခူးပြီး တင်ပို့ရောင်းချပါတယ်" ဟု အရာတော်မြို့နယ်အတွင်းမှ ဒန့်သလွန်စိုက်ပျိုးရောင်းချနေသည့် တောင်သူ ကိုချစ်မုန်းက ပြောသည်။



**ယွန်း(မုံရွာကိုယ်ပွား)**

## ခေတ်မီရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း ရှင်းလင်းပွဲပြုလုပ်မည်

**မြိတ် ဧပြီ ၂၃**
တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် မအိုင်ကျေးရွာအုပ်စု မစမ်းပါးကျေးရွာအနီးတွင် ခိုင်ဇင်ယော်ထရေးဒင်းကုမ္ပဏီလီမိတက်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ခေတ်မီရေငန်ပုစွန်မွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းနှင့် စီမံကိန်းဆိုင်ရာရှင်းလင်းပွဲသို့ မည်သူမဆို တက်ရောက်ဆွေးနွေးနိုင်ကြောင်း သိရသည်။

အဆိုပါ စီမံကိန်းဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြခြင်း၊ လုပ်ငန်းစဉ်၏ နယ်ပယ်အတိုင်းအတာ သတ်မှတ်ခြင်းဆိုင်ရာလုပ်ဆောင်မှုများကို အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ သဘောထားရယူခြင်း ဆွေးနွေးပွဲကို ဧပြီ ၂၉ ရက် တွင် မြိတ်မြို့ မြန်အောင်ရပ် သဲကွင်း (၁) လမ်းရှိ ငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး၌ နံနက် ၉ နာရီခွဲမှ ၁၁ နာရီခွဲအထိ ပြုလုပ်မည်ဖြစ်သည်။

ခေတ်မီရေငန်ပုစွန် မွေးမြူရေးလုပ်ငန်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းလုပ်ငန်းစဉ်နှင့် စီမံကိန်းဆိုင်ရာအချက်အလက်များကို ပြည်သူလူထုအား ရှင်းလင်းတင်ပြပြီး အများပြည်သူ၏ ဆွေးနွေးချက်များ၊ အကြံပြုချက်များ၊ လူထု၏သဘောထားများကို ရယူနိုင်ရန်အတွက် ဆွေးနွေးပွဲကို ပြုလုပ်ခြင်းဖြစ်ကာ မည်သူမဆို တက်ရောက်ဆွေးနွေးနိုင်ကြောင်း ခိုင်ဇင်ယော် ထရေးဒင်းကုမ္ပဏီလီမိတက်မှ သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**

## တောင်သူများအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်

**ပွင့်ဖြူ ဧပြီ ၂၃**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဆည်မုန်းကျေးရွာအုပ်စုမှ တောင်သူများအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး ဆိုင်ရာအသိပညာပေးသင်တန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အဆိုပါကျေးရွာစာသင်ကျောင်း၌ ဧပြီ ၂၂ ရက်က ဖွင့်လှစ်သည်။

သင်တန်းတွင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးလှဌေးမောင်က တောင်သူများအနေဖြင့် မြေမှန် မျိုးမှန် နည်းလမ်းမှန်ဖြင့် စိုက်ပျိုးလုပ်ကိုင်ခြင်းဖြင့် သီးနှံအထွက်တိုးပြီး တောင်သူများ၏ ဝင်ငွေတိုးပွားလာစေရန်နှင့် မျိုးကောင်းမျိုးသန့်များကို ရွေးချယ်မွေးမြူပြီး နည်းလမ်းမှန်မှန်ဖြင့် ထိန်းသိမ်းစောင့်ရှောက်တတ်စေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးအေးမိုးနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါက်တာကြည်ပြာဝင်းရွှေတို့က ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းစနစ်များနှင့် သင်ကြားမည့်ဘာသာရပ်များကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါသင်တန်းတွင် သဘာဝမြေဩဇာပြုလုပ်နည်းနှင့် တိရစ္ဆာန်ကာကွယ်ဆေးထိုးနည်းပညာများကို မေ ၅ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချမည်ဖြစ်ပြီး ဆည်မုန်းကျေးရွာမှ သင်တန်းသူ ခုနစ်ဦး၊ သင်တန်းသား ၁၈ ဦး စုစုပေါင်း ၂၅ ဦး တက်ရောက်ကြောင်း သိရသည်။

**အထွေး**

# ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများ ရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာ အလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက်ကူးခတ်ခြင်း၊ ကမ်းစပ်သို့စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေ့လှော်ပေးခြင်း၊ စသည့်နည်းလမ်းများဖြင့် ရေတွင် ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသောရေသစ်များ ဖြည့်သွင်းပေးပါရန်။ ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများ ကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသောအခြေအနေ ရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကစော်ဖတ်၊ ဝါးစော်ဖတ်များ ကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။
- အစာကျွေးပြီးပါက အစာကျန်များ ရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။
- မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားပါရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက် (၆) နာရီ၌ ပုံမှန်စစ်ဆေးပါရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သောအခြေအနေပြောင်းလဲခြင်းမျိုး ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊**
**ငါးလုပ်ငန်းဦးစီးဌာန**

## ဘာရာဇီးဂန္တဝင်ဘောလုံးသမားကြီးပီလီ ဆေးရုံက ပြန်ဆင်းလာပြီ

ကင်ဆာရောဂါကုသမှုခံယူပြီးနောက် ဘာရာဇီးဂန္တဝင်ဘောလုံးသမားကြီး ပီလီဟာ အခုဆိုရင်ဆေးရုံက ပြန်ဆင်းလာပြီလို့ ဆရာဝန်များက ပြောလိုက်ပါတယ်။

လွန်ခဲ့တဲ့ စက်တင်ဘာလက သူ့ရဲ့အူမကြီးက အကြိတ်အလုံးကို ဖယ်ရှားလိုက်ပြီးနောက် အသက် ၈၁ နှစ်ရှိပြီဖြစ်တဲ့ ပီလီကို ဓာတုကုထုံးဆက်လက်လုပ်ဆောင်ဖို့ မေ ၁၈ ရက်က ဆေးရုံတင်လိုက်တာဖြစ်ပါတယ်။

လူနာက အခုတော့ အခြေအနေကောင်းမွန်နေပြီး တည်ငြိမ်နေပါပြီလို့ ဆော်ပေါလိုအစ္စရေးလီတာ အဲဘတ်အိုင်းစတိုင်းဆေးရုံရဲ့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားအဖြစ် တစ်ကမ္ဘာလုံးမသိသူမရှိတဲ့ ပီလီဟာ သူကစားခဲ့တဲ့ ၂၁ နှစ်တာအတွင်း ဘောလုံးပွဲပေါင်း ၁၃၆၃ ပွဲမှာ ဂိုးပေါင်း ၁၂၈၁ ဂိုးဖြင့် ကမ္ဘာ့မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။

သူဟာ ဘာရာဇီးနိုင်ငံအတွက် ၉၁ ကြိမ်ရွေးချယ်ခံရပြီး နိုင်ငံတကာဂိုးပေါင်း ၇၇ ဂိုး ရရှိခဲ့ပါတယ်။ **လင်းခေတ်ဆန်**



## ဝက်စ်ဟမ်း၏ တတိယအကြိမ်ကမ်းလှမ်းမှုကို ပယ်ချလိုက်သည့် ရိုက်စ်

ကွင်းလယ်ကစားသမား ဒက်ကလန်ရိုက်စ်သည် စာချုပ်သစ်နှင့်ပတ်သက်ပြီး ဝက်စ်ဟမ်းအသင်း၏ တတိယအကြိမ်မြောက် ကမ်းလှမ်းမှုကို ပယ်ချလိုက်ကြောင်း သိရသည်။ ၎င်းသည် ဝက်စ်ဟမ်းအသင်း၏ ကမ်းလှမ်းမှုကို လက်ခံခဲ့မည်ဆိုပါက တစ်ပတ် ပေါင် ၂၀၀၀၀၀ ခန့်ဖြင့် အသင်း၏ လုပ်ခလစာ အများဆုံးပေးချေရသည့် ကစားသမားတစ်ဦးဖြစ်လာမည်လည်း ဖြစ်သည်။

ဝက်စ်ဟမ်းအသင်းအနေဖြင့် ရိုက်စ်ကို ရောင်းထုတ်သွားရန် ဆန္ဒမရှိသော်လည်း အဆိုပါ ကစားသမားကိုယ်တိုင်က အသင်းမှ ထွက်ခွာရန် ဆန္ဒရှိနေသည်။ ရိုက်စ်ကို မန်ယူအသင်းအပြင် ကလပ်အသင်းအများအပြားက ခေါ်ယူလိုနေသည်။ သို့သော်လည်း အဆိုပါ ကစားသမားကို ခေါ်ယူမည့်အသင်းများအနေဖြင့် ပေါင်သန်း ၁၅၀ ခန့် ကုန်ကျနိုင်ဖွယ်ရှိကြောင်း သိရသည်။

ရိုက်စ်သည် ချယ်ဆီးအသင်းအကယ်ဒမီထွက်ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် ဝက်စ်ဟမ်းအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူ ဖြစ်သည်။ ဝက်စ်ဟမ်းအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၁၈၈ ပွဲ ပါဝင်ကစားထားပြီး ၁၀ ဂိုးသွင်းယူပေးထားသည်။ **အောင်ဇော်**



ဗိုလ်လုပွဲကို ရောက်သွားသည့် ကမ္ဘာ့နံပါတ် ၁ တင်းနစ်ကစားသမား နိုဗက်ဂျိုကိုဗစ်

## နိုဗက်ဂျိုကိုဗစ် ဆားဘီးယားအိုးပင်းဖိုင်နယ်ပွဲတက်ရောက်

ကမ္ဘာ့နံပါတ် ၁ တင်းနစ်ကစားသမားဖြစ်တဲ့ ဆားဘီးယားနိုင်ငံက နိုဗက်ဂျိုကိုဗစ်ဟာ တစ်နိုင်ငံတည်းသား မိုင်အိုမာကက်မာနိုဗစ်ကို ၄-၆၊ ၆-၃၊ ၆-၃ နဲ့အနိုင်ရရှိခဲ့ပြီး ဘဲလ်ဂရိတ်မှာကျင်းပတဲ့ ဆားဘီးယားအိုးပင်းရဲ့ အကြိုဗိုလ်လုပွဲကို တက်ရောက်ခဲ့ပါတယ်။

ဂျိုကိုဗစ်ဟာ ကက်မာနိုဗစ်ကို ပထမအကျော့မှာ အလွယ်တကူ အနိုင်မကစားနိုင်ဘဲ နောက်ပိုင်းမှသာ တဖြည်းဖြည်း သူ့ရဲ့ပုံမှန်လက်ရည်ကို ပြန်လည်ရရှိခဲ့ပါတယ်။

မေ ၂၃ ရက်က အကြိုဗိုလ်လုပွဲမှာ ဂျိုကိုဗစ်ဟာ ရုရှားက ကာရန်ခါချာနော့ဗ်နဲ့ ယှဉ်ပြိုင်ခဲ့ပါတယ်။

အဲဒီပွဲမှာ ဂျိုကိုဗစ်ဟာ ကာရန်ခါချာနော့ဗ်ကို ၄-၆၊ ၆-၁၊ ၆-၂ နဲ့အနိုင်ရရှိခဲ့ပြီး ဆားဘီးယား အိုးပင်းဖိုင်နယ်ပွဲကို တက်ရောက်သွားပြီဖြစ်ပါတယ်။

ဒီနှစ်ရဲ့ ပထမဆုံးဖလားအတွက် ကြိုးစားရုန်းကန်နေတဲ့ ဂျိုကိုဗစ်ဟာ မေ ၂၄ ရက် ဗိုလ်လုပွဲမှာ အန်းဒရူးရူဘလက် သို့မဟုတ် ဖာဘီယိုဖော့နီနီနဲ့ ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။

အကြိမ် (၂၀) မြောက် ဂရင်းဆလမ်းချန်ပီယံရရှိထားတဲ့ ဂျိုကိုဗစ်ဟာ ၂၀၀၉ ခုနဲ့ ၂၀၁၁ ခုနှစ်မှာ ဆားဘီးယား အိုးပင်းဖလားကို ရရှိခဲ့ပါတယ်။

## သုံးထပ်ကွမ်းချန်ပီယံဝီလီယံ ကမ္ဘာ့ စနူကာချန်ပီယံရှစ်ပြိုင်ပွဲမှာ ကွာတားဖိုင်နယ်တက်ရောက်

မာ့ဝီလီယံသည် ကမ္ဘာ့စနူကာချန်ပီယံရှစ်ပြိုင်ပွဲတွင် ဂျက်ဆင်ပေ့ချ်ကို ၁၃-၃ ဖြင့် မေ ၂၂ ရက်က အနိုင်ရပြီးနောက် ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်ပါတယ်။

ကမ္ဘာ့သုံးထပ်ကွမ်း ချန်ပီယံဟာ သူ့ရဲ့ နောက်တစ်ကြိမ်အောင်မြင်မှုကို အရယူနိုင်မလားဆိုတာ ဆက်လက်စောင့်ကြည့်ရမှာဖြစ်ပါတယ်။

ဝီလီယံဟာ ချန်ပီယံကာကွယ်သူ မာ့ခ်ဆဲလ်ဘီနဲ့ တရုတ်မှ ရန်ဘင်သောင် တို့နှစ်ဦးအနက် အနိုင်ရရှိသူနဲ့ ဆက်လက်ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။

မိမိအသက်အရွယ်နဲ့ အကောင်းဆုံးကစားနိုင်ပါတော့မလားဆိုတာ မသိတော့ဘူးလို့ အသက် ၄၇ နှစ်ရှိပြီဖြစ်တဲ့ သုံးထပ်ကွမ်းချန်ပီယံက ကမ္ဘာ့စနူကာဝဘ်ဆိုက်မှာ ပြောကြားထားပါတယ်။

UEFA CHAMPIONS LEAGUE

မေ ၂၆ ရက်၊ ၂၇ ရက်မှာ ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်တွေကို ယှဉ်ပြိုင်ကစားသွားမှာပါ။ ဒါကြောင့် ပထမအကျော့မှာဘယ်အသင်းက ရလဒ်ကောင်းပိုင်ဆိုင်သွားမလဲ စောင့်ကြည့်ရမှာပါ။

| ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ပ-ကျော့ |
|---|
| ၂၆-၄-၂၀၂၂ အင်္ဂါနံနက် ၁း၃၀ |
| မန်စီးတီး - ရီးရဲမက်ဒရစ် |
| ၂၇-၄-၂၀၂၂ ဗုဒ္ဓဟူးနံနက် ၁း၃၀ |
| လီဗာပူး - ဗီလာရီးရဲ |

## ချန်ပီယံလိဂ်ဆီမီးဖိုင်နယ် ပထမအကျော့ပွဲစဉ်များ ယှဉ်ပြိုင်ကစားမည်

### မန်စီးတီး VS ရီးရဲမက်ဒရစ်

နောက်ဆုံးအကြိမ်တွေ့ဆုံမှု မန်စီးတီး ၂-၁ ရီးရဲမက်ဒရစ်

ဒီနှစ်သင်းတွေ့ဆုံခဲ့တဲ့ ၂၀၂၀ ပြည့်နှစ် ချန်ပီယံလိဂ်ပြိုင်ပွဲမှာ မန်စီးတီးအသင်းက နှစ်ကျော့စလုံး အနိုင်ရရှိထားတယ်။ လက်ရှိမှာ မန်စီးတီးရော ရီးရဲမက်ဒရစ်ပါ ခြေစွမ်းအကောင်းဘက် ဦးတည်နေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမှာ သေချာတယ်။ မန်စီးတီးက ကွာတားဖိုင်နယ်မှာ အက်သလက်တီကိုမက်ဒရစ်ကို အနိုင်ယူကာ ဆီမီးဖိုင်နယ် တက်လှမ်းလာတာဖြစ်ပြီး ရီးရဲမက်ဒရစ်က ချယ်ဆီးကို အနိုင်ယူကာ ဆီမီးဖိုင်နယ်တက်လှမ်းလာတာ ဖြစ်တယ်။ မည်သို့ပင်ဆိုစေ ပထမအကျော့မှာ ရလဒ်ကောင်းရရှိဖို့ အာရုံစိုက်လာမှာဖြစ်တာကြောင့် အပြန်အလှန်သွင်းဂိုးတွေ မြင်တွေ့ရဖွယ်ရှိတယ်။ မန်စီးတီးအသာရဖွယ်ရှိတယ်။

### လီဗာပူး VS ဗီလာရီးရဲ

နောက်ဆုံးအကြိမ်တွေ့ဆုံမှု လီဗာပူး ၃-၀ ဗီလာရီးရဲ

ကွာတားဖိုင်နယ်မှာ ဘင်ဖီကာကို ကျော်ဖြတ်ခဲ့တဲ့ လီဗာပူးထက် ဘိုင်ယန်မြူးနစ်ကို ကျော်ဖြတ်ခဲ့တဲ့ ဗီလာရီးရဲရဲ့ ခြေစွမ်းပိုထက်မြက်တယ်လို့ဆိုနိုင်တယ်။ ဒါပေမယ့် စုဖွဲ့မှုပိုင်းနဲ့ စွမ်းဆောင်ရည်ပိုင်းမှာ လီဗာပူးက သာတယ်။ အဝေးကွင်းအားနည်းတတ်တဲ့ ဗီလာရီးရဲအနေနဲ့ လီဗာပူးကို အန်းဖီးလ်မှာ အသာရဖို့ မလွယ်ဘူး။ ပထမအကျော့မှာ အသာရဖို့ နှစ်သင်းစလုံးအကောင်းဆုံးပြင်ဆင်လာမှာ ဖြစ်တာကြောင့် အကြိတ်အနယ်ရှိလာမှာပါ။ လီဗာပူးမှာ ဆာလာ၊ မာနေး၊ ဂျိုတာတို့ ခြေစွမ်းပြသထားနိုင်တာကြောင့် တိုက်စစ်အားပြုကစားရင် လီဗာပူးအသင်း ပထမအကျော့မှာ အသာရဖွယ်ရှိတယ်။

| မန်စီးတီး၏ ချန်ပီယံလိဂ် နောက်ဆုံးငါးပွဲရလဒ် |
|---|
| လိုက်ပ်ဇစ် ၂-၁ မန်စီးတီး |
| လစ္စဘွန်း ၀-၅ မန်စီးတီး |
| မန်စီးတီး ၀-၀ လစ္စဘွန်း |
| မန်စီးတီး ၁-၀ အေတီမက် |
| အေတီမက် ၀-၀ မန်စီးတီး |

| ရီးရဲမက်ဒရစ်၏ ချန်ပီယံလိဂ် နောက်ဆုံးငါးပွဲရလဒ် |
|---|
| ရီးရဲမက်ဒရစ် ၂-၀ အင်တာမီလန် |
| ပီအက်စ်ဂျီ ၁-၀ ရီးရဲမက်ဒရစ် |
| ရီးရဲမက်ဒရစ် ၃-၁ ပီအက်စ်ဂျီ |
| ချယ်ဆီး ၁-၃ ရီးရဲမက်ဒရစ် |
| ရီးရဲမက်ဒရစ် ၂-၃ ချယ်ဆီး |

| လီဗာပူး၏ ချန်ပီယံလိဂ် နောက်ဆုံးငါးပွဲရလဒ် |
|---|
| အေစီမီလန် ၁-၂ လီဗာပူး |
| အင်တာမီလန် ၀-၂ လီဗာပူး |
| လီဗာပူး ၀-၁ အင်တာမီလန် |
| ဘင်ဖီကာ ၁-၃ လီဗာပူး |
| လီဗာပူး ၃-၃ ဘင်ဖီကာ |

| ဗီလာရီးရဲ၏ ချန်ပီယံလိဂ် နောက်ဆုံးငါးပွဲရလဒ် |
|---|
| အတ္တလန္တာ ၂-၃ ဗီလာရီးရဲ |
| ဗီလာရီးရဲ ၁-၁ ဂျူဗင်တပ်စ် |
| ဂျူဗင်တပ်စ် ၀-၃ ဗီလာရီးရဲ |
| ဗီလာရီးရဲ ၁-၀ ဘိုင်ယန် |
| ဘိုင်ယန် ၁-၁ ဗီလာရီးရဲ |

အောင်ဇော် - စုစည်းသည်

# မြန်မာနှစ်သစ်တွင် တိုးတက်အောင်မြင်မှုရရှိစေမည့် နည်းလမ်းကောင်းများ

## မော်ကျွန်း-မြင့်အောင်

မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ်ကုန်ဆုံး၍ ၁၃၈၄ ခုနှစ် မြန်မာနှစ်သစ်သို့ ကူးပြောင်းရောက်ရှိသွားပြီ ဖြစ်သည်။ နှစ်ဟောင်းတွင် အောင်မြင်မှု၊ တိုးတက်မှု၊ အဆင်မပြေမှုများနှင့် ဆုံးရှုံးမှုများက ရောပြွန်းနေမည် ဖြစ်ပါသည်။ နှစ်ဟောင်းတွင် မအောင်မြင်မှုများကို သင်ခန်းစာယူ၍ နှစ်သစ်တွင် နောက်ထပ် အမှားတစ်စုံတစ်ရာမရှိရလေအောင် သတိဖြင့် ဆင်ခြင်ကြရမည် ဖြစ်ပါသည်။

နှစ်သစ်တွင် လူသစ်၊ စိတ်သစ်၊ အားအင်သစ်နှင့် ခွန်အားသစ်များနှင့်အတူ နှစ်သစ်ကိုဖြတ်သန်းကြရမည်ဖြစ်ပါသည်။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော နှစ်သစ်က စာရှုသူများကို ကြိုဆိုနေပါသည်။ မြန်မာနှစ်သစ်အစမှစ၍ တိုးတက်အောင်မြင်လိုသူတိုင်းအတွက် တိုးတက်အောင်မြင်ရေး နည်းလမ်းကောင်းများ ရှိရန်လိုပါသည်။ လက်တွေ့နယ်ပယ်တွင် အောင်မြင်တိုးတက်မှုရရှိသူများ ကျင့်သုံးလိုက်နာခဲ့သော နည်းလမ်းကောင်းများကို ရွေးချယ်တင်ပြလိုပါသည်။ စာရှုသူတို့ စာဖတ်ရှုရုံဖြင့် အချိန်တိုအတွင်း တိုးတက်အောင်မြင်ရေး နည်းလမ်းကောင်းများ ရရှိသွားမည်ဖြစ်ပါသည်။ ဤနည်းလမ်းကောင်းများကို စာဖတ်ရှုသူက အသေအချာ အလေးအနက် ခံယူပြီး လိုက်နာကျင့်သုံးပါက၊ နှစ်ဟောင်းတွင် ဆုံးရှုံးနစ်နာမှုများကို ဂရုပြုအလေးထားပြီး ကျော်ဖြတ်ပါက နှစ်သစ်တွင် တိုးတက်အောင်မြင်မှုများက ဆီးကြိုလိမ့်မည် ဖြစ်ပါသည်။

စာရေးသူ ရွေးချယ်တင်ပြထားသော တိုးတက်အောင်မြင်ရေးနည်းလမ်းကောင်းများကို မြန်မာနှစ်သစ်တွင် ဘဝ တိုးတက်အောင်မြင်ရေးအတွက် အမှန်တကယ်လိုက်နာကျင့်သုံး အသုံးချမည်ဆိုပါလျှင် ဧကန်မုချ အကျိုးရှိမည်သာဖြစ်ပါသည်။ မြန်မာနှစ်သစ်တွင် တိုးတက်အောင်မြင်ရေး နည်းလမ်းကောင်းများကို တင်ပြလိုက်ရပါသည်။

**မိတ်ဆွေကောင်းကိုရွေးပေါင်းပါ**

- ကျေးဇူးပြုတတ်သူ
- တူညီသည့် ချမ်းသာဆင်းရဲရှိသူ
- အကျိုးစီးပွားကို ပြောကြားတတ်သူ
- အစဉ်စောင့်ရှောက်တတ်သူ

ဤအင်္ဂါလေးပါးနှင့် ပြည့်စုံသူများကို မိတ်ဆွေကောင်းအဖြစ် သတ်မှတ်ပြီး မိတ်ဆွေကောင်းများကို ရွေးပေါင်းရမည်ဟု ဆိုလိုရင်းဖြစ်ပါသည်။ စစ်မှန်သော မိတ်ဆွေကောင်းတို့သည် မိမိအကျိုးစီးပွား ယုတ်လျော့အောင် ဘယ်တော့မှ ပြုလုပ်ကြမည်မဟုတ်ပေ။ အကျိုးစီးပွားတိုးတက်အောင်သာ ပူးပေါင်းအကြံဉာဏ်ဖြင့် အကျိုးပြုလေ့ရှိပါသည်။ မိတ်ဆွေကောင်းများအား ရွေးချယ်ပေါင်းသင်းဆက်ဆံနိုင်ရန်သာ အရေးအကြီးဆုံးဖြစ်ပါသည်။ အခြေခံအချက်တစ်ခုကတော့ သူတစ်ပါးက မိမိအတွက် မိတ်ဆွေကောင်းဖြစ်သလို မိမိကိုယ်တိုင်ကလည်း သူတစ်ပါးအတွက် မိတ်ဆွေကောင်းဖြစ်နေရန်လိုပါသည်။ မိတ်ဆွေကောင်းများကို ရွေးချယ်ပေါင်းသင်းကြရန် ဖြစ်ပါသည်။

**အမြင့်နှင့်လေတိုက်နှုန်း**

အမြင့်ကကျလျှင် ပိုပြီးနာတတ်သည်ဆိုသော စကားကို ကျွန်တော်တို့ ကြိမ်ဖန်များစွာ ကြားဖူးခဲ့ကြပါသည်။ ကြားဖူးရုံတင်မက ကြုံဖူးကြသူတွေလည်း အများကြီးရှိကြပါသည်။ အမြင့်ရောက်လေ ပိုပြီးလေတိုက်လေဖြစ်သည်။ လေတိုက်သည်ဆိုသည်က ခက်ခဲမှုတွေ ပိုပြီးများလာသည်ဟု တင်စားပြောခြင်းဖြစ်ပါသည်။ အမြင့်ရောက်သွားလျှင် အောင်မြင်မှုက အထိုက်အလျောက်ရှိလာရာ အခက်အခဲတွေက ပိုမိုညင်သာလာတတ်သည်။ အောက်ခြေမှာကဲ့သို့ ကြမ်းတမ်းသည့် အသွင်မဆောင်တော့ပေ။ ထိုအခါ လူသည် အောက်ခြေလွတ်သွားတတ်သည်။ မိမိ၏ကွာဟလာသည့် အခြေအနေကိုကြည့်ပြီး ကြည်နူးကျေနပ်ကာ ကြိုးစားမှုကို လျှော့ချလိုက်တတ်သည်။ ငါလုပ်ရင် ဘာမဆိုဖြစ်တယ်ဟု အထင်ရောက်သွားတတ်ပြီး တဖြည်းဖြည်း ကျဆင်းလာသည့် အခြေအနေကိုတော့ သတိမထားကြခြင်း ဖြစ်သည်။ ထို့ကြောင့် အမြင့်ရောက်လေ ပိုပြီးတော့သတိထား ကြိုးစားကြရမည်သာ ဖြစ်ပါသည်။

**ဓွဲနှင့် သတ္တိ**

တကယ့်သတ္တိဆိုတာ မိမိဘဝအတွက် လုပ်သင့်လုပ်ထိုက်သောအရာများကို ရဲဝံ့စွာဖြင့် စွမ်းစွမ်းတမံ လုပ်ဆောင်ခြင်းဖြစ်သည်။ မလုပ်သင့်မလုပ်ထိုက်သော အရာများကို ရှောင်ကြဉ် လိုက်ခြင်းသည်လည်း သတ္တိပဲ ဖြစ်ပါသည်။ မှန်တာကို လုပ်ရဲခြင်းသည် သတ္တိဖြစ်သလို မိမိပြုလုပ်ထားသော အမှုကိုဝန်ခံရဲခြင်း၊ ရှောင်ကြဉ်နိုင်ခြင်း တို့သည်လည်း သတ္တိပင်ဖြစ်ပါသည်။ တိုးတက်အောင်မြင်လိုသူတိုင်းသည် သတ္တိရှိရမည်သာဖြစ်ပါသည်။ ဓွဲဆိုတာ တစ်ခုခုကို အချိန်ကြာမြင့်စွာ အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ခြင်းပင်ဖြစ်သည်။ ဓွဲနှင့်သတ္တိနှစ်ခုပေါင်း၍ အဓိပ္ပာယ်ဖွင့်ဆိုပါက မိမိဘဝအတွက် ပြုလုပ်သင့်သည်များကို အချိန်များစွာဖြင့် အကောင်းဆုံးလုပ်ဆောင်ခြင်းဟု မှတ်ယူရမည်ဖြစ်ပါသည်။ နှစ်သစ်တွင် အောင်မြင်တိုးတက်မှုရရှိလိုပါက ဓွဲလည်းလိုပါသည်။ သတ္တိလည်း လိုပါသည်။

**ယုံကြည်မှုကိုတည်ဆောက်ခြင်း**

လူဟာ မိမိယုံကြည်သည့် လမ်းကြောင်းမှာပဲ အောင်မြင်မှုကိုရှာဖွေတတ်သလို မိမိလိုချင်သည့် အောင်မြင်မှုကိုလည်း ယုံကြည်မှုပြည့်ဝစွာဖြင့် တည်ဆောက်ကြရမည် ဖြစ်ပါသည်။ ယုံကြည်မှုမရှိလျှင် ဘာတစ်ခုကိုမျှ မလုပ်ဆောင်ပါနှင့်။ ဘာကြောင့်လဲဆိုတော့ အောင်မြင်မည်ဟု ယုံကြည်သူများသာ အောင်မြင်ခြင်း လမ်းမထက်မှာ ရပ်တည်နေနိုင်၍ဖြစ်ပါသည်။ သို့ရာတွင် ယုံကြည်မှုဆိုတာက မျက်ကန်းယုံကြည်မှုနှင့် ဖြစ်နိုင်သော ယုံကြည်မှုဟူ၍ နှစ်မျိုးနှစ်စားရှိပါသည်။ မိမိအနေအထားဖြင့် ဘယ်လိုမှမဖြစ်နိုင်သည့်အရာကို ယုံကြည်ခြင်းသည် မျက်ကန်း ယုံကြည်မှုမျိုးဖြစ်ပြီး ထိုသို့ယုံကြည်လိုက်သည့်အတွက် စိတ်စွမ်းအား၊ ရုပ်စွမ်းအားများကို ကျဆင်းစေပါသည်။ ဖြစ်နိုင်လောက်သည့် ယုံကြည်မှုမျိုးကိုသာ ထားရမည်ဖြစ်ပါသည်။ ဖြစ်နိုင်လောက်သည့် ယုံကြည်မှုကို မိမိလက်ရှိ အနေအထားနှင့် အခြေအနေကိုကြည့်၍ ဖန်တီးရမည်ဖြစ်သည်။

**တိုးတက်အောင်မြင်မှုရဲ့ အကြောင်းတရားများ**

ဆက်လက်ပြီး စာရေးသူတင်ပြလိုသော အကြောင်းအရာမှာ တိုးတက်အောင်မြင်မှုရဲ့ အကြောင်းတရားများဖြစ်ပါသည်။ အရေးပါသော အောင်မြင်မှုပန်းတိုင်၏ အချက်ကြီးငါးချက်ကို စာရှုသူများ လိုက်နာကျင့်သုံးပါလျှင် ယခု မြန်မာနှစ်သစ်မှစ၍ တိုးတက်အောင်မြင်နိုင်ကြမည် ဖြစ်ပါသည်။

တိုးတက်အောင်မြင်မှုရဲ့ အကြောင်းတရားများ-

၁။ ဉာဏ်

၂။ ဆုံးဖြတ်ချက်

၃။ ဝီရိယ

၄။ စေ့စပ်သေချာမှု

၅။ ကံ

ဘဝတွင် တိုးတက်အောင်မြင်သူတိုင်းသည် ဒီအကြောင်းတရားငါးပါးနှင့် ပြည့်စုံအောင်နေရမည်ဟု ဆိုထားပါသည်။ ဒီအကြောင်းအရာ ငါးခုလုံးမှာ မွေးရာပါ အကြောင်းတရားများချည်းတော့ မဟုတ်ကြပါ။ ကံနှင့် ဉာဏ်က လွဲလျှင် ကျန်သည့်အကြောင်းအရာ သုံးပါးသည် ဖြည့်ဆည်းလို့ရပါသည်။

အလုပ်တစ်ခုကို လုပ်သည့်အခါတွင် ဆုံးဖြတ်ချက် ခိုင်မာမည်၊ ဝီရိယရှိမည်၊ စေ့စပ်သေချာစွာ လုပ်ဆောင်မည်ဆိုပါက ဉာဏ်နှင့် ကံလည်း ကောင်းလာမည်ဖြစ်ပါသည်။ ကံနှင့် ဉာဏ်ရှိပြီး ဝီရိယမရှိပါက ထိုက်သင့်သော အောင်မြင်မှုကို မရနိုင်ပါ။ ထိုက်တန်သောရလဒ်တိုင်းမှာ ထိုက်တန်သောပေးဆပ်မှု ရှိရပါမည်။ တိုးတက်အောင်မြင် လိုသူတိုင်းသည် မိမိကိုယ်ကို အမြဲစစ်ဆေးနေရမည်ဖြစ်ပါသည်။ သို့မှသာ တိုးတက်အောင်မြင်ခြင်း၏ အကြောင်းအရာများနှင့်အတူ တိုးတက်အောင်မြင်မည်ဖြစ်ပါသည်။

ဤဆောင်းပါးသည် မြန်မာနှစ်သစ်တွင် တိုးတက်အောင်မြင်မှု ရရှိစေနိုင်မည့် နည်းလမ်းကောင်းများကို စာရေးသူက ရွေးချယ်စိစစ်၍ စာဖတ်သူများထံ အကျိုးရှိရာရှိကြောင်း ကြိုးစားတင်ပြလိုက်ရခြင်းဖြစ်ပါသည်။ ရေးသားတင်ပြထားသော တိုးတက်အောင်မြင်မှုရရှိစေမည့် လွယ်ကူရှင်းလင်းသော နည်းလမ်းကောင်းများကို ဖတ်ရှု၍လိုက်နာကျင့်သုံးဆောင်ရွက်ကြမည်ဆိုပါလျှင် အဘက်ဘက်က အောင်မြင်ပြည့်စုံသူများ ဖြစ်လာနိုင်ပါသည်။ စာရှုသူများ မြန်မာနှစ်သစ်တွင် ကျန်းမာချမ်းသာစွာဖြင့် လိုအင်ဆန္ဒများ ပြည့်ဝရလေအောင် တိုးတက် အောင်မြင်မှုရရှိစေမည့် နည်းလမ်းကောင်းများကို ဖတ်ရှုပြီး အတိုင်းအတာတစ်ခုအထိ အကျိုးပြုနိုင်စေရန် ဆန္ဒပြုရေးသားလိုက်ရပါသည်။ ။

> ❑ **အမြင့်ရောက်သွားလျှင် အောင်မြင်မှုက အထိုက်အလျောက်ရှိလာရာ အခက်အခဲတွေက ပိုမိုညင်သာလာတတ်သည်။ အောက်ခြေမှာကဲ့သို့ ကြမ်းတမ်းသည့် အသွင်မဆောင်တော့ပေ။ ထိုအခါ လူသည်အောက်ခြေလွတ်သွားတတ်သည်။ မိမိ၏ကွာဟလာသည့် အခြေအနေကိုကြည့်ပြီး ကြည်နူးကျေနပ်ကာ ကြိုးစားမှုကို လျှော့ချလိုက်တတ်သည်။ ငါလုပ်ရင် ဘာမဆိုဖြစ်တယ်ဟု အထင်ရောက်သွားတတ်ပြီး တဖြည်းဖြည်းကျဆင်းလာသည့် အခြေအနေကိုတော့ သတိမထားကြခြင်းဖြစ်သည်။ ထို့ကြောင့် အမြင့်ရောက်လေ ပိုပြီးတော့ သတိထားကြိုးစားကြရမည်သာ ဖြစ်ပါသည်**

# မြန်မာ - တရုတ်နယ်စပ်ကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်ချောမွေ့စေရေး ညှိနှိုင်းဆွေးနွေး

**ဗန်းမော် ဧပြီ ၂၃**

ကချင်ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်သည် ဗန်းမော်ခရိုင် လွယ်ဂျယ်နယ်စပ်ကုန်စည်စီးဆင်းမှုလုပ်ငန်းများ လွယ်ကူလျင်မြန်ချောမွေ့စေရေးအတွက် စီမံဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဧပြီ ၂၂ ရက်က ဗန်းမော်မြို့ မြသီတာဧည့်ရိပ်သာ အစည်းအဝေးခန်းမ၌ ခရိုင်တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးသည်။

ဝန်ကြီးက လွယ်ဂျယ်နယ်စပ် ကုန်သွယ်ရေးစခန်းကို ကိုဗစ်-၁၉ ရောဂါကြောင့် အချိန်ကြာမြင့်စွာ ရပ်နားထားခဲ့ရာမှ အခုအချိန်တွင် လုပ်ငန်းများ ပြန်လည်ဆောင်ရွက်နေပြီဖြစ်သည့်အတွက် နှစ်နိုင်ငံညှိနှိုင်းဆွေးနွေးထားသည့်အတိုင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ပြီး လုပ်ငန်းများ အရှိန်အဟုန်မပျက်ဆောင်ရွက်နိုင်ရေး အလေးထားလုပ်ဆောင်သွားရန်၊ ထို့ပြင် ကုန်စည်စီးဆင်းမှုမပြတ်စေရေး၊ ယခုထက်ပိုမိုလွယ်ကူမြန်ဆန်စွာ ပို့ကုန်၊ သွင်းကုန်များ တင်ပို့၊ တင်သွင်းပြုလုပ်နိုင်ရေး တာဝန်ရှိသူများအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်လွင်၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်း တာဝန်ခံ ဦးမြင့်ဇော် မိုး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ခရိုင်သီးနှံစိုက်ပျိုး ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌတို့က လွယ်ဂျယ်နယ်စပ်ဂိတ်ပြန်လည်ဖွင့်လှစ်၍ ကုန်သွယ်ရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေး ကော်မတီဖွဲ့စည်း၍ ညှိနှိုင်းကြိုးပမ်းဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၇ ရက်မှ ဧပြီ ၂၀ ရက်အထိ လွယ်ဂျယ်-လိုင်းရင်းဂိတ်မှ တစ်ဆင့် တရုတ်နိုင်ငံနှင့် ကုန်သွယ်ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြသည်။

**ကိန်းဖြူ(ပြန်/ဆက်)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၂)၊ ရွှေပြည်သာလမ်း၊ မြေကွက်အမှတ် (၆၂၃) အကျယ်အဝန်း (၄၀ပေ× ၆၀ပေ) ရှိ ဦးကျော်မြင့် (ISN-၂၀၆၃၉၁)နှင့် ဒေါ်ခင်ဌေးဝင်း (AA-၀၉၆၅၁၅) တို့ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးထွန်းထွန်းဦး (၁၂/သလန(နိုင်)၀၆၄၄၇၈) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင် ခိုင်လုံသော စာရွက်စာတမ်း အထောက် အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက် ကျော်လွန်ပါက အရောင်း အဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဇော်ထွန်းအောင် လွှဲအပ်ညွှန်ကြားချက်အရ- ဦးအောင်ကျော်လှိုင်
LL.B, D.M.L, LL.B,
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၀၃၅) အထက်တန်းရှေ့နေ (စဉ်-၄၃၆၈၈)
ဖုန်း-၀၉၄၂၁၇၄၆၉၇၄ အမှတ်(၅၁၅)၊ဗိုလ်သုန်လမ်း၊(၄၉)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ် (၄)ရပ်ကွက်၊ အကွက်အမှတ် (၈၃-ခ)၊ ကုလားတန်း အကွက်၊ ဦးပိုင်အမှတ် (၂၇)၊ မြေဧရိယာ ၀ဒသမ၀၅၆ကေရှိ မြို့မြေ (B)၊ ဦးအေးမောင် အမည်ပေါက်မြေအား ဦးမျိုးဝင်း၊ ဒေါ်မြင့်မြင့်အေး၊ ဦးတင်တင်အေး၊ ဒေါ်နီမာအေး၊ ဒေါ်ချိုမာအေး၊ ဦးသိန်းဇော်အေး၊ ဒေါ်ဥမ္မာအေး၊ ဦးဇော်ဇော်ထွေးတို့မှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက် တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန
ပုသိမ်မြို့

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၄)၊ ညောင်နီကျေးရွာအုပ်စု၊ ကွင်းအမည်(ညောင်နီအနောက်)၊ ကွင်းအမှတ်(၆၆၇/ညောင်နီ)၊ ဦးပိုင်အမှတ်(N-8)ရှိမြေဧရိယာ(၀.၅၃)ကေအား ဦးမြင့်အောင် ၉/မမန(နိုင်) ၀၂၁၁၉၇မှ ပိုင်ဆိုင်ပြီး ၎င်းထံမှ ဒေါ်မိမိလေး ၉/ကပတ(နိုင်)၀၃၈၁၄၁မှ (အရပ်ကတိ စာချုပ်ဖြင့်) ဝယ်ယူပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ရက် ၃၀ အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

လွှဲအပ်ညွှန်ကြားသူ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မိမိလေး ဦးနေမျိုးဇော်(LL.B,D.B.L)
၉/ကပတ(နိုင်)၀၃၈၁၄၁ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၆၆)
"နိုင်"ဥပဒေအကျိုးဆောင်
အမှတ်(၆၇)၊ (၅)ကွက်၊ ရပ်ကွက်ကြီး(၃)၊ ပြင်ဦးလွင်မြို့

မလိုအပ်သော မီးများကို
ပိတ်ထားခြင်းဖြင့်
လျှပ်စစ်ကို ချွေတာပါ

# တရားမဝင် ကျွန်းသစ်၊ စက်ဘီးတာယာနှင့် ဖြည့်စွက်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် မေ ၂၃

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၂၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ထီးတန်းဆိပ်ကမ်း ကုန်သေတ္တာ စစ်ဆေးရေး စခန်း၌ စုံစမ်းစစ်ဆေးရေးနှင့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲ၊ အကောက်ခွန်အဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ ID တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော တရားမဝင် စက်ဘီးတာယာဆိုဒ်မျိုးစုံ ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၀၇၁၈၅၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မေ ၂၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် အေးရှားဝေါလ်ဆိပ်ကမ်းကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တာဝန်ကျ အကောက်ခွန်ပူးပေါင်းအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ သွင်းကုန်ထောက်ခံချက်တို့နှင့် ကွဲလွဲပါရှိလာပြီး Country Of Orgin – Not Found ဖြစ်နေသော တရားမဝင်ဖြည့်စွက်ဆေးဝါးများ ခန့်မှန်းတန်ဖိုးငွေကျပ် ၆၂၂၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မွန်ပြည်နယ် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် ခရီးသည်တင်ယာဉ်တစ်စီးပေါ်၌ ခရီးသည်ဝန်စည်များနှင့်အတူ ရောနှောတင်ဆောင်လာသည့် အကောက်ခွန်မဲ့ အားဖြည့်အချိုရည်များ ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၂၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ယနေ့တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် ခပေါင်းသစ်တောကြိုးဝိုင်းအတွင်း တရားမဝင် ကျွန်းသစ် ၂ ဒသမ ၁၀၃၂ တန် ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၃၀၀၆၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၂၀ ရက်၊ ၂၂ ရက်နှင့် ၂၃ ရက်များတွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲငါးမှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆၅၁၉၁၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## ဦးခိုင်မြဲအောင်(ခ)ဦးစန်းဦး ၇/ပခန(နိုင်)၀၆၅၅၅၄၊ ဦးကျော်ဝင်းစိုး ၁၂/မဂဒ(နိုင်)၀၆၈၁၀၂ နှင့် အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်လှိုင်မင်း ၁၃/တကန(နိုင်)၁၄၈၃၄၇နှင့် ဦးစိုင်းထွန်းလင်း ၁၃/တခလ(နိုင်)၀၆၁၆၅၉ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ဦးခိုင်မြဲအောင်(ခ)ဦးစန်းဦးနှင့် ဦးကျော်ဝင်းစိုးတို့သည် ကျွန်ုပ်မိတ်ဆွေများနှင့် ၁၃-၁၂-၂၀၂၁ရက်နေ့စွဲပါ ကတိစာချုပ်ကိုချုပ်ဆိုပြီး ယင်းစာချုပ်ပါ လုပ်ဆောင်ရသည့် စည်းကမ်းချက်အပိုဒ် (၁)အရ ကျွန်ုပ်မိတ်ဆွေတို့ထံမှ လုပ်ငန်းဆောင်ရွက်ရန် ငွေကျပ်သိန်း (၃၀၀)တိတိကို ဦးခိုင်မြဲအောင်(ခ)ဦးစန်းဦးမှ စာချုပ်ချုပ်ဆိုသည့်ရက်တွင် ဦးကျော်ဝင်းစိုးအပါအဝင် စာချုပ်သက်သေများရှေ့မှောက်၌ လက်ခံရယူထားပြီး စာချုပ်အပိုဒ် (၂)အရ လုပ်ဆောင်ရမည့် ကတိဝန်ခံချက်များကို စာချုပ်ချုပ်ဆိုသည့် ၂၂-၃-၂၀၂၂ရက် နောက်ဆုံးထားဆောင်ရွက်ပေးအပ်မည်ဟု အာမခံကတိပြုပြောဆိုသည့်အပြင် မိတ်ဆွေများရှေ့မှောက်တွင်လည်း အာမခံချက်တစ်ရပ်အဖြစ် ထပ်မံကတိပြုပြောဆိုခဲ့သည့် နှုတ်ကတိများနှင့် ကတိစာချုပ်ပါကတိအတိုင်း ဆောင်ရွက်ပေးအပ်ခြင်းမရှိ ပျက်ကွက်ပြီး မည်သည့်အကြောင်းတစ်စုံတစ်ရာကိုမျှ အဆက်အသွယ်ပြုလုပ်အကျိုးအကြောင်း ပြောဆိုမှုမရှိဘဲ တမင်လျစ်လျူရှုပျက်ကွက်နေပါ၍ ကျွန်ုပ်မိတ်ဆွေတို့မှ ၂၄-၃-၂၀၂၂ရက်စွဲပါ အကြောင်းကြားစာဖြင့် ကတိစာချုပ်အပိုဒ် (၁)ရှိ လူကြီးမင်းတို့ရယူထားသော ကျပ်သိန်း (၃၀၀) (ကျပ်သိန်းသုံးရာတိတိ)ကို ၂၂-၄-၂၀၂၂ ရက် နောက်ဆုံးထားလျက်ပေးလျော်ခြင်းမရှိပါက ကျွန်ုပ်မိတ်ဆွေတို့မှ ကတိစာချုပ်အပိုဒ် (၄)ပါ အာမခံသဘောတူညီချက်ကတိအတိုင်း အာမခံအပ်နှံထားသော အိမ်မြေတို့အား ကျွန်ုပ်မိတ်ဆွေတို့မှ စီမံဆောင်ရွက်သွားမည်ဟု အသိပေးအကြောင်းကြားစာကို လူကြီးမင်းတို့မှ လက်ခံရယူခြင်းမရှိပါ။

သို့ဖြစ်ပါ၍ လူကြီးမင်းတို့မှ ၂၃-၁၂-၂၀၂၁ရက်စွဲပါ ကတိစာချုပ်အပိုဒ် (၄)ဖြင့် ကျွန်ုပ်မိတ်ဆွေတို့အား စီမံခွင့်ပေးထားသော ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းရပ်ကွက်၊ မဇ္ဈိုသဏ္ဍာလမ်း(သို့မဟုတ်) ရွှေလယ်ယာလမ်း၊ အမှတ် (၂၇/ခ) အလျား ၃၈ပေ ခြံမြေကွက်နှင့် ယင်းခြံမြေကွက်အား ဝယ်ယူထားသော အရပ်စာချုပ်တို့အပါအဝင် ခြံမြေကွက်နှင့် ခြံမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့အား ယင်းကတိစာချုပ်ပါ သတ်မှတ်ထားသည့် ကုန်ဆုံးရက်ဖြစ်သော ၂၂-၄-၂၀၂၂ရက်နှင့် နောက်ပိုင်းတွင် ကျွန်ုပ်မိတ်ဆွေများမှ ၎င်းတို့စီမံခွင့်ရှိသည့်အတိုင်း စီမံခန့်ခွဲမည်ဖြစ်ပါ၍ လူကြီးမင်းတို့မှ ယင်းကတိစာချုပ်ပါခြံမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်တို့အား မည်သည့်အကြောင်းနှင့်မျှ ရောင်းချ၊ ပေးကမ်း၊ ပေါင်နှံ၊ လွှဲပြောင်းခြင်းမပြုပါရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးနေဦး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၈၃၅)
အမှတ် (၆၇)၊ တကောင်း (၄)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၉၆၄၉၃၃၅၀၇

## ကန့်ကွက်နိုင်ပါကြောင်း

မြစ်ကြီးနားခရိုင်၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၅/၂-၃)၊ ဦးပိုင်အမှတ် (၁၁၆)၊ ဧရိယာ ၀ ဒသမ ၁၈၄ကေရှိ မြေကွက်သည် မူလက ဦးအောင်နန်အမည်ဖြင့် ၃၀-၆-၁၉၉၅ ရက်အထိ မြေငှားဂရန် သက်တမ်းရရှိခဲ့ပြီး ၈-၆-၁၉၉၄ ရက်တွင် ဦးအောင်နန်ထံမှ ဦးသိန်းဝင်းကလည်းကောင်း၊ ဦးပိုင်(၁၁၆/ခ)၊ မြေဧရိယာ ၀ဒသမ၀၉၂ကေ အပိုင်းကို ၂၂-၄-၂၀၂၀ရက်တွင် ဦးသိန်းဝင်းထံမှ ဦးအောင်နန် ကလည်းကောင်း နှစ်ဦးသဘောတူ အိမ်ခြံမြေကွက်အရောင်းအဝယ်စာချုပ်ဖြင့် ခွဲစိတ်ဝယ်ယူ ပိုင်ဆိုင်ခဲ့ပြီး ဦးအောင်နန် ၁/မကန(နိုင်)၁၉၇၃၆၉ အမည်ဖြင့် မြေငှားဂရန် ဦးပိုင်ခွဲ၊ အမည်ပြောင်း ရရှိရေးအတွက် ၂၈-၂-၂၀၂၂ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် (၁၆၅/၂၀၂၂)ကို ၃-၃-၂၀၂၂ ရက်စွဲပါ ကျမ်းကျိန်လွှာမှတ်ပုံတင်အမှတ် (၇၄/၂၀၂၂)အဖြစ် မှတ်ပုံတင်ပြုဆို တင်ပြလျက်လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန် ဦးပိုင်ခွဲ၊ အမည်ပြောင်း ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇၀)၊ အောင်ချမ်းသာ(၂)လမ်း၊ မြေကွက်အမှတ်(၆၄၃/က)၊ အကျယ်အဝန်း(၂၀ပေ × ၆၀ပေ)ရှိ ဦးတင်ကိုကို အမည်ပေါက်ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးသန့်ဇော်ဦး (၁၂/တမန(နိုင်)၁၉၇၄၅၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူကဝယ်ယူရန် အရောင်းအဝယ် ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်အေးမြမွန် (LL.B, LL.M)
အထက်တန်းရှေ့နေ( စဉ်-၃၄၆၇၉)
အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊သပြေကုန်းရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၉၅၆ ၈၃၃၇၈

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၉) မြေကွက်အမှတ်(၁၆၅၆)၊ အကျယ်အဝန်း(၄၀ပေ × ၆၀ပေ)ရှိ ဦးမြစိန်အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးနေမျိုးအောင်(၁၂/ပဇတ(နိုင်)၀၀၄၃၈၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူကဝယ်ယူရန် အရောင်းအဝယ် ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်အေးမြမွန် (LL.B, LL.M)
အထက်တန်းရှေ့နေ( စဉ်-၃၄၆၇၉)
အမှတ်(၆)၊ ၄လွှာ(ယာ)၊ ၁၂၃-လမ်း၊သပြေကုန်းရပ်ကွက်၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၉၅၆ ၈၃၃၇၈

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ကိုနိုင် ၈/တတက(နိုင်)၂၃၇၉၈၁ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၈၀၀၃၈၉၉

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်လှိုင်မင်းထွန်း ၈/မလန(နိုင်)၀၉၂၇၄၉ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၈၀၀၃၈၉၉

## ပတ်စ်ပို့ပျောက်

ကျွန်မ မနန်းရီ ၈/မဘန(နိုင်)၁၂၅၈၄၄ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၈၀၀၃၈၉၉

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်မင်းဇော် ၈/သရန(နိုင်)၀၈၈၇၄၆ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၈၀၀၃၈၉၉

## ပတ်စ်ပို့ ပျောက်

(ဘ) ဦးထွန်းအောင်၏ သမီး မသီသီဝင်း ၇/ ဖမန(နိုင်) ၁၃၉၈၁၁ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိအနောက်ရပ်၊ ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ၀၅၅ကေရှိ ဒေါ်ယဉ်မာဝင်း ၉/နထက(နိုင်) ၁၄၆၃၆၂ (ဘ)ဦးအောင်ဝင်း အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်အမှတ် (ပ-၃၂၂၈၃)ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၇၀၃/၂၀၁၅ (၁၆-၆-၂၀၁၅)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ဝင်းသီတာခိုင် ၅/မရန(နိုင်)၂၀၅၄၄၂ (ဘ)ဦးအောင်သာညွန့်မှ ဒေါ်ဝင်းစိန် ၁၁/မရန(နိုင်)၀၂၁၅၀၁နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၃၅၁)၊ မြေတိုင်းရပ်ကွက် အမှတ် (၅၄)၊ စိန်ပန်းလမ်း၊ မြေကွက်အမှတ် (၁၃၅၁)၊ အကျယ်အဝန်း ပေ (၄၀x၆၀)ရှိ ဦးမြင့်ဝေ ၁၂/မဂဒ(နိုင်)၀၀၆၇၅၆ အမည်ပေါက် ပါမစ်မြေကွက်အနက်မှ ဇီဇဝါလမ်းနှင့် ကပ်လျက်ရှိသော ပါမစ်မူရင်းခြမ်း အကျယ်အဝန်းပေ (၂၀x၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်အေးအေးပြုံး ၁၂/ဒဂတ(နိုင်)၀၂၅၇၇၆ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ကျော်လှိုင် (LL.B)
အထက်တန်းရှေ့နေ (စဉ်-၄၃၆၈၈)
ဖုန်း-၀၉-၄၂၁၇၄၆၉၇၄

## အများသိစေရန် ကြေညာခြင်း

ဒေါ်လေစူး (ခ) ဒေါ်နိုင်နိုင်မွန် ၁၂/လမတ(နိုင်)၀၂၃၂၅၀၊ ၎င်း၏ GP ရသူ ဦးကျော်ဝင်း ၆/ထဝန(ဧည့်)၀၀၀၀၁၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်သည်မှာ-

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ရှမ္မလည်ဆွဲရပ်ကွက်၊ မြေစာရင်းပုံစံ (၁၀၅)တွင် ကျောက်မော်ရပ်ကွက်၊ ကွင်းအမှတ်( ၃၉)၊ ဦးပိုင်အမှတ်(၅-ဠ) နှင့် (၈-ဆ) စုစုပေါင်း ၀ဒသမ ၁၈၇ ဧက မြေအမျိုးအစား (G-3)အား တရားဝင်ပိုင်ဆိုင်သူ ဦးဇော်ဝင်းဟန် ၁၄/ငပတ(နိုင်)၁၄၀၉၈၄ ၊ ဒေါ်ဇော်ခင်လှိုင် ၁၃/ကမန(နိုင်)၀၈၃၁၈၈ တို့ထံမှ ကျွန်တော်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သည့် စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤအကြောင်းကြားစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့လည်းကောင်း ကျွန်ုပ်၏မိတ်ဆွေထံသို့လည်းကောင်း လာရောက်ကန့်ကွက်နိုင်ပြီး အကယ်၍သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်မောင်လတ်(တရားလွှတ်တော်ရှေ့နေ )(စဉ်-၁၄၄၈၃)
သောကြာပြင်ရွာ၊ လောင်းလုံးမြို့နယ်၊
ဖုန်း-၀၉-၄၂၂၂၁၀၀၁၂

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက် အမှတ် ၆/မြို့မရပ်၊ ဇဝနဒီပ ရပ်ကွက်မှ မြေဧရိယာ ၀ဒသမ ၁၁၀ကေရှိ ဦးဇော်ဝင်း ၇/သဝတ(နိုင်)၀၁၂၅၆၉ (ဘ) ဦးမောင်ရှိန် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၂၄၁၆၇)ကို နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၁၇၃/၂၀၁၇(၁၀-၁၀-၂၀၁၇)ဖြင့် မြေကွက် အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးဝင်းစိန် ၁၁/မဥန(နိုင်)၀၂၁၅၀၁ (ဘ)ဦးမောင်ချမ်းမှ ဒေါ်ဝင်းသီတာခိုင် ၅/မရန(နိုင်)၂၀၅၄၄၂ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော် မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာ လိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၆၀ ဆူ | ၁၇၁ ဆူ | ၅၈၉ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | ၇၀၀၀ သိန်း | ၁၇၃၀. ၂၀ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) | ၄၃၂၀. ၀၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၂၃ ခန်း | ၄၃၂ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၂၆ တိုင် | ၂၄ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၇၉ တိုင် | ၁၀၁ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၇၄ ခု | ၅၇၈ ခု |
| ၁၁။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၁၉ ကျင်း | ၂၁၀၀. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၄ ကျင်း | ၂၀၄. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၂ ကျင်း | ၅၈၉၈. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၇၃ ကျင်း | ၁၆၆၃. ၀၈ ကျင်း |
| ၁၅။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | - |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၆။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၀၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆

**တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ**
**အင်ဂျင်နီယာသင်တန်းသားများ**
**အလိုရှိသည်**

၁။ လျှောက်ထားသူသည်-
(က) **၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။
(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။
(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက်မကျော်ရ။
(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။
(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၁၈-၄-၂၀၂၂** ရက်နေ့မှ စတင်၍ **၁၉-၆-၂၀၂၂** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-
(က) **အင်္ဂလိပ်စာ** ။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။
(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့မှ ၂၄ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **ဇွန်လ ၂၈ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်** ဖြစ်သည်၊

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-
(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။
(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည်အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။
(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက်တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။
(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

## မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များတွင် အသုံးပြုရန် လိုအပ်သော Dump Truck(၂ ကျင်း)(၆)စီး၊ Dump Truck (၆ ကျင်း)(၁)စီး၊ Three Wheel Roller(8 Ton)(၁)စီး၊ Three Wheel Roller (13 Ton)(၁)စီး၊ ရေပုပ်စုပ်ယာဉ်(၁)စီး၊ ရေသယ်ယာဉ်(၂)စီး၊ Backhoe (5 Ton)(၁ စီး)၊ ကတ္တရာဖျန်းစက်(ထော်လာဂျီ)(၁)စီး တို့အား ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၂၆-၄-၂၀၂၂ ရက်

(ခ) **တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၁-၅-၂၀၂၂ ရက်

(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံး၊ ပြည်တော်သာလမ်း၊ မကွေးမြို့

၃။ တင်ဒါဖွင့်ဖောက်မည့်ရက်ကို ဆက်လက်အကြောင်းကြားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ရုံး ဖုန်း-၀၆၃-၂၀၂၆၂၅၃၊ ၀၆၃-၂၀၂၆၃၉၈၊ ၀၆၃-၂၃၁၆၄ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များတွင် အသုံးပြုရန် လိုအပ်သော (၈၀/၁၀၀)ကတ္တရာနှင့် ဘိလပ်မြေများအား ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၂၆-၄-၂၀၂၂ ရက်

(ခ) **တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက်** - ၁၁-၅-၂၀၂၂ ရက်

(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံး၊ ပြည်တော်သာလမ်း၊ မကွေးမြို့

၃။ တင်ဒါဖွင့်ဖောက်မည့်ရက်ကို ဆက်လက်အကြောင်းကြားမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ရုံး ဖုန်း-၀၆၃-၂၀၂၆၂၅၃၊ ၀၆၃-၂၀၂၆၃၉၈၊ ၀၆၃-၂၃၁၆၄ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၄၁၅-မ/၇)၊ ယခင် ဦးပိုင်အမှတ်(၆၇)၊ ယခုဦးပိုင်အမှတ်(၁၆၂)အတွင်းမှ (၂၅x၄၀)ပေအကျယ်အဝန်းရှိမြေကွက်နှင့် မြေပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လက်ဝယ်ရှိသူဟု အဆိုပြုသူ ဦးကစ္စနား (ဘ) ဦးကျကူပါသီး ၉/မမန(နိုင်)၀၉၁၃၇၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချထားပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်အပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၅)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးကျော်စွာဝင်း(စဉ်-၈၈၄၇/၂၀၁၃)**
**တရားလွှတ်တော်ရှေ့နေ**
**၇၈လမ်း၊ ၈၈x၉လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၂၀၃၇၀၉၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 41W/32306, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးသန့် ၉/ခမစ(နိုင်)၀၃၉၀၀၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၈ဃ/၈၂၈၃၀၊ Wuyang Honda-125 ယာဉ်လက်ဝယ်ရှိသူ ဦးပိုင်ဖြိုးဇော် ၈/မသန(နိုင်)၀၉၁၀၉၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး(မကွေး)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8E/3533 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပြည်)၊ ပြည်မြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ၊ နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဒက္ခိဏသီရိမြို့နယ်အတွင်းဆောင်ရွက်မည့် ကျပ်သန်း (၁၀၀) အထက်လုပ်ငန်းများဖြစ်သည့် လမ်းလုပ်ငန်း(၂)ခု၊ အခြားလုပ်ငန်း(၁)ခု၊ စုစုပေါင်း လုပ်ငန်း(၃)ခုတို့အား တင်ဒါခေါ်ယူဆောင်ရွက်မည်ဖြစ်သည့်အတွက် တင်ဒါပေးသွင်းနိုင်ကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်/အချိန်** - ၂၂-၄-၂၀၂၂ ရက်မှ ၂၁-၅-၂၀၂၂ ရက်အထိ ရုံးချိန်အတွင်း၊ ၀၉:၃၀နာရီမှ ၁၆: ၃၀နာရီထိ (ရုံးပိတ်ရက်များမပါ)

(ခ) **တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၃-၅-၂၀၂၂ ရက် ၊ ၁၆:၀၀ နာရီတိတိ

(ဂ) **တင်ဒါဖွင့်ဖောက်စစ်ဆေးမည့်ရက်** - ၂၇-၅-၂၀၂၂ ရက်

(ဃ) **ဆက်သွယ်ရန်ဖုန်း** - ၀၆၇-၄၁၉၁၂၈

၂။ အသေးစိတ်အချက်အလက်များကိုရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြို့နယ်တင်ဒါကော်မတီ၊ ဒက္ခိဏသီရိမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဥတ္တရခရိုင်၊ ပုဗ္ဗသီရိမြို့၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ်(M-၁၂၈)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ ဒေါ်နန်းစောမြနန္ဒာဝေ အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ထားထားဦး ၁၂/ခရန(နိုင်)၀၉၆၅၅၉ မှ မြေငှားစာချုပ်၊ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၀၀၂/၂၀၂၂၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်နန်းဟွမ် ၁၃/ကတန(နိုင်)၁၆၂၃၇၈ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၁/သပြေကုန်း၊ မြေကွက်အမှတ်(S-၁၉၈)၊ ဧရိယာ ၀ ဒသမ ၂၂၉ ဧကရှိ ဦးသိန်းအောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၅၉၆/၂၀၂၁ ဖြင့် ကိုယ်စားလှယ်ရရှိထားသူ ဒေါ်မာမာမြင့် (ဘ) ဦးထွန်းကြိုင် ၁၂/ရကန(နိုင်)၀၂၉၉၁၈ မှ ဦးဇော်မိုးဝင်း (ဘ) ဦးစိုးဝင်း ၁၃/ပတယ(နိုင်)၀၄၄၁၀၉၊ ဒေါ်တင်ကေကေစိုး (ဘ) ဦးစိုးဝင်း ၁၃/ပတယ(နိုင်)၀၄၄၁၂၀ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဇဝနဒီပရပ်ကွက်၊ ရွှေလီ(၁၀)လမ်း၊ မြေကွက်အမှတ်(ပ-၂၀၅၉၅)၊ ဧရိယာ ၀ ဒသမ ၁၁၀ဧကရှိမြေကွက်သည် ဒေါ်ခင်ဆွေထက်အမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့/မြေဌာနတွင် မြေငှားဂရန်(နှစ်၃၀)ဖြင့် အမည်ပေါက်ထားပြီး ယင်းမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အဆင့်ဆင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ကြူကြူသင်း ၇/ပမန(နိုင်)၁၃၆၅၇၇ ထံတွင် အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်မာလာသိန်း ၅/ပလန(နိုင်)၀၅၆၃၃၀က စရန်ငွေ အဖြစ်ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါအိမ်ဝိုင်းခြံမြေ၏ အကျိုးခံစားခွင့် အရပ်ရပ်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း မူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဇေယျ(စဉ်-၅၄၁၉၀)**
**အထက်တန်းရှေ့နေ**
**အခန်း ၃၅၊ ရွာတော်မင်္ဂလာဈေးဝင်း၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း-၀၉-၇၇၈၄၄၇၇၅၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မင်္ဂလာဒီပရပ်ကွက်၊ ချယ်ရီ(၇)လမ်း၊ မြေကွက်အမှတ်(ပ-၂၃၈၃၀)၊ ဧရိယာ ၀ ဒသမ ၁၁၀ဧကရှိမြေကွက်သည် ဒေါ်တင်ဇာခိုင် အမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ၊ မြို့/မြေဌာနတွင် မြေငှားဂရန်(နှစ်၃၀)ဖြင့်အမည်ပေါက်ထားပြီး ယင်းမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အထူးကိုယ်စားလှယ်လွှဲစာလက်ခံရရှိထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဆွေဆွေ ၁၂/မဘန(နိုင်)၁၀၄၇၁၇ ထံတွင် အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုကျွန်ုပ်၏မိတ်ဆွေက စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါအိမ်ဝိုင်းခြံမြေ၏အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဇေယျ(စဉ်-၅၄၁၉၀)**
**အထက်တန်းရှေ့နေ**
**အခန်း ၃၅၊ ရွာတော်မင်္ဂလာဈေးဝင်း၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း-၀၉-၇၇၈၄၄၇၇၅၄**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၁၉၀)၊ ဦးပိုင်(၆၀)၊ မြတ်လေးဆောင်အခန်း(၁၇)၊ မြေညီထပ်(D-1/5) တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးကိုမင်း ၉/မနမ(နိုင်)၀၉၁၉၉၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြမြဆွေ ၈/နမန(နိုင်)၀၀၀၁၆၁ က အပြီးအပိုင် ဝယ်ယူပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့် ကုန်ရုံဌာနတွင် ဒေါ်မြမြဆွေအမည်ဖြင့် တိုက်ခန်းအမည်ပြောင်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက တိုက်ခန်းအမည်ပြောင်းခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နီလာဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၅၂/၂၀၁၄)**
**အကွက်(၃၄)၊ ဥပုသ်တော်ရပ်ကွက်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၂၅၆၀၃၄၁၅၈**

## ကယားပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၏ တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန၊ ပြည်နယ်ရန်ပုံငွေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း အောက်ပါ ကန်ပြင်ဆင်ရေးလုပ်ငန်းများအား ဆောင်ရွက်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) မျိုးပြာငါးမွေးမြူရေးကန် ကန်အမှတ် (၁) (ပေ၁၀၇x၆၇) ကန်ဘောင်ကျောက်စီခြင်း

(ခ) မျိုးပြာငါးမွေးမြူရေးကန် ကန်အမှတ် (၂) (ပေ ၁၂၉x၆၇) ကန်ဘောင်ကျောက်စီခြင်း

၂။ တင်ဒါတင်သွင်းလိုသည့် ကုမ္ပဏီများသည် ဦးစီးဌာနက သတ်မှတ်ထားသော လုပ်ငန်းစံနှုန်း၊ ဒီဇိုင်းပုံစံများနှင့်အညီ အသေးစိတ်ရေးဆွဲတွက်ချက်တင်ပြရန်နှင့် တင်ဒါလျှောက်လွှာဝယ်ယူရာတွင် ကုမ္ပဏီ၏မှတ်ပုံတင်နှင့် သင်းဖွဲ့စည်းမျဉ်းမူရင်းပြသ စစ်ဆေးခံရမည်ဖြစ်ပါသည်။

၃။ **တင်ဒါရောင်းချမည့်ရက်** - ၂၅-၄-၂၀၂၂ရက်မှ ၁၂-၅-၂၀၂၂ရက်ထိ ၉:၃၀ နာရီမှ ၁၆:၃၀ နာရီအတွင်း

၄။ **တင်ဒါတင်သွင်းရမည့်ရက်နှင့်အချိန်** - ၁၆-၅-၂၀၂၂ရက် ၉:၃၀ နာရီမှ ၁၆:၃၀နာရီအတွင်း

၅။ **တင်ဒါလျှောက်လွှာဝယ်ယူ/တင်သွင်းရမည့်နေရာ** - ကယားပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ဧ (၅၀၀) လွိုင်ကော်မြို့

အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သော တင်ဒါပုံစံ၊ စည်းကမ်းချက်အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အောက်ပါလိပ်စာတွင် စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ကယားပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန**
**ဖုန်း-၀၈၃-၂၂၄၁၃၅၊ ၀၈၃-၂၂၄၂၅၃**

## ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်အေးမင်းဇော် ၈/မလန(နိုင်)၀၈၆၆၇၅၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၈၀၀၃၈၉၉

## ပတ်စ်ပို့ပျောက်

